# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်　　၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၂ ရက်၊ စနေနေ့　　အတွဲ (၆၁)၊ အမှတ် (၀၀၂)


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။　　ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်မှ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောက်စဖို့ဒ် ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ပန်းတင်ကျေးရွာအုပ်စု ဘုရားဖြူရပ်ကွက်ရှိ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ် (Shan State Buddhish University) သို့သွားရောက်၍ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောက်စဖို့ဒ် ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်ကို ဦးဆောင်တည်ထောင်သူ အောက်စဖို့ဒ်တက္ကသိုလ်၏ Fellow နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ ပါမောက္ခဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဓမ္မသာမိအား ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် ဆရာတော်၏ ကျန်းမာရေးဆိုင်ရာများကို မေးမြန်းလျှောက်ထားပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားပူဇော်မည့် ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော် "မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး"ကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊

*စာမျက်နှာ ၃ ကော်လံ ၁* ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်ကိုဦးဆောင်တည်ထောင်သူ အောက်စဖို့ဒ်တက္ကသိုလ်၏ Fellow နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ ပါမောက္ခဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဓမ္မသာမိအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။


**ယနေ့ ဖတ်စရာ**

သိပ္ပံစာပေဖန်တီးရှင် သို့မဟုတ် ဆေးလိပ်ဆန့်ကျင်ရေးသမား ဆရာကြီး သိပ္ပံမှူးတင်　ဆောင်းပါး　စာ - ၁၀

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှု လျော့ကျလာသည့်အတွက် အရေးပေါ်အခြေအနေကြေညာထားမှုကို ရုပ်သိမ်း　နိုင်ငံတကာသတင်း　စာ - ၁၄

ပါလီမန်လွှတ်တော်ကိုယ်စားလှယ်များသည် ဘွဲ့ဒီဂရီတစ်ခု မဖြစ်မနေရရှိသင့်ပါသလား　ဆောင်းပါး　စာ - ၂၀

# အကြမ်းဖက်သမားတို့၏ အသုံးချခံ

ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစကာ ဖြစ်ပေါ်လာခဲ့သည့် ဆန္ဒပြပွဲများ၊ ရုန်းရင်းဆန်ခတ် အဓိကရုဏ်းများ စသည်တို့တွင် အရွယ်မရောက်သေးသူ ကလေးငယ်များ ပါဝင်ခဲ့ကြသည်ကို လူမှုကွန်ရက်များတွင် မကြာခဏ တွေ့ခဲ့ရသည်။ နိုင်ငံရေးအပါအဝင် လူ့လောက လူ့အရေးတို့ကို သိနားလည်မှုမရှိသေးသည့် ကလေးများကို နိုင်ငံရေး အသွေးအရောင်ခြယ်၍ အသုံးချအမြတ်ထုတ်ခဲ့ကြရာတွင် နောက်မှမြောက်ပင့်ပေးသူများ၊ သွေးထိုးလှုံ့ဆော်သူများနှင့်တကွ ကလေးသူငယ်တို့၏ မိဘအုပ်ထိန်းသူများမှာလည်း တာဝန်ရှိသည်။ ကလေးသူငယ် ဥမမည် စာမမြောက် ကလေးများကို စီတန်းလှည့်လည်စေခြင်း၊ အော်ဟစ်ကြွေးကြော်စေခြင်းတို့မှအစပြုကာ အဓိကရုဏ်းများ အရှိန်မြင့်တက်လာချိန်တွင် အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများအထိ အသက်မပြည့်သေးသည့် ကလေးများကို ပါဝင်စေခဲ့ကြသည်။

စက်တင်ဘာ ၂၀ ရက်က ဖမ်းဆီးရမိခဲ့သည့် အကြမ်းဖက်အုပ်စုတစ်စုတွင် အသက်ငယ်ရွယ်သူများဖြစ်သည့် အသက် ၁၆ နှစ်၊ ၁၇ နှစ်အရွယ်များ ပါဝင်ခဲ့ပြီး အသက်အငယ်ဆုံးအဖြစ် အသက် ၁၄ နှစ်အရွယ် မိန်းကလေးတစ်ဦးလည်း ပါဝင်သည်။ သို့ရာတွင် သူတို့ကျူးလွန်ခဲ့သည့် ပြစ်မှုတို့က အသက်အရွယ်နှင့် မမျှအောင် ကြီးလေးလွန်းလှသည်။ အကယ်၍သာ နောက်ကွယ်မှ ဆရာကြီးတို့၏ အမှောင့်ပယောဂတို့ မကပ်ငြိခဲ့ပါလျှင် ၎င်းအရွယ်တို့မှာ အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းတို့တွင် ပညာသင်ကြားနေကြရမည့်အရွယ်များ၊ ၎င်းတို့၏ အနာဂတ်၊ နိုင်ငံ တော်အနာဂတ်အတွက် ကြိုးပမ်းပြင်ဆင်နေကြရမည့် အရွယ်များ ဖြစ်သည်။ ယခုမူ နိုင်ငံခြားတွင် ဘေးကင်းရန်ကင်း နေထိုင်သူများက နုနယ်သည့် ကလေးငယ်တို့၏ ဦးနှောက်နှင့် နှလုံးသားတို့တွင် ဝါဒမှိုင်းများ ကျပ်ခိုးစွဲစေကာ ကလေးငယ်တို့၏ လက်များကိုလည်း သွေးစွန်းစေခဲ့သည်။ F.F.F (Freedom Fighter Force) အမည်ဖြင့် အကြမ်းဖက်အဖွဲ့ ဖွဲ့စည်းကာ ဖောက်ခွဲမှုနှင့် လူသတ်မှု အနည်းဆုံး သုံးမှုကို ကျူးလွန်စေခဲ့သည်။ ၎င်းတို့ကို စည်းရုံးစဉ်က ဆေးသင်တန်းတက်ရမည်ဟု စည်းရုံးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ လှိုင်တက္ကသိုလ်၊ အုန်းတောဆောင်အနီးတွင် ၎င်းတို့အဖွဲ့အား သင်တန်းပေးသည့်အခါ အကြမ်းဖက်နှင့် ဖောက်ခွဲရေးသင်တန်းပေးခဲ့ခြင်း ဖြစ်သည်။

အကြမ်းဖက်သင်တန်းဆင်းထားသည့် အသက်မပြည့်သေးသူများ၊ မူးယစ်ဆေးဝါး၊ လူသတ်လက်နက်များနှင့် နောက်ကွယ်မှ ထောက်ပံ့သူ၊ ညွှန်ကြားသူတို့၏ စေခိုင်းမှုများ ပေါင်းစပ်လိုက်သည့်အခါ အကြမ်းဖက်အဖွဲ့ဝင်ကလေးများမှာ ဤလူကို သတ်ဟု ဆိုလျှင် သတ်လိုက်ကြသည်။ သည့်ထက်ပို၍ ဘာမှမသိ။ ဤတွင် မိဘများ၏ အခန်းကဏ္ဍမှာ အဓိကျသည်။ မိမိတို့၏ သားသမီးများ ဤသို့သောအခြေအနေသို့ ရောက်ရှိသွားရခြင်းတွင် မိဘများတွင် တာဝန်ရှိနေသည်။ အကြမ်းဖက်သမားတို့က မည်သို့ပင် သွေးထိုးမြှောက်ပင့်စည်းရုံးကြစေကာမူ မိဘတို့က မိမိတို့၏ သားသမီးတို့ကို ဘေးအန္တရာယ်မကျရောက်အောင် ကာကွယ်ထိန်းသိမ်းကြမည်ဆိုပါက ယခုကဲ့သို့ အခြေအနေမျိုး ကျရောက်သွားမည်မဟုတ်။ အကြမ်းဖက်သမားတို့၏ အသုံးချခံအဖြစ်နှင့် မိုင်းထောင်၊ လူသတ်အကြမ်းဖက်ဘဝသို့ ကျရောက်သွားနိုင်မည်မဟုတ်ပေ။ အွန်လိုင်းပေါ်မှ မြှောက်ပေးခဲ့ကြသူများ၊ နောက်ကွယ်မှ ထောက်ပံ့စေခိုင်းခဲ့ကြသူများမှာ ကလေးသူငယ်များ၏ အကြမ်းဖက်မှုများ ပေါ်ပေါက်ဖမ်းဆီးခံရချိန်တွင်မူ မသိချင်ယောင်ဆောင်နေကြမည်သာဖြစ်သည်။

ကလေးများဆိုသည်မှာ ရုပ်ပိုင်းအရရော စိတ်ပိုင်းအရပါ ဖွံ့ဖြိုးနေဆဲ၊ တည်ဆောက်နေဆဲ၊ မပြည့်စုံသေးသည့်အရွယ်ဖြစ်သည်။ မိမိဘာသာ ရပ်တည်နိုင်ခြင်းမရှိသေးသည့်အလျောက် မိဘနှင့် အုပ်ထိန်းသူများ၏ စောင့်ရှောက်မှုအောက်တွင် ရှင်သန်ကြီးပြင်းကြရသည်။ အားနည်းချက်များစွာရှိနေသည့်အတွက် ကလေးသူငယ်များ၏အခွင့်အရေးကိုဥပဒေပြဋ္ဌာန်းကာ စောင့်ရှောက်ပေးနေရပြီး ကလေးများအပေါ် နည်းမျိုးစုံဖြင့် အမြတ်ထုတ်မှုမရှိစေရန် ကာကွယ်ပေးနေရသည်။ ကလေးများကို ကျိုးကြောင်းပြနည်းပေးလမ်းညွှန်ဆုံးမရန် မိဘ၊ အုပ်ထိန်းသူနှင့် ဆရာ ဆရာမများတွင် တာဝန်ရှိကြောင်း ဥပဒေတွင်ပါရှိသည်။ လက်နက်ကိုင်ပဋိပက္ခများတွင်ပင် ကလေးသူငယ်များကို စုဆောင်းခြင်းနှင့် အသုံးပြုခြင်းတို့က ပြစ်မှုကျူးလွန်ရာရောက်သည်။ ယခုကဲ့သို့ အကြမ်းဖက်ဖောက်ခွဲ၊ လူသတ်ရန်ခိုင်းစေခြင်းသည်ကား ကလေးတို့အပေါ် အစွမ်းကုန်ရက်စက်မှုကို ကျူးလွန်ခြင်းသာဖြစ်သည်ဟု ရှုမြင်ပါကြောင်း။ ။

# သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် စက်သုံးဆီဖြန့်ဖြူးရောင်းချပေးထား သတ်မှတ်အရောင်းဆိုင်များတွင် ဝယ်ယူမရရှိပါက ဆက်သွယ်တိုင်ကြားနိုင်

**နေပြည်တော် အောက်တိုဘာ ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန်ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စက်သုံးဆီများကို စက်တင်ဘာ ၂၂ ရက်မှစတင်၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် ၂၁၃ ဆိုင်တွင် Ron92 လီတာ ၆၁၄၀၇၄၀၊ ဒီဇယ် ၆၂၄၁၃၂၃ လီတာနှင့် Premium ဒီဇယ် ၅၇၉၃၅၅၆ လီတာတို့ ဖြန့်ဖြူးရောင်းချပေးထားပြီးဖြစ်သည်။

တိုင်းဒေသကြီး / ပြည်နယ်များတွင် သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးနေသည့် စက်သုံးဆီဆိုင် လိပ်စာများကို ကြေညာခဲ့ပြီးဖြစ်သည်။

ပြည်သူများအနေဖြင့် စက်သုံးဆီများကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီ အရောင်းဆိုင်များတွင် အောက်ဖော်ပြပါ ဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့်ကုန်စည် စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း ၀၉-၄၂၁၀၀၆၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**တိုင်းဒေသကြီး/ပြည်နယ်များတွင် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များ၏ ဈေးနှုန်းစာရင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | တစ်လီတာဈေးနှုန်း | | | ရောင်းချသည့် ဆိုင်အရေအတွက် | စတင်ရောင်းချသည့်နေ့ |
|---|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | | |
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ၇၈ | ၂၅.၉.၂၀၂၁ |
| ၂ | မန္တလေးတိုင်းဒေသကြီး | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ၆၅ | ၂၅.၉.၂၀၂၁ |
| ၃ | နေပြည်တော် | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | ၉ | ၂၅.၉.၂၀၂၁ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး | ၁၁၇၇ | ၁၁၅၇ | ၁၁၆၄ | ၂ | ၂၆.၉.၂၀၂၁ |
| ၅ | ရှမ်းပြည်နယ် | ၁၁၇၂ | ၁၁၅၇ | ၁၁၆၄ | ၁၆ | ၂၆.၉.၂၀၂၁ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁၇၂ | ၁၁၅၂ | ၁၁၅၉ | ၄ | ၂၆.၉.၂၀၂၁ |
| ၇ | ရခိုင်ပြည်နယ် | ၁၁၈၂ | ၁၁၇၂ | ၁၁၇၉ | ၄ | ၂၆.၉.၂၀၂၁ |
| ၈ | မွန်ပြည်နယ် | ၁၁၇၂ | ၁၁၆၂ | ၁၁၆၉ | ၅ | ၂၆.၉.၂၀၂၁ |
| ၉ | မကွေးတိုင်းဒေသကြီး | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | ၆ | ၂၆.၉.၂၀၂၁ |
| ၁၀ | ပဲခူးတိုင်းဒေသကြီး | ၁၁၅၂ | ၁၁၄၇ | ၁၁၅၄ | ၁၂ | ၂၆.၉.၂၀၂၁ |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၁၁၃၇ | ၁၁၃၂ | ၁၁၃၉ | ၈ | ၂၆.၉.၂၀၂၁ |
| ၁၂ | ကချင်ပြည်နယ် | ၁၂၁၇ | ၁၁၉၇ | ၁၂၀၄ | ၃ | ၂၈.၉.၂၀၂၁ |
| ၁၃ | ကယားပြည်နယ် | ၁၁၈၇ | ၁၁၈၂ | ၁၁၈၉ | ၁ | ၂၈.၉.၂၀၂၁ |
| | | စုစုပေါင်း | | | ၂၁၃ | |

# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁**

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

### လက်ခံထားရှိ

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၂၆ ဦးနှင့် အမျိုးသမီး ၂၂ ဦး စုစုပေါင်း ၄၈ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၄၆ ဦးနှင့် အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၅၂ ဦးကိုလည်းကောင်း လက်ခံထားရှိကြောင်း သိရှိရသည်။

### ကူညီဆောင်ရွက်ပေး

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ် - ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁-၁၀-၂၀၂၁)ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 2 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 3 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 4 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 5 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 6 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 7 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 8 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 9 | PO – Azithromycin 500 mg | 5x3's | 4000 | Ramma-waddy |
| 10 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ကောင်းမွန်သည့် ဒီမိုကရေစီအလေ့အထကို ရစေချင်

**အကြမ်းဖက်မှုများ၊ မီးရှို့ဖျက်ဆီးခြင်းများ၊ သတ်ဖြတ်ခြင်းများ၊ မိုင်းခွဲတိုက်ခိုက်ခြင်းများသည် ဒီမိုကရေစီစနစ်၏ ဆန့်ကျင်ဘက်ပင် ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုသည် ဒီမိုကရေစီကိုကျင့်သုံးလျက်ရှိပြီး ၎င်းတို့ထံမှ သင်ခန်းစာယူ၍ ဆောင်ရွက်ကြရမည်ဖြစ် ကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေ၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်းကိုလိုလားကြောင်း၊ ကောင်းမွန်သည့် ဒီမိုကရေစီအလေ့အထ ကို ရစေချင်ကြောင်း၊ လူအများစု၏ ဆန္ဒဆိုပြီး ဥပဒေနှင့်ဆန့်ကျင်ကာ ဆောင်ရွက်၍မရကြောင်း၊ မိမိတို့နှင့် မိမိတို့မွေးထုတ်လိုက် သည့် မျိုးဆက်များတွင် မကောင်းသောအကျင့်မပါသွားရန်လိုကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

❂ ရှေ့ဖုံးမှ

**တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရပ်ပွားတော်မြတ်ကြီးအား ပြည်တွင်းပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှု ဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်** စသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ သည့် အခြေအနေများနှင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေး၊ ကမ္ဘာ့နိုင်ငံများမှ လွယ်ကူစွာ လေ့လာနိုင်ရေး ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ လျှောက်ထားတင်ပြရာ ဆရာတော်က လိုအပ်သည်များ ပြန်လည် လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များသည် အောက်စဖိုဒ့်ဆရာတော် အမှူးပြုသည့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဆရာတော်က ဓမ္မလက်ဆောင်များ ပြန်လည် ချီးမြှင့်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်၏ ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓတက္ကသိုလ်ရှိ ပိဋကတ်စာကြည့်တိုက်ရှေ့တွင် ထိုင်ဝမ် ဗာဒံပင်အား အမှတ်တရစုပေါင်းစိုက်ပျိုးပေးရာ သံဃာတော်များက မေတ္တာပို့ တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ပေးကြသည်။ ထို့နောက် စာကြည့်တိုက်အတွင်း ခင်းကျင်းပြသထားသည့် အင်္ဂလိပ်ဘာသာ၊ ကိုရီးယားဘာသာ၊ သီရိလင်္ကာဘာသာ အပါအဝင် ဘာသာစာပေ ၁၂ မျိုးဖြင့် ပြန်ဆိုထားရှိသည့် ပိဋကတ်သုံးပုံ တရားတော်စာအုပ်စာပေများ၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာများဖြင့် ထုတ်ဝေထားသည့် ဗုဒ္ဓစာပေဆိုင်ရာ စာအုပ်စာတမ်းများ၊ စာကြည့်တိုက်အတွင်း ပြည်တွင်း၊ ပြည်ပမှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာလေးများ၏ စာပေလေ့လာနေမှုများ၊ စာကြည့်တိုက်ကို နိုင်ငံတကာအဆင့်မီနည်းပညာသုံး ပိဋကတ်စာကြည့်တိုက် ဖြစ်လာစေရန် သန္နိဋ္ဌာန်ထား၍ စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို လိုက်လံကြည့်ရှုလေ့လာကြရာ အောက်စဖိုဒ့်ဆရာတော်ကြီးနှင့် စာကြည့်တိုက်တာဝန်ခံ သံဃာတော်များက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဗုဒ္ဓတက္ကသိုလ်ရှိ ပိဋကတ်စာကြည့်တိုက်အတွင်း ခင်းကျင်းပြသထားသည့် ပိဋကတ်သုံးပုံ တရားတော်စာအုပ်စာပေများနှင့် ဗုဒ္ဓစာပေဆိုင်ရာ စာအုပ်စာတမ်းများကို ကြည့်ရှုလေ့လာစဉ်။

အဆိုပါ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ် (Shan State Buddish University)ကို ဦးဆောင်တည်ထောင်သူ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဓမ္မသာမိ ကို ၁၉၆၄ ခုနှစ်တွင် ရှမ်းပြည်နယ် လဲချားမြို့ နောင်ပန်ကျေးရွာတွင် မွေးဖွားခဲ့ပြီး သက်တော် ၆ နှစ်၌ လဲချားမြို့ သီရိမင်္ဂလာအုဋ္ဌ်ကျောင်းဆရာတော်ထံတွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ကြောင်း၊ သက်တော် ၁၉ နှစ်တွင် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ကာ မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဆိုင်ရာတက္ကသိုလ်များ၊ နိုင်ငံတကာ ဗုဒ္ဓဘာသာဆိုင်ရာ တက္ကသိုလ်များတွင် ထူးချွန်ဆုများအသီးသီးရရှိခဲ့ကာ ၂၀၀၄ ခုနှစ်တွင် Oriental Institute, University of Oxford မှ ပါရဂူဘွဲ့ကိုရရှိခဲ့ကြောင်း၊ ထို့နောက် ကမ္ဘာ့နိုင်ငံအသီးသီးသို့ အလျဉ်းသင့်သလို ကြွရောက်၍ နိုင်ငံတကာ တက္ကသိုလ်များ၊ ကောလိပ်များတွင် သာသနာပြုတာဝန်များကို ထမ်းဆောင်တော်မူခဲ့ကြောင်း၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ် (Shan State Buddish University)ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် တည်ထောင်ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း ဗုဒ္ဓဘာသာပညာရေးကဏ္ဍကို ကမ္ဘာ့တက္ကသိုလ်ကြီးများကဲ့သို့ ဗုဒ္ဓဘာသာအတွေးအခေါ်များ၊ တရားဓမ္မများကို နိုင်ငံတကာအဆင့်မီ သုတေသနပြု လေ့လာသင်ကြားပို့ချနိုင်သည့် တက္ကသိုလ်ကြီးအဖြစ် ဖြစ်ထွန်းလာစေရေး အားသွန်ခွန်စိုက် ကြိုးပမ်းတော်မူလျက်ရှိကြောင်းနှင့် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာ စာပေများကို အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာ၊ ရှမ်းဘာသာတို့ဖြင့် ရေးသားပြုစုထုတ်ဝေခြင်း၊ ဘာသာပြန်ဆိုခြင်းကိုလည်း လုပ်ဆောင်ကာ ဘာသာသာသနာတော်အကျိုးကို ကြိုးပမ်းအားထုတ် ဖော်ဆောင်တော်မူလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဗုဒ္ဓတက္ကသိုလ်ရှိ ပိဋကတ်စာကြည့်တိုက်ရှေ့တွင် ထိုင်ဝမ်ဗာဒံပင်အား အမှတ်တရစိုက်ပျိုးပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# ရှမ်းပြည်နယ်သည် မြေဆီသြဇာကောင်းသည့် မြေသယံဇာတများစွာရှိသည့် ရေခံမြေခံကောင်းသည့်ဒေသဖြစ် ဒေသကိုချစ်သည့်စိတ်ဖြင့် အားလုံးဆောင်ရွက်ကြမည်ဆိုပါက ကောင်းမွန်သည့်ဒေသတစ်ခုဖြစ်မည်

**နေပြည်တော် အောက်တိုဘာ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဦးရွှေကြိမ်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဦးစောထွန်းအောင်မြင့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်၊ ရှမ်းပြည် နယ်အစိုးရအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိ မြို့ဖများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းနှင့် အဖွဲ့ဝင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍများနှင့် ဒေသဆိုင်ရာအထွေထွေအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံခန့်ခွဲရေးဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးအာကာလင်းတို့က ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများအား ရှင်းလင်းတင်ပြကြပြီး တောင်ကြီးခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ထိန်းသိမ်းဆောင်ရွက်ကြရန်လို

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားရာတွင် ရှမ်းပြည်နယ်သည် ဆန်ဖူလုံမှုရှိသည့် ပြည်နယ်တစ်ခုဖြစ်ပြီး ပိုလျှံသည့်ဆန်များအား ပြည်ပသို့တင်ပို့နိုင်သည်အထိ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန်လိုကြောင်း၊ သီးနှံများ အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် သဘာဝမြေသြဇာများ ထည့်သွင်းအသုံးပြုနိုင်ရေးအတွက်လည်း ခေတ်မီနည်းပညာများဖြင့် အသုံးပြုဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ တောင်ကြီးမြို့ ရေလုံလောက်စွာရရှိရေးကို အထောက်အကူဖြစ်စေမည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်များစိုက်ပျိုးရန်လိုအပ်မှုနှင့် သစ်တောများ ပြုန်းတီးမှုမရှိစေရေးအတွက်လည်း ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့ပြစီမံကိန်းများဆောင်ရွက်ရာတွင် ပြည်သူများအတွက် အဓိကလိုအပ်သည့် သောက်သုံးရေလုံလောက်စွာရရှိနိုင်မှု၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာကဏ္ဍများကို အဓိကထား စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ ရှမ်းပြည်နယ်၏ အထင်ကရနေရာတစ်ခုဖြစ်ပြီး သဘာဝမှပေးအပ်ထားသည့် အဖိုးတန်အရင်းအမြစ်တစ်ခုဖြစ်သည့် အင်းလေးကန်၏ ရေသယံဇာတများ တိမ်ကောမှုမရှိစေရေးအတွက်လည်း ရေဝေရေလဲ ဒေသများအား ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရရှိရေးအတွက် Bio Gas အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက်လည်း နည်းလမ်း ရှာဖွေဆောင်ရွက်ရန်လိုကြောင်း ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဦးစောထွန်းအောင်မြင့်တို့က စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်ပင်သစ်တောများအား ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်မှုအခြေအနေများ၊ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် သင်တန်းများဖွင့်လှစ်ပေးမှုအခြေအနေများ၊ မြစိမ်းရောင်စီမံကိန်းဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှုနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းများအတွက် ထောက်ပံ့ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ကာကွယ်ဆေးများ ထိုးနှံဆောင်ရွက်ပေးနေမှုအခြေအနေများ၊ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားကစားကွင်းများနှင့် အားကစားရုံများ အဆင့်မြှင့်တင်ရေးဆောင်ရွက်ပေးနေမှုနှင့် ရပ်ကွက်ကျေးရွာများအလိုက် အားကစားသမားများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးမည့်အခြေအနေများ၊ တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုကဏ္ဍဖွံ့ဖြိုးရေးအတွက် မြှင့်တင်ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ပတ်သက်၍ အသီးသီးပြန်လည် ဆွေးနွေးခဲ့ကြသည်။

### မြေသယံဇာတများစွာရှိ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၆ သောင်းကျော်၊ လူဦးရေ ၅ ဒသမ ၅ သန်းရှိသဖြင့် မိမိတို့နိုင်ငံတွင် ဧရိယာအကျယ်ဆုံးဖြစ်ပြီး သင့်တင့်သည့် ရာသီဥတုရှိကြောင်း၊ မြေဆီသြဇာကောင်းသည့် မြေသယံဇာတများစွာရှိသည့် ရေခံမြေခံကောင်းသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ဒေသကိုချစ်သည့်စိတ်ဖြင့် အားလုံးဆောင်ရွက်ကြမည်ဆိုပါက ကောင်းမွန်သည့် ဒေသတစ်ခုဖြစ်မည်ဖြစ်ကြောင်း၊ ဒေသအတွင်း နေထိုင်သူအများစုသည် စိုက်ပျိုးရေး မွေးမြူရေး လုပ်ငန်း များကို ဆောင်ရွက်ကြသူများဖြစ်ကြောင်း၊ စပါး၊ ပြောင်း၊ နှမ်း၊ အာလူးနှင့် သီးနှံမျိုးစုံ စိုက်ပျိုးကြကြောင်း၊ ဆန်အထွက်နှုန်းများ ယခုထက်ပိုမို ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်နယ်၏ ဝင်ငွေများ ယခုထက် ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း။

### အကျိုးဖြစ်ထွန်းစေမည်

လူများအတွက် စားရေးဖူလုံရန်အရေးကြီးသဖြင့် စားရေးဖူလုံရေးအတွက် တိုက်တွန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စပါးအထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်နယ်အတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မိမိတို့ လူမျိုးသည် ဆန်ဗဟိုပြုစားသုံးကြပြီး လူတစ်ဦး၏တစ်နှစ်စာစပါး လိုအပ်ချက်သည် ပျမ်းမျှအားဖြင့် ၁၅ တင်းခန့်ဖြစ်သဖြင့် ဆန်စားသုံးမှုများကြောင်း၊ ဆန်စားသုံးခြင်းဖြင့် ပရိုတင်းကယ်လိုရီများရရှိစေကြောင်း၊ အခြားအာဟာရဖြစ်စေသည့် သီးနှံများနှင့် အသားငါးများကို မျှတစွာစားသုံးခြင်းဖြင့် ကျန်းမာရေးနှင့် ခန္ဓာကိုယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုကြောင်း၊ ရှမ်းပြည်နယ်သည် စိုက်ပျိုးရေးသာမက မွေးမြူရေးပါ ကောင်းမွန်သည့်ဒေသဖြစ်ကြောင်း၊ အေးသာယာရှိ မွေးမြူရေးဇုန်တွင် မွေးမြူရေးလုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်လျက်ရှိပြီး အောင်မြင်သည့် လုပ်ငန်းများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ နို့စားနွား၊ ကြက်၊ ဝက်များအား ခေတ်မီနည်းပညာများအသုံးပြု၍ ယခုထက်ပိုမို မွေးမြူကြစေလိုကြောင်း၊ အေးသာယာမွေးမြူရေးဇုန်တွင်သာမက အခြားမြို့နယ်များတွင်လည်း မွေးမြူရေးလုပ်ငန်းများအား စနစ်တကျဖြင့် ဆောင်ရွက်ကြစေလိုကြောင်း။

ရှမ်းပြည်နယ်တွင် စပါး၊ ပြောင်း၊ အာလူး၊ နေကြာ၊ ပန်းနှမ်း၊ ပဲပုပ်များကို စိုက်ပျိုးကြကြောင်း၊ အဆိုပါဆီထွက်သီးနှံများတွင် ပါဝင်သည့် စပါး၊ ပြောင်း၊ ပဲပုပ်၊ နေကြာ၊ ပန်းနှမ်း၊ မြေပဲ၊ နှမ်းတို့မှ ထွက်ရှိသည့် စကွဲ၊ ဖွဲ၊ ပဲဖတ်၊ နှမ်းဖတ်များသည် တိရစ္ဆာန်မွေးမြူရေးအတွက် အစားအစာများရရှိသဖြင့် ပြည်နယ်တွင်း တိရစ္ဆာန်အစားအစာများ လုံလောက်စွာထုတ်လုပ်နိုင်သောကြောင့် မွေးမြူရေးလုပ်ငန်းများအတွက် အကျိုးရှိအောင် ဆောင်ရွက်နိုင်ကြောင်း။

### ဝင်ငွေများကောင်းမွန်ရမည်

မိမိတို့အနေဖြင့် နိုင်ငံတည်ဆောက် ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံသာယာဝပြောရေး၊ စားရေရိက္ခာပေါများရေးကို အဓိကထား ဆောင်ရွက်နေကြောင်း၊ နိုင်ငံသာယာဝပြောရန်အတွက် အားလုံးတည်တည်ငြိမ်ငြိမ်ဖြင့် ပြည်သူများအားလုံး ပျော်ရွှင်စွာ အလုပ်လုပ်ကိုင်ဆောင်ရွက်နိုင်သည့်အနေအထားတွင်ရှိရမည်ဖြစ်ပြီး ပြည်သူများ၏ ဝင်ငွေများကောင်းမွန်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရတည်ငြိမ်မှု၊ လုံခြုံရေးအရ တည်ငြိမ်မှုများသည် လိုအပ်ကြောင်း၊ သို့မှသာ နိုင်ငံသာယာဝ ပြောလာမည်ဖြစ်ပြီး အားကစားများ၊ ပျော်ပွဲရွှင်ပွဲ များကို ကျင်းပပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိစေရေးအတွက် မြို့ပြနှင့်ကျေးလက်နေပြည်သူများသာမက တာဝန်ရှိသည့် အုပ်ချုပ်သူအဆင့်ဆင့်မှလည်း ဦးဆောင်ခြင်း၊ အားပေးခြင်းနှင့် ကူညီပေးခြင်းများ ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လုပ်ငန်းများ အောင်မြင်စေရေးအတွက် သုတေသနဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရန် အရေးကြီးကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်ရှိလုပ်ဆောင်နေသည့် မိရိုးဖလာအခြေအနေ

*စာမျက်နှာ ၅ သို့*






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းအား ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*

အပေါ်တွင် ရောင့်ရဲတင်းတိမ်မနေဘဲ တိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးတောင်သူများ၏လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အား ထုတ်ယူခြင်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အတွင်း ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် သံလွင်မြစ်နှင့် အခြားအရင်းအမြစ်များစွာရှိကြောင်း၊ အလားတူ ကျောက်မီးသွေးများထွက်ရှိသဖြင့် ကျောက်မီးသွေးအသုံးပြု၍ ခေတ်မီနည်းပညာများဖြင့် စနစ်တကျထုတ်လုပ်နိုင်ပါက ပတ်ဝန်းကျင်ထိခိုက်မှုကို နည်းပါးစေပြီး လျှပ်စစ်ဓာတ်အား ထုတ်ယူ၍ရကြောင်း၊ တောင်ပေါ်ဒေသဖြစ်သည့်အတွက်လည်း လေအားလျှပ်စစ်ဓာတ်အားများ ထုတ်ယူ၍ရကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေးအတွက် ရှိပြီးသားအရင်းအမြစ်များကို အသုံးချနိုင်ခြင်းဖြင့် ပြည်နယ်အတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုများအား များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

**ပညာသင်ကြားခြင်းဖြင့် လူသားအရင်းအမြစ်များ များစွာပေါ်ထွက်လာမည်ဖြစ်**

ရှမ်းပြည်နယ်အတွင်း ပညာသင်ကြားနိုင်သည့် တက္ကသိုလ်ဇုန် ၄ ဇုန်ရှိကြောင်း၊ တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားခြင်းဖြင့် လူသားအရင်းအမြစ်များ များစွာပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များတွင် စီးပွားရေးနှင့် ဥပဒေဆိုင်ရာ ပညာရပ်များ သင်ကြားနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်ပေးထားကြောင်း၊ အဆိုပါပညာရပ်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်ကြောင်း၊ တက္ကသိုလ်ပညာသင်ကြားရေးအတွက် အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ရှမ်းပြည်နယ်အတွင်း ၂၀၁၉ ခုနှစ်တွင် သူငယ်တန်းတက်ရောက်သူ ၁၁၂၁၄၅ ဦး ရှိကြောင်း၊ အဆိုပါတက်ရောက်သူများမှ ပထမတန်းတက်ရောက်သူ ၁၀၁၄၂၈ ဦးသာ ရှိတော့သဖြင့် ၈၄ ရာခိုင်နှုန်းသာရှိတော့ကြောင်း၊ ပဉ္စမတန်းတက်ရောက်ချိန်တွင် ၆၄၀၀၀ သာ ရှိတော့သည်ကို တွေ့ရှိရသဖြင့် ၅၂ ရာခိုင်နှုန်းသာ ပညာသင်ကြားတော့သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ ပညာသင်ကြားသူများ နဝမတန်းရောက်ရှိချိန်တွင် ၄၁၀၀၀ သာရှိပြီး ၃၄ ရာခိုင်နှုန်း၊ ဒသမတန်းတက်ရောက်သူ ၃၇၀၀၀ ရှိပြီး ၃၀ ရာခိုင်နှုန်းရှိပြီး ဒသမတန်း အောင်မြင်သူ ၉၆၀၀ သာ အောင်မြင်သဖြင့် ၇ ဒသမ ၉၃ ရာခိုင်နှုန်းသာရှိသဖြင့် ပညာရေးအားနည်းမှုရှိသည်ကို တွေ့ရှိရသဖြင့် ပညာရေးအားပေးရန် လိုအပ်ကြောင်း၊ ပညာရေးအားနည်းချက်များရှိသဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သည့် စီးပွားရေးလုပ်ငန်းများတွင် ဆောင်ရွက်မည့် အသိပညာရှင်များ ပြည့်စုံစွာလိုအပ်မှုအတွက် အခက်အခဲရှိနေသည်ကို သုံးသပ်တွေ့ရှိရကြောင်း။

ပညာရေးတွင် အခြေခံပညာနှင့် အဆင့်မြင့်ပညာဟူ၍ နှစ်မျိုးရှိကြောင်း၊ တက္ကသိုလ်များသည် တက်ရောက်သူများသည် မိမိကိုယ်တိုင် လေ့လာခြင်း၊ မိမိကိုယ်မိမိထိန်းသိမ်းခြင်းဖြင့် တက္ကသိုလ်ကျောင်းသားဘဝအား ဖြတ်သန်းကြရခြင်းဖြစ်ကြောင်း၊ ပညာသင်ကြားသည့် အဆင့်အလိုက် ကျောင်းသားများ၏ အတွေ့အကြုံများမှာ ကွဲပြားသွားကြကြောင်း၊ ရှမ်းပြည်နယ်အတွင်း လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် ပညာရည်မြင့်တင်ရေးအတွက် အားပေးဆောင်ရွက်ကြစေလိုကြောင်း။

**မဲစာရင်းမှားယွင်းမှုနှင့်ပတ်သက်၍ ဖြေရှင်းခဲ့မှုမရှိ**

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် တိုင်းရင်းသားများစုပေါင်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို သိရှိရန်လိုကြောင်း၊ ဒီမိုကရေစီစနစ်ဆိုသည်မှာ အများစု၏သဘောဆန္ဒဖြင့် ဥပဒေနှင့်အညီ အုပ်ချုပ်ဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း၊ ဥပဒေနှင့်အညီဆောင်ရွက်မည်ဆိုပါက အားလုံးလိုက်နာကြရမည်ဖြစ်သော်လည်း “လူညီလျှင် ဤကို ကျွဲဖတ်သည်” ဆိုသည့်လုပ်ရပ်မျိုး ဆောင်ရွက်၍ မရကြောင်း၊ ဖက်ဒရယ်စနစ်ဆိုသည်မှာ အားလုံးကို လုပ်ပိုင်ခွင့်မျှမျှတတဖြင့် ခွဲဝေကျင့်သုံး ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် နိုင်ငံအတွက်အရေးကြီးသဖြင့် အမှားခံ၍မရကြောင်း၊ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ များစွာမှားယွင်းမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ရွေးကောက်ပွဲမကျင်းပမီကာလများတွင် မိမိအနေဖြင့် ရွေးကောက်ပွဲတွင် လွတ်လပ်မှုနှင့်မျှတမှုရှိစေရေးအတွက် အသိပေးမှုများ မကြာခဏပြုလုပ်ခဲ့ကြောင်း၊ NLD ပါတီအနေဖြင့် မဲဆွယ်စည်းရုံးမှုများ ဆောင်ရွက်ချိန်တွင်လည်း ကိုဗစ်-၁၉ ရောဂါအား အကြောင်းပြု၍ မဲဆွယ်မှုများအား မျှတမှုမရှိအောင် ဆောင်ရွက်ခဲ့ကြကြောင်း၊ ကြိုတင်မဲပေးချိန်တွင်လည်း လုပ်ထုံးလုပ်နည်းများကို ကျော်လွန်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိခဲ့ရကြောင်း၊ မဲစာရင်းမှားယွင်းမှုနှင့်ပတ်သက်၍ ဖြေရှင်းရန် အကြိမ်ကြိမ်ပြောကြားခဲ့သော်လည်း ဖြေရှင်းခဲ့မှုမရှိသဖြင့် ယခုအခြေအနေမျိုးသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ပြည်သူများလိုလားသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနေကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြည်သူ့ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ဖျက်သိမ်း၍ မရကြောင်း၊ ခေတ်ကာလနှင့် ညီညွတ်မှုမရှိသော အကြောင်းအရာများအား ပြင်ဆင်ရန်အတွက် မိမိတို့အနေဖြင့်လက်ခံကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီအရ ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲအား မှန်မှန်ကန်ကန်ဖြင့် ပြန်လည်ကျင်းပနိုင်ရေး စနစ်တကျဖြစ်အောင် စီမံဆောင်ရွက်ကြရန်လိုကြောင်း။

**အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းကြရမည်ဖြစ်**

တိုင်းရင်းသားများနှင့်ပတ်သက်၍ စာပေ၊ ယဉ်ကျေးမှုများရှိသဖြင့် မိမိတို့အနေဖြင့် အားပေးကြောင်း၊ သို့သော် ပြည်ထောင်စုစာပေဖြစ်သည့် မြန်မာစာနှင့် မြန်မာစကားကို အသုံးပြုရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင်လည်း နိုင်ငံအသီးသီးသည် အများအားဖြင့် သတ်မှတ်ထားသည့် ရုံးသုံးစာနှင့် ရုံးသုံးစကား တစ်မျိုးတည်းကိုသာ အသုံးပြုကြကြောင်း၊ တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုများ တိုးတက်စေရေးအတွက်လည်း တိုင်းရင်းသားစာပေသင်ကြားရေးနှင့် ပတ်သက်သည့် ဆရာ၊ ဆရာမများ၏ လစာများ တိုးမြှင့်ပေးခဲ့ကြောင်း၊ မိမိတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများကို မိမိတို့ကိုယ်တိုင် ထိန်းသိမ်းကြရန်လိုကြောင်း၊ ထို့အတူ မိမိတို့တိုင်းရင်းသားများ၏ အမျိုးသားရေးစရိုက်လက္ခဏာများကို မိမိတို့ တိုင်းရင်းသားများကပင် ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ ရှမ်းပြည်နယ်တွင် ဖြစ်ပွားမှုနှုန်းများနေသေးကြောင်း၊ နယ်စပ်ဒေသများမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသူများမှတစ်ဆင့် ကူးစက်မှုများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် စစ်ဆေးမှုများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကိုဗစ် -၁၉ ရောဂါသည် လက်ရှိအချိန်အထိ ပျောက်ကင်းသွားနိုင်သည့် ရောဂါမဟုတ်သေးသဖြင့် ယှဉ်တွဲသွားရမည့် ရောဂါဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများကာကွယ်ဆေးများ အမြန်ဆုံးထိုးနှံနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့သာယာလှပရေးသည် ကျန်းမာရေးကိုလည်း အထောက်အကူပြုကြောင်း၊ ရေမြောင်းများပိတ်ဆို့မှုမရှိရန်၊ အမှိုက်များစနစ်တကျစွန့်ပစ်မှုများဆောင်ရွက်ကြရန်လိုကြောင်း၊ သက်ဆိုင်ရာ စည်ပင်သာယာရေးဌာနသာမက ပြည်သူများမှလည်း အသိစိတ်ဓာတ်ရှိရှိ ထိန်းသိမ်းဆောင်ရွက်ရေး အသိပညာပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ပတ်ဝန်းကျင်ကောင်းများတည်ဆောက်ကြရန်လိုကြောင်း၊ ပလတ်စတစ်သုံးစွဲမှုများ လျှော့ချရေးအတွက်လည်း ဆောင်ရွက်ကြစေလိုကြောင်း၊ ပလတ်စတစ်များအား စနစ်တကျ သုံးစွဲမှုမရှိသဖြင့် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်နိုင်ကြောင်း၊ ရှမ်းပြည်နယ်သည် သာယာလှပသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ပတ်ဝန်းကျင်သန့်ရှင်းမှုများကို ပိုမိုဆောင်ရွက်နိုင်မည်ဆိုပါက ခရီးသွားလုပ်ငန်းတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဒေသသာယာလှပရေးအတွက် မျက်စိပသာဒရရှိစေသည့် ပန်းပင်များနှင့် အရိပ်ရလေကာပင်များအား စိုက်ပျိုးရန်လိုကြောင်း၊ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးမှုသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင်လည်း တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်းအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားကွင်းအဆင့်မြှင့်တင်ရေးနှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်စည်းကမ်းကောင်းမွန်ပြီး အမိန့်နာခံတတ်သည့် တပ်မတော်၏ ကောင်းမွန်သည့် အလေ့အကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းကြရမည်




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ကြီးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား အမှာစကား ပြောကြားစဉ်။**

**နေပြည်တော် အောက်တိုဘာ ၁**

တပ်မတော်သားတိုင်းအနေဖြင့် တစ်ဦးချင်း အဆင့်လိုက် နေ့စဉ်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်ဖြင့် ကျေပွန်အောင် လုပ်ဆောင်နေခြင်းသည် စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံမှုကို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း၊ ဆံပင်ပုံစံမှစ၍ ဖိနပ်ကြိုးစည်းသည်အဆုံး နေထိုင်သွားလာမှု၊ ဝတ်စားဆင်ယင်မှု၊ စားသောက်မှုပုံစံများအားလုံး စည်းကမ်းစနစ်တကျရှိနေခြင်းသည် စစ်သားကောင်းတစ်ယောက်၏ အလေ့အကျင့်ကောင်းများပင်ဖြစ်သည့်အတွက် တစ်ဦးချင်းစည်းကမ်းစနစ်တကျရှိအောင် နေထိုင်ကြရန်နှင့် အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ကြီးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်နှင့် တောင်ကြီးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်မှုနှင့် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတို့ကို သိရှိနားလည်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲသည် ဒီမိုကရေစီ၏ အနှစ်သာရပင်ဖြစ်ပြီး ရွေးကောက်ပွဲ၌ မသမာသောနည်းလမ်းများဖြင့် အနိုင်ရရှိရန် လုပ်ဆောင်မှုများကို မည်သည့်နိုင်ငံမျှလက်ခံနိုင်မည်မဟုတ်ကြောင်း၊ ရွေးကောက်ပွဲတွင် အနိုင်ရရှိလာသည့် ကိုယ်စားလှယ်များသည် သက်ဆိုင်ရာလွှတ်တော်အသီးသီးမှတစ်ဆင့် ဥပဒေပြုရေးဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ၊ တရားစီရင်ရေးဆိုင်ရာတို့တွင် တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့ခေါင်းဆောင်များကို မိမိတို့ကိုယ်စား ဆန္ဒမဲပေးရွေးချယ်ပေးကြရသည်ဖြစ်သည့်အတွက် မှန်ကန်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မသမာသော နည်းလမ်းများအသုံးပြု၍ ရွေးကောက်ပွဲတွင် အနိုင်ရရှိလာသူများသည် ပြည်သူ့ကိုယ်စားလှယ်အစစ်အမှန် မည်သို့မျှ ဖြစ်နိုင်မည်မဟုတ်ကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် ကြီးမားသည့် မဲစာရင်းမှားယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် မည်သို့ပင်ပြောဆိုခဲ့သော်လည်း တာဝန်ရှိသူများအနေဖြင့် ဖြေရှင်းပေးခြင်းမရှိသည့်အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ကာ နိုင်ငံတော်၏အာဏာကို မတရားသောနည်းလမ်းဖြင့် အဓမ္မရယူရန် ဆောင်ရွက်ခဲ့သောကြောင့် ယခုအခြေအနေသို့ ရောက်ရှိခဲ့ရခြင်းဖြစ်ကြောင်း။

တပ်မတော်ပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ မိမိတို့ တပ်မတော်သားများ၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်တစ်ရပ်ဖြစ်အောင် လေ့ကျင့်နေကြရမည်ဖြစ်ကြောင်း၊ အရာရှိ၊ စစ်သည်များအနေဖြင့် တစ်ဦးချင်း နေ့စဉ်ထမ်းဆောင်ရသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်နှင့် အရည်အချင်းမြှင့်တင်ပေးရန်အတွက် လေ့ကျင့်ရေးဆိုင်ရာနှင့် ပညာရပ်ပိုင်းဆိုင်ရာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ အဆင့်လိုက် လုပ်ဆောင်ရမည့်တာဝန်များကို မှန်မှန်ကန်ကန် လုပ်ဆောင်နေခြင်းသည် စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံမှုကို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်သည် စတင်သန္ဓေတည်ပေါက်ဖွားလာကတည်းကပင် စည်းကမ်းကောင်းမွန်ပြီး အမိန့်နာခံမှုကောင်းသည့် တပ်မတော်တစ်ရပ်ဖြစ်ပြီး စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးပင်ဖြစ်သည့်အတွက် တပ်မတော်၏အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရာ၌ မည်သည့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ ခြေလျင်တပ်ကဲ့သို့ တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး အမြဲတမ်းတိုက်ပွဲဝင်အသင့် (Fit for Fight, Ready for Fight) ဖြစ်နေရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လေ့ကျင့်သားပြည့်ဝအောင် လုပ်ဆောင်နေကြရမည်ဖြစ်ကြောင်း။

ထို့ပြင် မိမိတို့တစ်ဦးချင်း၏ အသိပညာ၊ အတတ်ပညာ ကြွယ်ဝစေရေးအတွက် မိမိဘဝကို တိုးတက်စေနိုင်သည့် စာအုပ်စာပေဗဟုသုတများကို လေ့လာမှတ်သားရမည်ဖြစ်ပြီး မိမိလုပ်ငန်းတာဝန်နှင့် သက်ဆိုင်သည်မှန်သမျှကို သိရှိအောင် အမြဲကြိုးစားနေရမည်ဖြစ်ကာ ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ၊ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးနှင့် သက်သာချောင်ချိရေးတို့ကို သတ်မှတ်ထားသည့် အဆင့်နှင့်လျော်ညီစွာ ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် အရာရှိ၊ စစ်သည်များအနေဖြင့် မိမိတို့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရန်နှင့် စွမ်းရည်သုံးရပ်ထက်မြက်နေအောင် ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးတာဝန်ရှိသူများအနေဖြင့်လည်း ညီညွတ်မျှတပြီး ကျောသားရင်သားမခွဲခြားသည့် ခေါင်းဆောင်မှုရှိရမည်ဖြစ်ကာ လက်အောက်ငယ်သားများ၏ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ လိုအပ်သည်မှန်သမျှကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လက်အောက်ငယ်သားများကလည်း မိမိတို့၏ လိုအပ်ချက်များကို မှန်မှန်ကန်ကန်သတင်းပို့တင်ပြရမည်ဖြစ်ကာ တာဝန်ရှိသူ အဆင့်ဆင့်မှလည်း မှန်ကန်မြန်ဆန်စွာဖြင့် ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာသင်ကြားရေးပိုင်းတွင် နောက်ကျနေ၍မရဘဲ ပညာတတ်လူသားအရင်းအမြစ်များ အမြဲမပြတ်ပေါ်ထွက်လာရန် လိုအပ်သည့်အတွက် တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ရပြီးနောက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ပိတ်ထားရသည့် ကျောင်းများကို နိုင်ငံတော်၊ မိဘနှင့် ကာယကံရှင် ကျောင်းသားကျောင်းသူများ သုံးဦးသုံးဖက် နစ်နာမှုမရှိစေရန် ပြန်လည်ဖွင့်လှစ်သင်ကြားစေခဲ့ကြောင်း၊ သို့သော်လည်း ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပေါ်မှုအခြေအနေများကြောင့် ပြန်လည်ပိတ်ထားခဲ့ရကြောင်း၊ လက်ရှိအချိန်တွင် အုပ်ချုပ်သူအဖွဲ့အစည်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူလူထုတို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုများကြောင့် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း ၈ ရာခိုင်နှုန်းဝန်းကျင်သာရှိတော့သည်အထိ ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း၊ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းကို မျှော်မှန်းထားသည့် အတိုင်းအတာတစ်ခုအထိ လျော့ကျလာမှသာလျှင် ပညာရေးအပါအဝင် အခြားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် ကူးစက်ဖြစ်ပွားမှုနှုန်းကို ထိန်းချုပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန် လိုအပ်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစည်းကမ်းလိုက်နာမှုမှ တပ်ခွဲအလိုက်၊ တပ်ရင်းအလိုက် ထိုမှတစ်ဆင့် တပ်မတော်တစ်ရပ်လုံး ရောဂါကူးစက်မှုနှုန်းလျော့ကျလာမည်ဖြစ်ပြီး ၎င်းမှတစ်ဆင့် နိုင်ငံတော်တစ်ရပ်လုံး အတိုင်းအတာအထိ ထိန်းချုပ်နိုင်မည်ဖြစ်သဖြင့် တစ်ဦးချင်း ကိုယ်စီအသိစိတ်ဓာတ်များဖြင့် ဝိုင်းဝန်းထိန်းသိမ်းနေထိုင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက မိခင်နှင့်ကလေးထောက်ပံ့ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးက လည်းကောင်း အသီးသီးလက်ခံရယူခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ တပ်နယ်အားကစားကွင်းအဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် အိမ်ထောင်သည်လိုင်းခန်းများ အဆင့်မြှင့်တင်ဆောက်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိသော သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ပြည်ပသာသနာပြုဌာနခွဲရှိ စာကြည့်တိုက်၊ ပြတိုက်၊ မော်ကွန်းတိုက်များသို့ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ပြည်ပသာသနာပြုဌာနခွဲ စာကြည့်တိုက်၊ ပြတိုက်၊ မော်ကွန်းတိုက်များသို့ ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို တွေ့ဆုံအမှာစကားပြောကြားသည်။**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသော ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး တည်ထားစဉ်က ဆောင်ရွက်ခဲ့သည့် အခမ်းအနား(၉)မျိုး ကျင်းပခြင်း မှတ်တမ်းဓာတ်ပုံကားချပ်များ၊ အိန္ဒိယနိုင်ငံ၊ သံဝေဇနိယလေးဌာနရှိ ဖွား၊ ပွင့်၊ ဟော၊ စံ ဓာတ်ပုံကားချပ်များကို Light Box များဖြင့် ခင်းကျင်းပြသထားမှုနှင့် ဥပ္ပါတသန္တိစေတီတော် ပုံစံငယ်(၂)ဆူ၊ ရဟန္တာဓာတ်တော်ကြုတ်၊ မုဒြာပုံစံတို့ကို ခင်းကျင်းပြသထားမှုများကို လည်းကောင်း၊ မော်ကွန်းတိုက်အတွင်း ခင်းကျင်းပြသထားသည့် ဥပ္ပါတသန္တိစေတီတော်ကြီးတည်ထားစဉ်က အသုံးပြုခဲ့သော လက်သုံးကိရိယာပစ္စည်းများနှင့် အခမ်းအနားသုံးပစ္စည်းများ ခင်းကျင်းပြသထားမှုများကို လည်းကောင်း၊ စာကြည့်တိုက်အတွင်းရှိ ဗုဒ္ဓဘာသာဆိုင်ရာမြန်မာစာအုပ်များ၊ အင်္ဂလိပ်စာအုပ်များ၊ ပေစာထုပ်များ၊ ကမ္မဝါစာနှင့် ပုရပိုက်များကို အများပြည်သူလေ့လာဖတ်ရှုနိုင်ရန် ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာဌာနစုတာဝန်ခံများမှ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးအား အစည်းအဝေးခန်းမတွင် စာကြည့်တိုက်၊ ပြတိုက်၊ မော်ကွန်းတိုက်၊ သာသနဗိမာန်နှင့် နယ်မြေဌာနစုတာဝန်ခံနှင့် သက်ဆိုင်ရာဌာနစုတာဝန်ခံများက လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာကြည့်တိုက်၊ ပြတိုက်၊ မော်ကွန်းတိုက်၊ သာသနဗိမာန်နှင့် နယ်မြေဌာနစုမှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း နိုင်ငံတော်ကိုဖွံ့ဖြိုးတိုးတက်စေရန် ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ယခုနှစ်ကုန်တွင် မြန်မာနိုင်ငံ၏ လူဦးရေတစ်ဝက်အား ကာကွယ်ဆေးထိုးနှံနိုင်ရေးစီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ အောက်ဆီဂျင်စက်ရုံများလည်း အောက်ဆီဂျင်ပြတ်လပ်မှုမရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်မှ မတရားအသင်းအဖြစ် ကြေညာထားသည့်အဖွဲ့အစည်းများနှင့် ပါဝင်ပတ်သက်မှုမရှိစေရေးနှင့် အန္တရာယ်ကို မြင်အောင်ကြည့်တတ်ရန်၊ မျိုးချစ်စိတ်ဓာတ်ရှိရန်နှင့် ဘာသာသာသနာကို တန်ဖိုးထားရန်လိုအပ်ကြောင်း၊ မည်သည့်အစိုးရတက်တက် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ကြိုးစားတာဝန်ထမ်းဆောင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးစေရေး၊ သမဝါယမကဏ္ဍမြှင့်တင်ရေး အဓိက ဦးစားပေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ မွန်းလွဲပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်စေရေး၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအောင်မြင်စေရေးအတွက် ဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ **(အပေါ်ယာပုံ)**



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် သမဝါယမကဏ္ဍ မြှင့်တင်ရေး၊ အသေးစားအလတ်စား စက်မှုလက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်ကာ ဘက်စုံကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အဓိကဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်ရေးကို အလေးထားဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံလူဦးရေစာရင်းအရ ကျေးလက်ဒေသတွင် နေထိုင်သူမှာ ပိုများကြောင်း၊ ဝင်ငွေတိုးတက်စေရေး ဆောင်ရွက်နိုင်ရန် ကျေးလက်နေပြည်သူများ၏ ပညာအရည်အချင်းမြင့်မားရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဗဟိုသမဝါယမအသင်း၊ တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမအသင်းစုချုပ်များ၊ မြို့နယ်သမဝါယမအသင်းစုများနှင့် သမဝါယမအသင်းများဟာ အမှန်တကယ်အလုပ်လုပ်ကြရန် လိုအပ်ကြောင်း၊ ပြည်သူများမှ အမှန်တကယ်လုပ်ငန်းဆောင်ရွက်လိုသူများကို သမဝါယမအသင်းများ ဖွဲ့စည်းပေး၍ အရင်းအနှီးများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ပြည်သူများထံ သင်တန်းများ ပို့ချဆောင်ရွက်ပေးပြီး သင်တန်းပြီးဆုံးသူများကို အရင်းအနှီးများ ထူထောင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသရှိ သမဝါယမအသင်းများကို လုပ်ငန်းသဘောတရားများ နားလည်သဘောပေါက်စေရန် သမဝါယမဦးစီးဌာနရှိ ဝန်ထမ်းများက ကူညီထောက်ပံ့ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းအားလုံးကို စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲနေရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနရှိ ဦးစီးဌာနသုံးခုလုံး ပေါင်းစပ်ညှိနှိုင်းမှုအားကောင်းစွာဖြင့် စေတနာထားကာဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။ **သတင်းစဉ်**

# ကန့်ကြီးထောင့်မြို့၊ ဒေးဒရဲမြို့နှင့် အမ်းမြို့တို့၌ အောက်ဆီဂျင်စက် ရောက်ရှိ၊ တပ်ဆင်၊ လည်ပတ်နေမှုများကို သွားရောက်ကြည့်ရှု



**နေပြည်တော် အောက်တိုဘာ ၁**

ကိုဗစ်-၁၉ ရောဂါ ခံစားနေရသော အတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့် သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxy-gen Plant များကို တိုးမြှင့်တပ်ဆင်လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိသည်။

ထိုသို့ တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့၌ အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ရုံတည်ဆောက်နေမှုကို မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များက လည်းကောင်း၊ ဒေးဒရဲမြို့၌ တစ်ရက်လျှင် အောက်ဆီဂျင်လီတာ ၄၀ ဝင် ၁၀၀ ထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်ထုတ်လုပ်သည့်စက် စမ်းသပ်လည်ပတ်နေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်လင်းနှင့် တာဝန်ရှိသူများက လည်းကောင်း၊ ရခိုင်ပြည်နယ် အမ်းမြို့ အေးရိပ်သာဘုန်းတော်ကြီး ကျောင်းတွင် တည်ဆောက် ပြီးစီးခဲ့သည့် အောက်ဆီဂျင်စက်ရုံအတွက် 30 Nm 1/hr Oxygen Generation System Scheme အမျိုးအစားဖြစ်သည့် အောက်ဆီဂျင်စက် ရောက်ရှိ၊ တပ်ဆင်နေမှုကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်မင်းနှင့် အဖွဲ့ဝင်များကလည်းကောင်း သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာ့မီးရထား၏ တံတားပေါင်အလုပ်ရုံ(မလွကုန်း)၊ မလွကုန်းဘူတာယာဒ်ဝင်း၊ ဒီဇယ်စက်ခေါင်းစက်ရုံ (အင်းစိန်)၊ မြန်မာ့မီးရထားဆေးရုံ (အင်းစိန်)နှင့် မြန်မာ့သဘော်ကျင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာ့မီးရထား၊ တံတားပေါင်အလုပ်ရုံ (မလွကုန်း)၊ မလွကုန်း ဘူတာယာဒ်ဝင်း၊ ဒီဇယ်စက်ခေါင်းစက်ရုံ(အင်းစိန်)၊ မြန်မာ့မီးရထားဆေးရုံ (အင်းစိန်)နှင့် မြန်မာ့သဘော်ကျင်းလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့မီးရထား၊ တံတားပေါင်အလုပ်ရုံ (မလွကုန်း) အလုပ်ရုံရှင်းလင်းဆောင်ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြန်မာ့မီးရထား ရုံးဌာန၊ စက်ရုံ၊ အလုပ်ရုံ၊ ဆေးရုံလုပ်ငန်းဆိုင်ရာများကို ဦးဆောင်ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြပြီး အထွေထွေမန်နေဂျာ (မြို့ပြ)က မြန်မာ့မီးရထားပြတိုက် ဆောက်လုပ်ရန် လျာထားသည့် မြေနေရာနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တံတားပေါင်အလုပ်ရုံ(မလွကုန်း) လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် မြန်မာ့မီးရထားပြတိုက် ဆောက်လုပ်မည့် လျာထားမြေနေရာသုံးခုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့မီးရထား၊ ဒီဇယ်စက်ခေါင်းစက်ရုံ (အင်းစိန်) အစည်းအဝေးခန်းမဆောင်တွင် အထွေထွေမန်နေဂျာ (စက်မှုနှင့်လျှပ်စစ်)က စက်ရုံ၏လုပ်ငန်းများ ဆောင်ရွက်မှုကိုလည်းကောင်း၊ ဒုတိယအထွေထွေမန်နေဂျာ(ဆေး)က မြန်မာ့မီးရထားဆေးရုံ(အင်းစိန်)၏ လုပ်ငန်းများဆောင်ရွက်မှုကို လည်းကောင်း ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဒီဇယ်စက်ခေါင်းစက်ရုံ (အင်းစိန်)၏ လုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ခုတင်(၅၀)ဆံ့ မြန်မာ့မီးရထားဆေးရုံ (အင်းစိန်)၌ ဆေးရုံရှိ ဆရာဝန်ကြီး၊ လက်ထောက် ဆရာဝန်နှင့် ဝန်ထမ်းများအားတွေ့ဆုံပြီး ဆေးရုံဝင်း အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မြန်မာ့သဘော်ကျင်းလုပ်ငန်း ရှင်းလင်းခန်းမဆောင်တွင် ဦးဆောင်ညွှန်ကြားရေးမှူးမှ ရေယာဉ်တည်ဆောက်ပြုပြင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တန်ချိန် ၁၂၀၀၀ ရေလုံလွှန်းကျင်း၌ မြန်မာ့သဘော်ကျင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များမေးမြန်း၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ဆေးရုံနှင့် ဆေးတပ်ရင်းတို့၌ တက်ရောက်ကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁**



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ နှင့် ဒေသခံပြည်သူများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်နှင့်အဖွဲ့ဝင်များက လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါကုဆေးရုံကြီး၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များက လည်းကောင်း ယနေ့တွင် သွားရောက်ကာကြည့်ရှုအားပေး၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက် ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ ယနေ့တွင်လည်း ကရင်ပြည်နယ် မြဝတီမြို့နယ် သင်္ကန်းညီနောင် ကျေးရွာရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကလိန်အောင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိတပ်မတော်ဆေးရုံ တို့၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကိုအခြေခံ၍ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၁ ရက်တွင်ရှိသော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနသည် နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ နိုင်ငံတော်၏မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အခြေခံအသုံးပြုနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ နှစ်အလိုက် ခန့်မှန်းလူဦးရေစာရင်းအား နှစ်စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

ယင်းစာရင်းများထုတ်ပြန်ရာတွင် ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ ကောက်ယူရရှိသော လူဦးရေကို အခြေခံ၍ ခန့်မှန်းတွက်ချက်ထားရာ ဘဏ္ဍာရေးနှစ် ပြောင်းလဲပြင်ဆင်သတ်မှတ်ချက်အရ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၏ ကြားကာလဖြစ်သော ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၁ ရက်တွင်ရှိသည့် မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေမှာ (၅၅.၃) သန်းဖြစ်ပြီး အဆိုပါနေ့ရက်တွင်ရှိသည့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခန့်မှန်း လူဦးရေစာရင်းမှာ အောက်ပါအတိုင်းဖြစ်ကြောင်း ပြည်သူ့အင်အား ဦးစီးဌာနမှ ထုတ်ပြန်ထားသည်-

| တိုင်းဒေသကြီး/ ပြည်နယ် | (၁-၁၀-၂၀၂၁) ရက်နေ့ရှိ ခန့်မှန်းလူဦးရေ (သန်းပေါင်း) | | |
|---|---|---|---|
| | ကျား | မ | စုစုပေါင်း |
| ကချင်ပြည်နယ် | ၁.၀ | ၁.၀ | ၂.၀ |
| ကယားပြည်နယ် | ၀.၂ | ၀.၁ | ၀.၃ |
| ကရင်ပြည်နယ် | ၀.၈ | ၀.၈ | ၁.၆ |
| ချင်းပြည်နယ် | ၀.၃ | ၀.၂ | ၀.၅ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၂.၆ | ၃.၀ | ၅.၆ |
| တနင်္သာရီတိုင်းဒေသကြီး | ၀.၇ | ၀.၈ | ၁.၅ |
| ပဲခူးတိုင်းဒေသကြီး | ၂.၄ | ၂.၆ | ၅.၀ |
| မကွေးတိုင်းဒေသကြီး | ၁.၈ | ၂.၁ | ၃.၉ |
| မန္တလေးတိုင်းဒေသကြီး | ၃.၁ | ၃.၅ | ၆.၆ |
| မွန်ပြည်နယ် | ၀.၉ | ၁.၁ | ၂.၀ |
| ရခိုင်ပြည်နယ် | ၁.၆ | ၁.၈ | ၃.၄ |
| ရန်ကုန်တိုင်းဒေသကြီး | ၄.၁ | ၄.၆ | ၈.၇ |
| ရှမ်းပြည်နယ် | ၃.၃ | ၃.၃ | ၆.၆ |
| ဧရာဝတီတိုင်းဒေသကြီး | ၃.၁ | ၃.၂ | ၆.၃ |
| နေပြည်တော်ကောင်စီ | ၀.၆ | ၀.၇ | ၁.၃ |
| **စုစုပေါင်းခန့်မှန်းလူဦးရေ** | **၂၆.၅** | **၂၈.၈** | **၅၅.၃** |

**သတင်းစဉ်**

❑ *ကျော်ဖုံးမှ*

၂။ ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ် ဆောင်ရွက်သွားနိုင်ရန် ရေးရှုလျက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၁ ခုနှစ်၊ **အောက်တိုဘာလ ၃၁ ရက်နေ့အထိ** ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများ အပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ် အကူအညီတောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက် လိုက်နာကြရမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်**

**၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်**

# သက်ကြီးရွယ်အိုများ၏ဘဝ အမှန်တကယ် လုံခြုံမှု၊ နွေးထွေးမှုရှိစေရေး ဆောင်ရွက်သွားမည်

**နေပြည်တော် အောက်တိုဘာ ၁**

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုအခမ်းအနားကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းခန်းမတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် အဘိုးအဘွားများ တက်ရောက်ကြသည်။



အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပစဉ်။

**လူမှုရေးပင်စင် ထောက်ပံ့**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၁၄) နှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ (၂၀၁၆)နှင့်အညီ သက်ကြီးရွယ်အိုများ ဝင်ငွေလုံခြုံမှုရရှိစေရေးအတွက် ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် အသက်(၁၀၀)နှစ် အထက်မှ စခဲ့ပြီး ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ အသက်(၉၀) နှစ်နှင့် အထက်၊ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်တွင် အသက်(၈၅)နှစ်နှင့်အထက် လူမှုရေးပင်စင်ထောက်ပံ့မှု အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှ လက်ရှိတွင် အကျိုးခံစားခွင့်ရှိသူ ဘိုးဘွား၂၅၀၀၀၀ ခန့် ရှိနေပြီဖြစ်ပါကြောင်း၊ သက်ကြီးရွယ်အိုများနှင့် မျိုးဆက်သစ်လူငယ်များ အပြန်အလှန် ကူညီစောင့်ရှောက်နိုင်ရေးအတွက် သက်ကြီးရွယ်အိုများဦးဆောင်ပြီး အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ လူငယ်များပါဝင်သည့် “Inclusive Self-Help Group” “လူမှုအားမာန်” အဖွဲ့ပေါင်း ၂၂၂ ဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ၎င်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်များ ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် မတည်မှုရန်ပုံငွေအနေဖြင့် ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

**ဂုဏ်ပြုချီးမြှင့်**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာတစ်နိုင်ငံလုံး အသက်အကြီးဆုံး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးကို ယခင်နှစ်များကဲ့သို့ ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀သိန်းစီကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များမှ တစ်ဆင့် လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ သက်ကြီးရွယ်အိုများသည် လေးစားထိုက်၊ ဂုဏ်ပြုထိုက်သူများဖြစ်သဖြင့် အခမ်းအနားကျင်းပပေးရုံသက်သက်မဟုတ်ဘဲ သက်ကြီးရွယ်အိုများ၏ဘဝ အမှန်တကယ် လုံခြုံမှု၊ နွေးထွေးမှုရှိစေရေးနှင့် သက်ကြီးရွယ်အိုများ၏စွမ်းအားကို နိုင်ငံတော်တည်ဆောက်ရေးဖြစ်စဉ်မှာ ထည့်သွင်းအသုံးပြုသွားနိုင်ရေးအတွက်လည်း အခွင့်အလမ်း ဖန်တီးပေးဖို့ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် မှတ်တမ်း video ကို ပြသပြီး ဘိုးဘွားများကိုယ်စား အဘွားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

✻ *ကျော်ဖုံးမှ*

ဦးစိန်ဝင်းထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် တာဝန်ခံ ညွှန်ကြားရေးမှူး၊ အကောက်ခွန် ဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ဇေယျာလင်း၊ မူဆယ်ခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာဟန်နိုင်စိုးနှင့် တာဝန်ရှိသူများက ခုတင် ၁၀၀၀ ဆံ့ ကိုဗစ်-၁၉ ကုသရေးစင်တာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ခုတင် ၁၀၀၀ဆံ့ ကိုဗစ် ကုသရေးစင်တာတွင် ကုသရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ရန်အတွက် ဆရာဝန် သုံးဦး၊ သူနာပြု ခုနစ်ဦး၊ စေတနာ့ဝန်ထမ်း ၄၀နှင့် လူမှုကူညီရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ကုသရေးစင်တာ ဖွင့်လှစ်နိုင်ခြင်းကြောင့် မူဆယ်ဒေသအတွက် သာမက မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှု အဆင်ပြေရေးအတွက် များစွာအထောက်အကူ ပြုနိုင်မည်ဖြစ်ပြီး ကုန်စည် ကူးသန်းရောင်းဝယ်ရေးနှင့် ဆက်စပ်သူများဖြစ်သည့် ကုန်တင်ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များနှင့် ဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများအား ကိုဗစ်-၁၉ ရောဂါ ကုသပေးနိုင်ရေးနှင့် ရောဂါကူးစက်မှု လျော့ချနိုင်ရေး အဓိကရည်ရွယ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**



မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ခုတင် ၁၀၀၀ဆံ့ ကိုဗစ်-၁၉ ကုသရေးစင်တာ ဖွင့်ပွဲအခမ်းအနား တက်ရောက်သူများ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။

## ပဲခူးတိုင်းဒေသကြီး၌ ရက်သတ္တနှစ်ပတ်ကျော်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း ၂ ရာခိုင်နှုန်းခန့်အထိ ကျဆင်း

**ပဲခူး အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂၁/၂၀၂၁)ကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၊ ဒုတိယဝန်ကြီးချုပ်၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး လမ်းညွှန်ချက်များကို ဖတ်ကြားရှင်းလင်းပြီး အခြေခံပညာအလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဆီနိုဗက် စတင်ထိုးနှံပေးတော့မည်ဖြစ်၍ စာသင်ကျောင်းများ သန့်ရှင်းသပ်ရပ်စေရေး၊ ကျောင်းသုံး ပရိဘောဂများ ပြန်လည်ပြင်ဆင်ခြင်းနှင့် ပိုးသတ်ဆေး ဖျန်းခြင်းတို့ကို ကြိုတင်ဆောင်ရွက်ထားရန်၊ ကာကွယ်ဆေး ထိုးစုရပ်များအား လုံခြုံရေးအမြင့်ဖြင့် ဆောင်ရွက်သွားရန်၊ ပဲခူးတိုင်းဒေသကြီးသည် ကိုဗစ်-၁၉ရောဂါ စစ်ဆေးမှုအများဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း ၅ ရာခိုင်နှုန်းအောက် ၂ ရာခိုင်နှုန်းခန့် ရက်သတ္တ နှစ်ပတ်ကျော်အထိရောက်ရှိ ကျဆင်းနေပြီ ဖြစ်သော်လည်း ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများကို ပေါ့ဆ၍မရဘဲ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခိုင်ချို က အခြေခံလူတန်းစား အိမ်ထောင်စုများ ထောက်ပံ့ပေးရေး၊ Stay at Home သတ်မှတ် မြို့နယ်များ ဖြေလျှော့ပေးရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသီဟက Stay at Home ဆိုင်ရာ သိရှိလိုက်နာရမည့် စည်းကမ်းချက်များနှင့် ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တိုင်းဒေသကြီးပညာရေး ညွှန်ကြားရေးမှူးက အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများ ကာကွယ်ဆေး ထိုးနှံနိုင်ရေး ဆောင်ရွက်မည့် အစီအမံကိုလည်းကောင်း၊ တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနမှူးက အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းအဖွဲ့များမှ ပူးပေါင်းပါဝင်ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက မြို့နယ်အလိုက်ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် သီးခြားလိုအပ်ချက်များကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများက ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်နိုင်ရေးအကြံပြုချက်များကို လည်းကောင်းတင်ပြဆွေးနွေးကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားကြောင်း သိရသည်။

**ကိုကိုဇော်**

# သိပ္ပံစာပေဖန်တီးရှင် သို့မဟုတ် ဆေးလိပ်ဆန့်ကျင်ရေးသမား ဆရာကြီး သိပ္ပံမှူးတင်

## သဥ္ဇာနွယ် (စာပေဗိမာန်)

### အမှောင်ခွင်း၍ အလင်းဆောင်သည့် စာပေဗိမာန်နှင့် တစ်သက်တာစာပေဆု

နှစ်ပေါင်း တစ်ထောင်နီးပါး သက်တမ်းရှိခဲ့ပြီဖြစ်သည့် မြန်မာစာပေသည် မြန်မာ့ယဉ်ကျေးမှု အနုပညာအဖြာဖြာ၏ ပင်ပမဏ္ဍိုင်အဖြစ် ဝင့်ထည်စွာ တည်ရှိနေပြီဟု ဆိုရမည်ဖြစ်သည်။ အသိဉာဏ်အမြင် ပွင့်လင်းစေသကဲ့သို့ ဆင်ခြင်တွေးခေါ်မှုအတွက်လည်း အားဆေးသဖွယ်ဖြစ်သည့်စာပေသည် နိုင်ငံတိုင်းအတွက် ဂုဏ်ယူဖွယ်ရာ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်လည်း ဖြစ်လေသည်။

မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှုဖြင့် ၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်တွင် အသင်းအဖွဲ့ပုံစံဖြင့် တည်ဆောက်ခဲ့သည့် "မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကြီး" သည် ၁၉၄၈ ခုနှစ် မေလတွင် "စာပေဗိမာန်" အမည်ဖြင့် ထင်ရှားသည့် စာပေလုပ်ငန်းဆိုင်ရာဌာနတစ်ခု ဖြစ်လာခဲ့ပါသည်။

စာပေဗိမာန်သည် တိုင်းရင်းသားပြည်သူများ နိုင်ငံတကာ ဗဟုသုတ တိုးပွားစေရန်အတွက် ဘာသာပြန်စာအုပ်များ ထုတ်ဝေခဲ့သည့်အပြင် ပညာရေးရာနှင့် ယဉ်ကျေးမှုရေးရာတွင် ပြည်သူလူထု စိတ်ဝင်စားမှုရှိစေရန်နှင့် စာရေးဆရာများကို ကလောင်စွမ်းရည် တိုးတက်စေရန် စာပေနှီးနှောဖလှယ်ပွဲများနှင့် စာတမ်းဖတ်ပွဲများကို ၁၉၆၅ ခုနှစ်မှစ၍ ကျင်းပပေးခဲ့ပါသည်။ မြန်မာစာပေဖွံ့ဖြိုးရေးအတွက် ၁၉၄၈ ခုနှစ်တွင် "စာပေဗိမာန် ကာလပေါ်ဝတ္ထုဆု" ကို စတင်ချီးမြှင့်ခဲ့ပါသည်။ "စာပေဗိမာန် ကာလပေါ်ဝတ္ထုဆု" ကို "စာပေဗိမာန်ဆု" (၁၉၄၈-၁၉၆၁)၊ "အနုပညာဆိုင်ရာစာပေဆု" (၁၉၆၂-၁၉၆၄)၊ "အမျိုးသားစာပေဆု" (၁၉၆၅) စသည်ဖြင့် ဆုအမည်နှင့် ဆုအမျိုးအစားကို အဆင့်ဆင့်ပြောင်းလဲခဲ့သည့်အပြင် ဆုငွေများကိုလည်း တိုးမြှင့်ချီးမြှင့်လာခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော် တိုင်ခဲ့ပြီဖြစ်ပါသည်။

၂၀၀၁ ခုနှစ်မှစတင်၍ ၂၀၁၉ ခုနှစ်အထိ အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၃၁ ဦး ပေါ်ထွန်းခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီး၊ ဆရာမကြီး ၃၁ ဦးတွင် ၁၆ ဦးမှာ သက်ရှိထင်ရှားရှိပြီး ၁၅ ဦးမှာ ယနေ့မျိုးဆက်သစ် လူငယ်များကို လက်ဆင့်ကမ်း အမွေပေးခဲ့ကာ စာပေလောကကို ကျောခိုင်းထွက်ခွာ ကွယ်လွန်သွားခဲ့ပြီဖြစ်ပါသည်။ ထိုသို့ ကွယ်လွန်သွားခဲ့သည့် စာရေးဆရာကြီး ၁၅ ဦးထဲတွင် ဆရာကြီး သိပ္ပံမှူးတင်လည်း ပါဝင်ခဲ့ပါသည်။

အမိနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်သူများအား အမှားအမှန်ပိုင်းခြားဝေဖန်နိုင်သော ဉာဏ်အမြော်အမြင် တိုးတက်မြင့်မားစေမည့် စာပေများကို မွန်မြတ်သည့် စိတ်စေတနာပြည့်ဝစွာဖြင့် ဖန်တီးရေးဖွဲ့ သီကုံးခဲ့သည့် ဆရာကြီး၊ ဆရာမကြီး တချို့ ကွယ်လွန်သွားသည်ကို နှမြောတသ ဝမ်းနည်းမိသော်ငြား ၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး၊ ဆရာမကြီးများကို နိုင်ငံတော်က ဆုငွေကျပ်သိန်း ၁၀၀ တိုးမြှင့် ဆုချီးမြှင့်ပေးမည်ဟူသော မင်္ဂလာသတင်းကို ကြားသိရသဖြင့် စာပေလောကအတွက် နှစ်ထောင်းအားရဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါသည်။

၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုတွင် စာပေပညာရှင်ကြီးသုံးဦးကို ရွေးချယ်ခဲ့ခြင်းသည် မြန်မာစာပေလောက၌ ပထမဆုံးအကြိမ်ဖြစ်သောကြောင့် ထူးခြားဖြစ်စဉ်တစ်ခု ဟူ၍ ဆိုရမည်ဖြစ်သည်။ ထိုထူးခြားသည့် ၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု ရရှိသည့်ဆရာကြီး၊ ဆရာမကြီးများထဲတွင် ဆေးလိပ်သောက်သုံးမှု တားဆီးကာကွယ်ဆန့်ကျင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန် ကိုယ်ပိုင်ငွေကြေး စိုက်ထုတ်အကုန်အကျခံ၍ တတ်စွမ်းနိုင်သမျှ အားလုံးလုပ်ဆောင်ခဲ့သူ၊ သိပ္ပံနှင့် နည်းပညာကို တစ်ခေတ်ဆန်းသစ်စေရန် ၁၉၈၀ ပြည့်နှစ် အောက်တိုဘာလမှ စတင်ကာ ၂၆ နှစ်ကြာအောင် တက်စုံရှက်စုံဖွင့်ကာ သမိုင်းမှတ်တိုင်တစ်ရပ်အဖြစ် အောင်လံလွှင့်ထူနိုင်ခဲ့သူ သိပ္ပံမဂ္ဂဇင်း၏ ပွဲကိုင်ရှင် ဦးတင်မောင်ခေါ် ဆရာကြီး သိပ္ပံမှူးတင်သည်လည်း တစ်ဦးအပါအဝင် ဖြစ်ပါသည်။

### ဆရာကြီး၏ ဘဝကြေးမုံပြင်

ဆရာကြီး သိပ္ပံမှူးတင်ကို အဖ ဦးလေးမောင်၊ အမိ ဒေါ်စောမေတို့က ၁၉၂၄ ခုနှစ် မေလ ၂၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့၌ မွေးဖွားခဲ့သည်။ မွေးချင်း ၁၀ ယောက်အနက် ဒုတိယမြောက်သား ဖြစ်သည်။ အမည်ရင်းမှာ ဦးတင်မောင်ဖြစ်ပြီး ငယ်နာမည်မှာ မောင်ဘအေး ဖြစ်ပါသည်။


ငယ်စဉ်က မိုးကုတ်မြို့ လှည်းဝိုင်းရပ်ရှိ ဆရာမှိုင်းကျောင်းတွင် စတင်ပညာသင်ကြားခဲ့သည်။ ၁၉၃၄ ခုနှစ်မှ ၁၉၃၆ ခုနှစ်အထိ ကသာမြို့တွင် လည်းကောင်း၊ ၁၉၃၇ ခုနှစ်တွင် မန္တလေးမြို့၌ လည်းကောင်း၊ ၁၉၃၈ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ မြစ်ကြီးနားမြို့တွင် လည်းကောင်း ပညာသင်ကြားခဲ့သည်။ ၁၃၀၀ ပြည့် အရေးတော်ပုံ၌ မြစ်ကြီးနားမြို့ ကျောင်းသားသမဂ္ဂကော်မတီဝင်အဖြစ် လည်းကောင်း၊ ၁၃၀၁ ခုနှစ်တွင် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် မန္တလေးမြို့ အမျိုးသားအထက်တန်းကျောင်းသားဘဝတွင် ဆရာကြီး ဦးရာဇတ်၏ ရဲတပ်ဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး မြေအောက်တော်လှန်ရေးတို့တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ မန္တလေးမြို့တွင် ဖွင့်လှစ်သော ဘီအိုင်အေစစ်ကြောင်း ဗိုလ်လင်းယုန်တပ်တွင် အမှုထမ်းခဲ့သည်။ စစ်အတွင်း မြို့ရွာ ငြိမ်းချမ်းရေးအတွက် အုပ်ချုပ်ရေးတွင် အားကြိုးမာန်တက် ပါဝင်ခဲ့သည်။ ဂျပန်ခေတ်၌ ဖွင့်လှစ်သော မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်း ပထမပတ်တွင် လည်းကောင်း၊ မင်္ဂလာဒုံ စစ်ဦးစီးတက္ကသိုလ် ဆဋ္ဌမပတ်တွင် လည်းကောင်း တက်ရောက်ခဲ့ပါသည်။

၁၉၄၃ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဂျပန်နိုင်ငံ ဘုရင့်စစ်တက္ကသိုလ်၏ ပထမပတ်သင်တန်းသို့ တက်ရောက်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ဒုတိယဗိုလ်ဖြစ်ပြီး အမှတ် (၄) သေနတ်ကိုင်တပ်ရင်း၌ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဘယ်ကလိုမြို့၌ စစ်အင်ဂျင်နီယာ တပ်စုမှူးသင်တန်း တက်ရောက်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ဒေါ်ခင်ညွှန့်နှင့် လက်ထပ်ပြီး သားသမီးခြောက်ဦး ထွန်းကားခဲ့သည်။

၁၉၅၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံ ပူးနားမြို့အနီး ကာကီတက္ကသိုလ်၌ စစ်အင်ဂျင်နီယာ တပ်ခွဲမှူးသင်တန်း တက်ရောက်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် ကိုက် ၃၀၀ အကွာအဝေးသို့ ပစ်လွှတ်နိုင်သည့် ဒုံးပျံကို မြန်မာနိုင်ငံတွင် ပထမဆုံး တီထွင်ခဲ့သူ ဖြစ်သည်။ ၁၉၅၃ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ အိန္ဒိယနိုင်ငံ ပူးနားမြို့အနီး ကာကီတက္ကသိုလ်ရှိ စစ်အင်ဂျင်နီယာ ဒီဂရီကောလိပ်တွင် သုံးနှစ်သင်တန်းတက်ရောက်ခဲ့သည်။

သင်တန်းတက်နေစဉ် ပထမ Course ပြီး၍ စာမေးပွဲစစ်ရာ စစ်ဗိုလ်အငယ်များကြားတွင် အိမ်ထောင်ရှင် ဆရာကြီးက စာမေးပွဲကျခဲ့သည်။ ကျောင်းအုပ်ကြီးက "မေဂျာတင်မောင်၊ မင်း စာမေးပွဲကျတယ်၊

စာမျက်နှာ ၁၁ သို့



ဆရာကြီးသိပ္ပံမှူးတင်



ဆရာကြီး သိပ္ပံမှူးတင်၏ မိသားစုဝင်များ။

> ❖ ဆေးလိပ်သောက်သုံးမှု တားဆီးကာကွယ်ဆန့်ကျင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန် ကိုယ်ပိုင်ငွေကြေး စိုက်ထုတ်အကုန်အကျခံ၍ တတ်စွမ်းနိုင်သမျှ အားလုံးလုပ်ဆောင်ခဲ့သူ၊ သိပ္ပံနှင့်နည်းပညာကို တစ်ခေတ်ဆန်းသစ်စေရန် ၁၉၈၀ ပြည့်နှစ် အောက်တိုဘာလမှ စတင်ကာ ၂၆ နှစ်ကြာအောင် တက်စုံရှက်စုံဖွင့်ကာ သမိုင်းမှတ်တိုင်တစ်ရပ်အဖြစ် အောင်လံလွှင့်ထူနိုင်ခဲ့သူ သိပ္ပံမဂ္ဂဇင်း၏ ပွဲကိုင်ရှင် ဦးတင်မောင်ခေါ် ဆရာကြီး သိပ္ပံမှူးတင်

*စာမျက်နှာ ၁၀ မှ*

ဒါပေမယ့် ငါတို့ ဆီမှာ အခက်ဆုံးဖြစ်တဲ့ ပုံဆွဲဘာသာရပ်မှာ မင်းက ဂုဏ်ထူးတောင်ရတယ်၊ မင်း ပြန်မလား၊ ဆက်ဖြေမလား" ဟု ခေါ်မေးခဲ့သည်။ ဆက်ဖြေမည်ဟု ပြောခဲ့ချိန်မှစ၍ အုန်းသီးကို ခေါင်းအုံးလုပ်ပြီး စာကျက်ခဲ့သောကြောင့် စာမေးပွဲအောင် ခဲ့သည်။ အဆိုပါ အကြောင်းအရာများကို အိန္ဒိယမှာပင် မွေးဖွားခဲ့သည့် ဆရာကြီး၏ လက်ရုံးကိုယ်ပွားဖြစ်သော သိပ္ပံမဂ္ဂဇင်း၏ စာတည်းအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူ သားအငယ်ဆုံး ဦးတင်မောင်ထူးက ပြောပြခဲ့ခြင်းဖြစ်ပါသည်။


နိုင်ငံလွတ်လပ်ရေးတွင် စွမ်းစွမ်းတမံ ဆောင်ရွက်မှုတို့ကြောင့် ၁၉၆၀ ပြည့်နှစ်တွင် နိုင်ငံတော်က ချီးမြှင့်သော လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့် ရရှိခဲ့သည်။ ထိုနှစ်တွင် မေမြို့ ဗဟိုအင်ဂျင်နီယာတပ်၌ တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အမေရိကန်၊ စင်ကာပူ၊ ဟောင်ကောင်နှင့် ဂျပန်နိုင်ငံများသို့ သွားရောက်ခဲ့သည်။


၁၉၆၂ ခုနှစ်တွင် သမဝါယမ အထူးအရာရှိအဖြစ် ဆောင်ရွက်ပြီး ဥရောပကိုးနိုင်ငံသို့ သွားရောက်လေ့လာခဲ့သည်။ နော်ဝေး၊ ဆွီဒင်၊ ဒိန်းမတ်နိုင်ငံများရှိ နို့စက်ရုံ၊ ကြက်သား၊ ကြက်ဥ၊ ဝက်သား စက်ရုံများနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ဘီအိုင်အေ၊ ဘီဒီအေ၊ ပီဘီအက်ဖ်နှင့် ဗမာ့တပ်မတော်တွင် ၂၃ နှစ် အမှုထမ်းခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် ဗိုလ်မှူးဘဝဖြင့် အငြိမ်းစားယူခဲ့သည်။ ၁၉၆၉ ခုနှစ်မှ စတင်ကာ ၁၉၇၅ ခုနှစ်အထိ ပို့ဆောင်ရေးကိုယ်စားလှယ် ကော်ပိုရေးရှင်းတွင် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် နိုင်ငံတော်က ချီးမြှင့်သော နိုင်ငံ့ဂုဏ်ရည် ပထမဆင့် ရရှိခဲ့ပါသည်။


## ဆရာကြီးကို ထုဆစ်ပုံဖော်ပေးခဲ့ကြသူများ

ဆရာကြီးကို လူငယ်ပီပီ စွန့်စွန့်စားစား စူးစူးစမ်းစမ်း လုပ်ကိုင်လိုစိတ်ရှိရန် ဆရာကြီး၏ ဘကြီး ဦးညွန့်က လမ်းညွှန်ပေးခဲ့သည်။ ဘကြီး၏ လမ်းညွှန်ပေးမှုနှင့် ခက်ခဲနက်နဲလှသည့် သိပ္ပံကို စိတ်ဝင်စားသည့် ဆရာကြီး၏ ဝါသနာက ထပ်တူကျခဲ့သည်။ စက်မှုကိုနိုင်နင်းမှ စက်မှုနိုင်ငံဖြစ်မည်ဟု ခံယူထားသောကြောင့် အမိနိုင်ငံတော်တွင် စက်မှုတိုးတက်စေချင်သည့်ဆန္ဒ ဆရာကြီးတွင် သန္ဓေတည်ခဲ့သည်။

ဆရာကြီးကို ငယ်ရွယ်စဉ်မှစ၍ အင်္ဂလိပ်စာကို စိတ်ဝင်စားပြီး လေ့လာသင်ယူလိုစိတ် မျိုးစေ့ချပေးခဲ့ကြသည့် မန္တလေးမြို့ အမျိုးသားအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးရာဇတ်၊ ကသာမြို့ အစိုးရအထက်တန်းကျောင်းမှ ဆရာဦးဘ၊ ဆရာဦးဘသောင်းနှင့် မြစ်ကြီးနား အထက်တန်းကျောင်းမှ ဆရာမစ္စတာ ဆော်လမွန်တို့ကြောင့် လည်းကောင်း၊ ဆရာကြီး၏ နာခံတတ်မှု အပတ်တကုတ် ကြိုးစားအားထုတ်လေ့လာမှုများကြောင့် လည်းကောင်း အင်္ဂလိပ်စာ ထူးချွန်သူဖြစ်ခဲ့သည်။



ဆရာကြီးသည် ယနေ့ခေတ်ကျောင်းသားလူငယ်များကို အင်္ဂလိပ်စာကောင်းစွာတတ်ကျွမ်းအောင် လေ့လာစေလိုသည်။ သွက်လက်ချက်ချာကာ ထက်မြက်သည့် လူငယ်များဖြစ်စေလိုသည်။ ကျောင်းသားတိုင်း စာမေးပွဲအောင်မြင်စေလိုသည်။ ထို့အတွက်ကြောင့် စာသင်ကျောင်းများတွင် ဟောပြောသည့်အခါ 'ခေတ်လူငယ်သည် ခေတ်ပညာတတ်မှ'၊ 'နှစ်ဘာသာ မတတ်သူသည် တုံးသည်'၊ 'အင်္ဂလိပ်ဘောင်းဘီဝတ်မည့်အစား အင်္ဂလိပ်လိုပြောပါ' စသည့်ကြွေးကြော်သံများဖြင့် စေ့ဆော်ခဲ့သည့်အပြင် နိုင်ငံခြားအတွေ့အကြုံများ၊ ဆေးလိပ်၊ အရက်၊ ဘိန်းဖြူတို့၏ ဆိုးကျိုးအန္တရာယ်များနှင့် စာမေးပွဲအောင်မြင်စေသည့် နည်းလမ်းများဖြင့်ပါ ဆရာကြီးက ကျောင်းသားလူငယ်များကို ဟောပြောစည်းရုံးခဲ့သည်။

သိပ္ပံတွင်အရေးပါသည့် ပုံဆွဲပညာကို ကသာမြို့မှ ဆရာလူ၏ သင်ကြားပြသမှုကြောင့် ဆရာကြီး ရေးသားပြုစုသည့် စာအုပ်တချို့တွင် ဆရာကြီးကိုယ်တိုင် သရုပ်ဖော် ရေးဆွဲထားသည့် လက်ရာများကိုပါ တွေ့မြင်ရပါသည်။ ဆရာကြီး၏ ပညာရပ်တိုင်းအား တတ်မြောက်ချင်သည့်စိတ်ကို လေးစားအတုယူမိပါသည်။

သူငယ်ချင်းများ ဖြစ်ကြသော ဗိုလ်မှူးကြီးဟောင်း ကြည်မောင်နှင့် ဗိုလ်မှူးကြီးဟောင်းတင်မောင် (စာရေးဆရာ မြတ်ထန်) တို့၏ ညွှန်ပြမှုကြောင့် ၁၉၄၅ ခုနှစ်မှစ၍ ကမ္ဘာ့သိပ္ပံစာပေကို ဇောက်ချကာ လေ့လာဖတ်ရှုခဲ့သည်။ နိုင်ငံတော်ကောင်စီဝင်များ ဖြစ်ခဲ့ကြသော ပခုက္ကူမြို့မှ ဦးသန်းစိန်၊ ဗိုလ်မှူးချုပ် ဦးသောင်းဒန်၊ တပ်မတော်အင်ဂျင်နီယာမှ ဗိုလ်မှူး ထွန်းဝင်း၊ ပဲခူးမြို့မှ အကြောပါရဂူ ဆရာဝန်ကြီး ဦးစိုးလွင်၊ ဦးကျော်ငြိမ်း (ဆရာကြီး ဦးဘလွင်၏ သား)၊ ဆရာကြီး မင်းသုဝဏ်၊ ဓမ္မိက ဦးဘသန်း၊ ဆရာ ဦးချစ်လှိုင်နှင့် ဦးတင်အေး (ရှမ်းပြည်) တို့ကလည်း ဆရာကြီးဖတ်ရန် သူတို့ စုဆောင်းထားသည့် သိပ္ပံစာအုပ် စာတမ်းများပေးကာ ပညာဖြန့်ဝေ၍ အားပေးခဲ့ကြသည်။

ဆရာကြီးများ၏ အားပေးမှုများနှင့် ဆရာကြီး၏ တစိုက်မတ်မတ် လေ့လာမှုများ ထပ်မံ ပေါင်းစပ်လိုက်သည့်အခါ အာကာသဆိုင်ရာ သိပ္ပံစာပေများကို ပြောင်မြောက်စွာ ရေးသားနိုင်သူ ဖြစ်လာခဲ့သည်။ ဆရာကြီးရေးသည့် ဆောင်းပါးတိုင်းကို ပထမဦးဆုံး စိတ်ပါဝင်စားစွာ ဖတ်ခဲ့သူမှာ ဆရာကြီး၏ သားအငယ်ဆုံး ဦးတင်မောင်ထူး ဖြစ်သည်။ ဦးတင်မောင်ထူး ဖတ်ပြီး နားမလည်သည့် ဆောင်းပါးများကို ဆရာကြီးက နောက်တစ်ကြိမ် ပြင်ရေးခဲ့ပါသည်။ စာပေနယ်တွင် ဆရာကြီးကို သိပ္ပံစာပေများရေးသားသည့် စာရေးဆရာဟု ပထမဆုံး အသိအမှတ်ပြုခဲ့သူမှာ ဆရာကြီး တက်တိုးပင် ဖြစ်ပါသည်။

ကသာမြို့မှ ကာယဗလ ဦးနေဝင်း၏ ကာယနှင့် ကျန်းမာရေးပညာကိုပါ စိတ်ဝင်စားစေရန် အုတ်မြစ်ချ ပေးခဲ့မှုကြောင့် ဆရာကြီးသည် ကျန်းမာစေရန် ဂရုတစိုက် နေထိုင်စားသောက်ခဲ့သည်။ အရက်ဘီယာ မသောက်သည့်အပြင် ကွမ်းယာ၊ လက်ဖက်ရည်နှင့် ကော်ဖီတို့ကိုရှောင်၍ နွားနို့ကိုသာ သောက်ခဲ့သည်။ ဆရာကြီးသည် ငယ်စဉ်ကတည်းက တင်းနစ်၊ ဘက်မင်တန်၊ ဟော်ကီ၊ ဘောလုံးနှင့် ကျွမ်းဘားကစားခဲ့သည့်အပြင် အသက် ၁၂ နှစ်အရွယ်မှစ၍ အသက် ၅၀ ကျော်အထိ အလေးမ လေ့ကျင့်ခဲ့သူ ဖြစ်သည်။ ထိုနောက်ပိုင်းတွင် လေ့ကျင့်မှုများကိုလျှော့ကာ နေ့စဉ် တစ်နေ့ ငါးမိုင်ရှည်ရှည် ပြေးလျှောက်ခဲ့သကဲ့သို့ အသက် ၈၀ ကျော်အထိ ကလေးကျောပိုးအိတ်တွင် ခဲလုံးများထည့်ပြီး အိမ်အပေါ်ထပ်နှင့် အောက်ထပ်ကို အတက်အဆင်းပြုလုပ်ခဲ့သည်ဟု သိရပါသည်။ ကိုယ်တိုင်ကျန်းမာရေး လိုက်စားသည့်အပြင် လူကြီး၊ လူငယ်၊ ကလေးများကအစ ကျန်းမာစေချင်သည့် စိတ်စေတနာများဖြင့် အားကစားသိပ္ပံ ဆောင်းပါးများနှင့် ကျန်းမာရေး ပညာပေးဆောင်းပါးများကိုလည်း ရေးသားခဲ့ပါသည်။

## ဆရာကြီး၏ စာပေအတွေ့အကြုံ

၁၉၅၃ ခုနှစ်တွင် မင်္ဂလာဒုံ စစ်ဦးစီးတက္ကသိုလ်၌ တက်ရောက်နေစဉ် ၁၉၅၃ ခုနှစ် မတ်လထုတ် မြဝတီမဂ္ဂဇင်း အတွဲ (၁)၊ အမှတ်(၅)၌ ပုံနှိပ်ဖော်ပြခဲ့သော 'ငွေခဲ' ကလောင်အမည်နှင့် ရေးသားခဲ့သည့် 'သမီးထံလျှောက်လွှာ' သည် ဆရာကြီး၏လက်ရာ ပထမဆုံး ဝတ္ထုတိုဖြစ်သည်။ 'တင်မောင်'ဟူသောကလောင်အမည်ဖြင့် ရေးသားခဲ့ပြီး ဗိုလ်တထောင် သတင်းစာတွင် ဖော်ပြခံရသည့် 'ခပ်ဆူရာနှင့် ဇက်ဒီ' သိပ္ပံဆောင်းပါးသည်လည်း ပထမဆုံးဆောင်းပါးဖြစ်သည်။

နှစ်ပေါင်း ၂၀ နီးပါး သိပ္ပံဆိုင်ရာဆောင်းပါးများကို လေ့လာဖတ်ရှုနေစဉ် ၁၉၆၅ ခုနှစ် နိုဝင်ဘာလအတွင်း၌ ပေါ်ပေါက်လာသော ကြယ်တံခွန်အကြောင်း ဆောင်းပါးရေးရန် အိမ်တိုင်ရာရောက် တိုက်တွန်းခဲ့သည့် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတိုက်မှ အယ်ဒီတာချုပ် ဦးလှမြိုင် (ကိုဆောင်း)၊ အယ်ဒီတာ ဦးငြိမ်းမောင် (စာရေးဆရာ ငြိမ်းနိုင်) နှင့် သတင်းထောက်ချုပ် ဦးစိန်အေးတို့၏ အားပေးမှုများကြောင့် ၁၉၆၅ ခုနှစ်၊ နိုဝင်ဘာလ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတွင် 'မှူးတင်' ကလောင်အမည်ဖြင့် "အိကေယ ဆေခိ ကြယ်တံခွန်" သိပ္ပံဆောင်းပါးကို စတင်ရေးသားကာ သိပ္ပံလက်နက် တလက်လက်ဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ ထိုမှစတင်၍ သိပ္ပံစာပေများ တစိုက်မတ်မတ် ရေးသားလာခဲ့ရာမှ သိပ္ပံစာရေးဆရာအဖြစ် လူသိများ ထင်ရှားလာခဲ့သည်။

၁၉၆၇ ခုနှစ်တွင် မှူးတင် ကလောင်အမည်ဖြင့် 'ယနေ့သိပ္ပံ' လုံးချင်းစာအုပ်ကို စတင်ထုတ်ဝေခဲ့သည့်အပြင် ရေဒီယိုပြည်သူ့အကျိုးပြု ဟောပြောချက်များကိုလည်း စတင်အသံလွှင့်ခဲ့သည်။ တစ်ဖက်မှလည်း သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး တွဲဖက်အရာရှိအဖြစ် ဆောင်ရွက်ရင်း ဌာနတွင်းရှိ ဝါသနာရှင်များ စုစည်းပြီး 'သလပဒေသာကပွဲ' ကို ဦးဆောင်ကျင်းပခဲ့သည်။ ၁၉၆၉ ခုနှစ် ပြည်ထောင်စုနေ့တွင် မန္တလေးမြို့၌ ကျင်းပသော 'သလပဒေသာကပွဲ' အပါအဝင် တစ်နိုင်ငံလုံးတွင် ပွဲချီပေါင်း ၅၀ ကျော် ဖျော်ဖြေခဲ့သည်။

ဆရာကြီးသည် သိပ္ပံအကြောင်းအရာများကို ရေးသားမှုတွင်သာ တင်းတိမ်ရောင့်ရဲ ကျေနပ်မနေဘဲ လူတိုင်း လူတိုင်းအား ကျန်းမာစေလိုသော စိတ်စေတနာဖြင့် ၁၉၆၈ ခုနှစ်တွင် ပြည်သူများအတွက် အရေးပါသော ကျန်းမာရေးဘာသာရပ်ကို အထူးပြုရေးသားရန်ဆုံးဖြတ်ခဲ့သည်။ ထိုအချိန်မှစ၍ ကျန်းမာရေးဆိုင်ရာ သိသင့်သိထိုက်သည်များကို ဖတ်မှတ်လေ့လာခြင်း၊ လက်တွေ့လေ့လာခြင်း၊ မိမိထက် တတ်ကျွမ်းသူများထံ ချဉ်းကပ်လေ့လာခြင်းများ ပြုလုပ်ခဲ့သည်။ ထိုပညာရပ်များကို အကျိုးရှိရှိ အသုံးချကာ ကျန်းမာရေးနှင့် ဆေးပညာဆိုင်ရာ ပညာပေးဆောင်းပါးများကို စတင်ရေးသားခဲ့တော့သည်။

သိပ္ပံသည် မှန်းဆတွေးထင်ချက်ဖြင့် ပြော၍ ရေး၍မရဘဲ တကယ်လက်တွေ့စမ်းသပ်ပြီး ဟုတ်မှန်သော အချက်များကိုသာ ရေးသားဖော်ပြရသော ပညာဟု နားလည်ထားသည့် ဆရာကြီးက သိပ္ပံပညာနှင့် ပတ်သက်၍ ထဲထဲဝင်ဝင် လက်တွေ့ပြုလုပ်ခဲ့သည်။ စက်မှုသိပ္ပံအကြောင်းရေးမည်ဆိုပါက သိရှိနားလည်ရန် စက်ပစ္စည်းများ သို့မဟုတ် ကားအဟောင်းများကိုဝယ်ပြီး တစ်စစီဖြုတ်ကာ ပြန်ဆင်ပြန်တပ် ပြုလုပ်ခဲ့သည်။

ထို့ပြင် ဆရာကြီးသည် ရန်ကုန်စက်မှုတက္ကသိုလ်မှ ကျောင်းသားများနှင့် Hover Craft တစ်ယောက်စီးယာဉ်ကို မြက်ရိတ်စက်ဖြင့် စမ်းသပ်ပြုလုပ်ရာ အောင်မြင်ခဲ့သည်။ ပျံနိုင်သည့်အပြင် ရွှံ့နွံထဲနှင့် ရေတိမ်ပိုင်းမှာပါ မောင်း၍ ရခဲ့သည့် အဆိုပါ Hover Craft ယာဉ်ကို ဆရာကြီး၏ သားအငယ်ဆုံးပင် စီးခဲ့ရသည်ဟု သိရပါသည်။ ဆရာကြီး၏ Logo 'ဖွတ်ဖွတ်ညက်ညက်ကြေ' လက်သုံးစကားနှင့်အညီ မည်သည့်အရာတွင်မဆို ဤကဲ့သို့ လေ့လာကြိုးစားလက်တွေ့ကျကျ စူးစမ်းခဲ့သည့်ဆရာကြီးပင်ဖြစ်သည်။

ဆရာကြီးသည် ၁၉၆၈ ခုနှစ်၊ မတ်လ ၂၀ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွမ်းခြံကုန်းမြို့နေ လယ်သမားကြီး ဦးထန်ဟိုး၊ ဒေါ်သိန်းတို့၏ သမီး ၁၉ နှစ်အရွယ် ကိုးတန်းကျောင်းသူ မသန်းအေး၏ နှလုံးခွဲစိတ်မှုကို ခွဲစိတ်ခန်းအတွင်း လက်တွေ့သွားရောက်ကြည့်ရှုလေ့လာမှတ်သားခဲ့သည်။ အခြားခွဲစိတ်မှုများကိုလည်း သိပ္ပံဘာသာရပ်ပေါင်းစုံ ရေးသားနိုင်ရန်အတွက် ယခုကဲ့သို့ပင် နေရာဒေသမရွေး ကိုယ်တိုင်သွားရောက်လေ့လာခဲ့ပါသည်။ စာတွေ့အတွေ့အကြုံ ကိုယ်တိုင်မြင်တွေ့ မှတ်သားခဲ့ရသည့် အတွေ့အကြုံများဖြင့် ၁၉၆၉ ခုနှစ်တွင် ဆေးသိပ္ပံအကြောင်းများ ရေးသားပြုစုထားသည့် 'ယနေ့သိပ္ပံ-၁' စာအုပ်ထွက်ရှိခဲ့သည်။ ဆရာဝန် မဟုတ်သော်ငြားလည်း တိတိကျကျ ရေးသားချင်သည့် ဆရာကြီး၏ မလျှော့သော ဇွဲ လုံ့လ ဝီရိယရှိမှု၊ ကြိုးစားအားထုတ်မှုများက အတုယူစရာ စံနမူနာကောင်းများပင် ဖြစ်ပါသည်။

ဆရာကြီးသည် အသက် ၇၃ နှစ်တွင် နှလုံးသွေးကြောကျဉ်း၍ မင်္ဂလာဒုံ စစ်ဆေးရုံတွင် တက်ရောက်ကုသခဲ့ရသည့်အပြင် ၂၀၀၂ ခုနှစ် ဇွန်လ၌လည်း ဘယ်ဒူးဆစ်နာ၍ မင်္ဂလာဒုံအရိုးအထူးကုဆေးရုံတွင် ထပ်မံကုသမှုခံယူခဲ့ရသည်။ ထိုသို့ကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် ဒူးနာရောဂါနှင့် နှလုံးရောဂါအကြောင်းကို ၂၀၀၂ ခုနှစ် စက်တင်ဘာလထုတ် သိပ္ပံမဂ္ဂဇင်းတွင် 'ကျွန်တော့် ဒူးခေါင်းနှင့် နှလုံး' ခေါင်းစဉ်ဖြင့် အများသူငါ ဗဟုသုတရစေရန်အလို့ငှာ ဆောင်းပါး ရေးသားခဲ့ပါသည်။

၁၉၇၀ ပြည့်နှစ်တွင် သိပ္ပံပညာသိကောင်းစရာကဏ္ဍသစ်ကို မြန်မာ့အသံညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်ကြည်က မြန်မာ့အသံ လေလှိုင်းပေါ်၌ တီထွင်ခဲ့သည်။ မြန်မာ့အသံထုတ်လွှင့်ရေးမှူး ဦးသန်းစိန်သစ်က ဆရာကြီးကို အမည်ရှေ့တွင် သိပ္ပံစကားလုံးအား တပ်စေပြီး 'သိပ္ပံမှူးတင်' အဖြစ် သိပ္ပံပညာသိကောင်းစရာ အခန်းကဏ္ဍတွင် ဟောပြောနိုင်ရန် စင်တင်ပေးခဲ့သည်။ ထိုအချိန်မှစ၍ ဆရာကြီး၏ သိပ္ပံပညာသိကောင်းစရာ ဟောပြောချက်များက ရေဒီယိုလေလှိုင်းကြားတွင် ပျံ့နှံ့ခဲ့သည်။ ၁၉၇၄ ခုနှစ်၊ ဩဂုတ်လတွင် ထိုရေဒီယိုဟောပြောချက်များကို စုစည်း၍ 'သိပ္ပံအကြောင်း သိကောင်းစရာ' စာအုပ်ကို ရေးသားထုတ်ဝေခဲ့ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင် ငွေကျပ် ၁၈ ဘီလီယံ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)နှင့် ကတ်တမင်းများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင် ငွေကျပ် ၁၈ ဘီလီယံ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)နှင့် ကတ်တမင်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၉ ရက် ည ၈ နာရီခွဲတွင် အမရပူရမြို့နယ် စွယ်တော်ကားဝင်းရှေ့ ၆၂ လမ်းပေါ်တွင်ရပ်တန့်ထားသည့် FUSO ၁၂ ဘီး ကွန်တိန်နာယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်မောင်း ဖြိုးမင်းသူ (၃၃ နှစ်)နှင့် ဇော်ထွေး(၃၈ နှစ်)တို့ကိုတွေ့ရှိရပြီး အဆိုပါယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၁၈ ဘီလီယံတန်ဖိုးရှိအိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၈၀၀ နှင့် ကတ်တမင်း ကီလို ၂၀၀ သိမ်းဆည်းရမိခဲ့ကြောင်း**(ယာပုံ)**၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်မှ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ၊ ဆန်၊ ဆီများ၊ စားသောက်ကုန်များနှင့် အသား၊ ငါးများ ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကားရောင်းချပေးသည့်အစီအစဉ် တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူ ဝယ်ယူနိုင်ရေး အရည်အသွေးနှင့် ဈေးနှုန်း မှန်ကန်စွာရရှိစေရေး အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက် လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်း အစီအစဉ်ကို ယနေ့တွင် ဆက်လက်ဆောင်ရွက်ခဲ့ရာ ဆေးနှင့် ဆေးပစ္စည်းဖြန့်ဖြူးရောင်းချသော ကုမ္ပဏီ ၁၀ ခုမှ အိမ်သုံးဆေးဝါး ၁၁၆ မျိုးကို ရောင်းချပေးခဲ့သည်။




အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ်(၁၀၄/၁၀၈)နေရာ၌လည်း ၃၅ ရက်မြောက်အဖြစ် ယနေ့တွင် ဆက်လက်ရောင်းချပေးခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများအသင်းတို့၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အချို့တွင်လည်း ရွေ့လျားဈေးကားဖြင့် ဆန်၊ ဆီများ၊ စားသောက်ကုန်များနှင့် အသား၊ ငါးများကို ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၁**

မိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် ကျိုင်းတုံမြို့ ရပ်ကွက်(၁) ကောင်းကန်ရွာနေ ဒေါ်နာခမ်း(မိ)၊ ကောစင်းကန်ရွာနေ လုကာ(ခ) ချစ်ဝင်းသူ(မိ)၊ ဟွေကွယ်အုပ်စု ဖားရုံလုံရွာနေ မအေးမီ(မိ)နှင့် ကျိဗေရာမိန် (တိမ်းရှောင်)၊ မိုင်းပျဉ်းမြို့နယ် လွယ်လုံ(၁)အုပ်စု ဘူးညီကျယ်ကျေးရွာနေ ကျဟား(ခ) ကျဂဲ(မိ) နှင့် လှဝင်း(မိ)၊ ဟူနော့ရွာနေ ကျဖေ့(တိမ်းရှောင်) နှင့် မနာအူ(တိမ်းရှောင်) တို့က ရှမ်းပြည်နယ် မိုင်းပျဉ်းမြို့နယ် ပိန်းဆန်းရပ်ကွက် ဆရာစံလမ်းနေ မ - - - (၂၄ နှစ်)ကို တရုတ်နိုင်ငံတွင် တရုတ်အမျိုးသားနှင့် လက်ထပ်ပါက အဆင်ပြေနိုင်ကြောင်း ပြောဆိုစည်းရုံးပြီး တရုတ်အမျိုးသား ထံပို့ဆောင် ရောင်းစားခဲ့သဖြင့် ကျိုင်းတုံမြို့မရဲစခန်း၊ (ပ) ၂၉၇/ ၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂/ ကျင့် ၅၁၂ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ကျိုင်းတုံခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ စက်တင်ဘာ ၂၇ ရက်တွင် တရားခံ ဒေါ်နာခမ်း၊ လုကာ(ခ) ချစ်ဝင်းသူ၊ မအေးမီ၊ ကျဟား(ခ)ကျဂဲ၊ လှဝင်းတို့ ငါးဦးကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်းနှင့် တိမ်းရှောင်တရားခံများအား တရားခံပြေးကြေညာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြု အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**မိတ္ထီလာ အောက်တိုဘာ ၁**

(၅၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ဂုဏ်ပြုသောအားဖြင့် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို အောက်တိုဘာ ၁ ရက်က မိတ္ထီလာမြို့နယ်ရဲတပ်ဖွဲ့ရုံးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရှိ မြို့မရဲစခန်း၊ အမှတ်(၂)နယ်မြေရဲစခန်း၊ အမှတ်(၃)နယ်မြေရဲစခန်း၊ ရှမ်းမငယ်ရဲစခန်း၊ အလည်ရွာရဲကင်းစခန်းတို့ရှိ အရာရှိအဆင့်နှင့် အခြားအဆင့်အပါအဝင် တပ်ဖွဲ့ဝင် ၂၀၁ ဦးတို့အား ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ကုလားပဲနှင့် ကြက်ဥများ စသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းထွန်းနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁**

(၅၇) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက်ပိုင်းက အမှတ်(၁၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲ ဓမ္မာရုံ ပတ်ဝန်းကျင်နှင့် ဖြုတ်ကုန်းကျေးရွာ ဘုန်းကြီးကျောင်း၌ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ချမ်းမြေ့ဝင်း၏ဇနီး ဒေါ်သန့်ကြည်ဖြူစိုး ဦးစီးသော တပ်ဖွဲ့ဝင်၊ မိသားစုဝင်များက သစ်ပင်စိုက်ပျိုးခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် ဥတ္တရသီရိမြို့နယ် အရိုးအကြောအထူးကုဆေးရုံကြီး၌ ဌာနချုပ်တပ်ဖွဲ့ခွဲမှူး ဦးဆောင်၍ တပ်ဖွဲ့ဝင် ၃၃ ဦးနှင့် မိသားစုဝင် ၁၄ ဦးက စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



## ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးများ ပထမသုံးလပတ်အတွက် ထောက်ပံ့ငွေများပေးအပ်

**သီပေါ အောက်တိုဘာ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန အနေဖြင့် ပထမသုံးလပတ် MCCT ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို**(အောက်ပုံ)** ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စမ်းစမ်းသွယ်က ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးများ MCCT ၏ ငွေကြေးထောက်ပံ့ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက မြို့ပေါ် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၆ အုပ်စုတို့မှ ကိုယ်ဝန်ဆောင်နှင့် နှစ်နှစ်အောက်ကလေး ၃၅၉၈ဦး (စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ) ပထမသုံးလပတ်အတွက် တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ကို သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများမှတစ်ဆင့် ပေးအပ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**မိုး/ဇလ**



(၅၇) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် တပ်ကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး တင်အောင်မိုး၊ တပ်ကုန်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ရဲတေဇနှင့် စခန်းတပ်ဖွဲ့ဝင်၊ မိသားစုများ အောက်တိုဘာ ၁ ရက်က ငွေတောင်တောရစာသင်တိုက်ရှိ စာချစာသင်သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

တင့်ဇော်ထွန်း

## ပုသိမ်မြို့ စက်တော်ရာဘိုးဘွားရိပ်သာ၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်ပြုလုပ်



**နေပြည်တော် အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်ကို ယနေ့နံနက်ပိုင်းက စက်တော်ရာ ဘိုးဘွားရိပ်သာ၌ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြုလုပ်ရာတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အဖွဲ့ဝင်များ၊ စက်တော်ရာ ဘိုးဘွားရိပ်သာကြီးကြပ်ရေးဥက္ကဋ္ဌ ဒေါ်တင်တင်လှနှင့် ကန်တော့ခံ ဘိုးဘွားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဘိုးဘွားများကို ပူဇော်ကန်တော့ကြသည်။

ထို့နောက် စက်တော်ရာ ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများ စားသောက်ရေး အဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ အလှူငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာမှ တာဝန်ရှိသူများက လက်ခံရယူကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က စက်တော်ရာ ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများကို အလှူငွေများ လိုက်လံပေးအပ် လှူဒါန်းကြသည်။ ယင်းနောက် ဘိုးဘွားများ ကိုယ်စား အဘိုးတစ်ဦးက အလှူရှင်များအား မေတ္တာပို့သကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စိုက်ပျိုးစရိတ်ချေးငွေနှင့် ကိုဗစ်-၁၉ အထူးချေးငွေများ ပေးဆပ်ရန်ကာလ တိုးမြှင့်ပြင်ဆင်သတ်မှတ်ကြောင်း တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

**နေပြည်တော် အောက်တိုဘာ ၁ ရက်**

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ဘဏ်တည်ထောင်သည့် ၁၉၅၃ ခုနှစ်မှစ၍ တောင်သူလယ်သမားဦးကြီးများနှင့် ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်ကျေးဇူးပြုရင်း ရပ်တည်လာခဲ့သည်မှာ (၆၈) နှစ်ရှိပြီ ဖြစ်ပါသည်။ ယခင်က စိုက်ပျိုးစရိတ်ချေးငွေတစ်ခုတည်းကိုသာ ထုတ်ချေးခဲ့ရာမှ ယနေ့အချိန်တွင် စိုက်ပျိုးစရိတ်ချေးငွေသာမက ဖွံ့ဖြိုးရေးချေးငွေများဖြစ်သည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ၊ (JICA, Two Step Loan)၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးနှစ်ဆင့်ချေးငွေ (MEB, Two Step Loan)နှင့် ကိုဗစ်-၁၉ အထူး ချေးငွေစသည့်ချေးငွေများကိုလည်း တိုးတက်ထုတ်ချေးလျက်ရှိပါသည်။

၂။ နိုင်ငံတော်တွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရန် ထုတ်ပြန်ရသော သွားလာမှုကန့်သတ်ချက်များ၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုအခက်အခဲများ၊ သယ်ယူပို့ဆောင်မှု အခက်အခဲများ စသည်တို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူဦးကြီးများ၏ အခက်အခဲများကို အထိုက်အလျောက် ပြေလည်စေရန်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူထားသော ယခင်နှစ်ချေးငွေများ ပြန်လည်ပေးဆပ်မှုနှင့် ယခုနှစ် စိုက်ပျိုးကာလအမီ ချေးငွေသစ်များ ပြန်လည်ထုတ်ချေးရမှုတို့အတွက် အဆင်ပြေစေရန် **စိုက်ပျိုးစရိတ်ချေးငွေနှင့် ကိုဗစ်-၁၉ အထူးချေးငွေ ပြန်လည်ပေးဆပ်ရန်ကာလများကို** အောက်ပါအတိုင်း တိုးမြှင့်ပြင်ဆင် သတ်မှတ်ပေးထားပါသည် -

(က) ၂၀၂၀ ပြည့်နှစ်၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပြန်လည်ပေးဆပ်ရန်ကာလကို ၃၁-၇-၂၀၂၁ ရက်နေ့အစား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ။


(ခ) **ကိုဗစ်-၁၉ အထူးချေးငွေ** ပြန်လည်ပေးဆပ်ရန်ကာလကို ၁၅-၉-၂၀၂၁ ရက်နေ့အစား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ။

(ဂ) **၂၀၂၁ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ** ထုတ်ချေးပေးမှုနောက်ဆုံးရက်ကို ၃၀-၉-၂၀၂၁ ရက်နေ့အစား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလကုန်အထိ။

၃။ သို့ဖြစ်ပါ၍ တောင်သူလယ်သမား ဦးကြီးများအနေဖြင့် သက်ဆိုင်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများနှင့် အချိန်မီ ဆက်သွယ်ဆောင်ရွက်နိုင်ကြပါရန် လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှု လျော့ကျလာသည့်အတွက် အရေးပေါ်အခြေအနေကြေညာထားမှုကို ရုပ်သိမ်း

တိုကျို အောက်တိုဘာ ၁

**ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ အရေးပေါ်အခြေအနေကြေညာထားမှုကို အောက်တိုဘာ ၁ ရက်တွင် ရုပ်သိမ်းပေးခဲ့သည်။ ဧပြီလမှစတင်ကာ အရေးပေါ်အခြေအနေ ကြေညာထားခဲ့ခြင်းဖြစ်ရာ တိုကျိုမြို့ အပါအဝင် အခြားသောခရိုင် ၁၈ ခုတို့ကို အရေးပေါ်အခြေအနေအောက် ထားရှိခဲ့ပြီး အဆိုပါကြေညာမှုမှာ စက်တင်ဘာ ၃၀ ရက်တွင် ကုန်ဆုံးသွားပြီဖြစ်သည်။**

ကိုဗစ်-၁၉ ကူးစက်မှုများ တဖြည်းဖြည်းချင်း ကျဆင်းလာပြီးနောက် တိုင်းပြည်၏ ကျန်းမာရေးစနစ်ကိုလည်း သက်သာရာရစေခဲ့သည်။ လူမှုရေးနှင့် စီးပွားရေး လှုပ်ရှားမှုများတွင် ဖြေလျှော့ပေးရန် အစိုးရတွင် အစီအစဉ်ရှိသည့် အတွက် စားသောက်ဆိုင်များနှင့် ပန်းခြံများ၊ အခြားသော စီးပွားရေး လုပ်ငန်းများမှာ ဧည့်သည်လက်ခံသည့် လူဦးရေတိုးရန် မျှော်မှန်းထားကြသည်။

နောက်ထပ် ကူးစက်မှုလှိုင်း ဖြစ်ပေါ်မည့် အန္တရာယ်မှုလည်း ကာကွယ်သွားမည် ဖြစ်သည်။ အရေးပေါ် အခြေအနေ ကြေညာထားမှု အောက်တွင် ပြည်သူများ ခရီးသွားလာမှုကို ရှောင်ကြဉ်ရန် သတိပေးထားပြီး ခရီးသွား ကဏ္ဍတွင်လည်း ပြည်တွင်းခရီးသွားလုပ်ငန်းတွင် တိုးတက်လာမည့် အလားအလာကို တွေ့မြင်ရသည်။

တိုကျို ဒစ္စနေးဥယျာဉ်နှင့် ယူနီဗာဆယ် စတူဒီယိုတို့တွင် လာရောက် လည်ပတ်မည့် ဧည့်သည် အရေအတွက်ကို ၅၀၀၀ မှ ၁၀၀၀၀ အထိ တိုးမြှင့်သွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုများ လျော့ကျလာပြီး ဩဂုတ် ၂၀ ရက်တွင် နေ့စဉ် ကူးစက်မှုနှုန်းမှာ ၂၅၈၆၇ ဦးရှိခဲ့ပြီး စက်တင်ဘာ ၃၀ ရက်တွင်မူ ၁၅၇၆ ဦးသာ ရှိခဲ့သည်။ ကျိုဒို



တိုကျိုမြို့ ဈေးတန်းတစ်ခုတွင် သွားလာလှုပ်ရှားနေကြသူများကို တွေ့ရစဉ်။

# စက်တင်ဘာလအတွင်း အီလီနွိုက်ပြည်နယ်၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုအများဆုံးဖြစ်

**ချီကာဂို အောက်တိုဘာ ၁**

ဖေဖော်ဝါရီလမှ စတင်ကာ အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ်တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုများကို တွက်ချက်ကြည့်ရာ စက်တင်ဘာလအတွင်း သေဆုံးမှုမှာ အများဆုံးဖြစ်သည်ဟု ချီကာဂိုထရီဗြူးတွင် စက်တင်ဘာ ၃၀ ရက်က ဖော်ပြထားသည်။


အမေရိကန်နိုင်ငံ ဘန်တန်မြို့ ဖရန့်ကလင်းဆေးရုံအရေးပေါ်ဌာနကို တွေ့ရစဉ်။

ဩဂုတ်လအတွင်း သေဆုံးသူ ၅၀၆ ဦးရှိပြီး ဇူလိုင်လတွင် ၂၂၂ ဦးရှိသည်။ စက်တင်ဘာလအတွင်း သေဆုံးသူမှာ ၁၀၂၃ ဦးရှိသည်။ ဖေဖော်ဝါရီလမှ စတင်ကာ ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုများကို တွက်ချက်ကြည့်ရာ စက်တင်ဘာလအတွင်း သေဆုံးသူ ၁၀၀၀ ကျော်လွန်သွားခြင်းဖြစ်သည်။

အမေရိကန် ပြည်ထောင်စုတွင် ကပ်ရောဂါစတင်သည့် အချိန်မှစတင်ကာ အီလီနွိုက်ပြည်နယ်တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၄၉၇၆ ဦးရှိသည်။ စက်တင်ဘာ ၃၀ ရက်တွင် နောက်ထပ်ကူးစက်ခံရသူ ၃၃၄၄ ဦးရှိသည်။ တစ်ပတ်တာအတွင်း ကူးစက်မှုအများဆုံးလည်း ဖြစ်သည်။

နေ့စဉ် ကူးစက်မှုနှုန်းမှာ ပြီးခဲ့သည့် သီတင်းပတ်အတွင်း ၂၆၉၉ ဦးရှိခဲ့သည်။ ပြည်နယ်တစ်လွှား ဆေးရုံတက်ရောက်ကုသမှု ခံယူရသူတစ်နေ့လျှင် ၁၈၈၅ ဦး ရှိသည်။

ပြည်နယ်အတွင်း အသက် ၁၂ နှစ်နှင့်အထက် ကာကွယ်ဆေးထိုးပေးနိုင်မှု ပမာဏမှာ ၆၅ ရာခိုင်နှုန်းရှိသည်ဟု အီလီနွိုက်ပြည်သူ့ ကျန်းမာရေးဌာနက ပြောသည်။

ဆင်ဟွာ

# မလေးရှားနိုင်ငံ၌ အသက် ၁၂ နှစ်မှ ၁၇ နှစ်အတွင်း ကလေးများကို ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် ခွင့်ပြု

**ကွာလာလမ်ပူ အောက်တိုဘာ ၁**

မလေးရှားနိုင်ငံတွင် ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အသက် ၁၂ နှစ်မှ ၁၇ နှစ်ကြား ကလေးများကို ထိုးပေးရန် မလေးရှားနိုင်ငံမှ ဆေးဝါးကြီးကြပ်သူများက အောက်တိုဘာ ၁ ရက်တွင် ခွင့်ပြုချက်ပေးခဲ့သည်။

တိုင်းပြည်၏ ဆေးဝါးထိန်းချုပ်ရေးအာဏာပိုင်များက ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အသက် ၁၂ နှစ်မှ ၁၇ နှစ်ကြား အသက်အုပ်စုကို ထိုးပေးရန် ခွင့်ပြုပေးခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန် အဗ္ဗဒူလာက ပြောသည်။

မလေးရှားနိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမှုကို အရှိန်မြှင့်လျက်ရှိရာ စက်တင်ဘာ ၃၀ တစ်ရက်တည်းတွင်ပင် လူပေါင်း ၃၂၉၁၆၃ ဦးကို ကာကွယ်ဆေးထိုးပေးနိုင်ခဲ့သည်။

ဆင်ဟွာ

# တောင်ကိုရီးယားနိုင်ငံ၏ မြို့တော်ဧရိယာတစ်ဝိုက်တွင် ခပ်ခွာခွာနေထိုင်ရေးအစီအစဉ် နှစ်ပတ်တိုးချဲ့မည်

**ဆိုးလ် အောက်တိုဘာ ၁**

တောင်ကိုရီးယားနိုင်ငံ၏ မြို့တော်ဧရိယာ တစ်ဝိုက်တွင် အတင်းကျပ်ဆုံး လူတစ်ဦးချင်း ခပ်ခွာခွာနေထိုင်ရေး အစီအစဉ်များကို နှစ်ပတ်တိုးချဲ့သွားရန် အောက်တိုဘာ ၁ ရက်တွင် ဆုံးဖြတ်ခဲ့သည်ဟု သိရသည်။ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုများများပြားနေသည့်အတွက် ယခုလို ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အဆင့် ၄ သတ်မှတ်ထားသည့် လူမှုဝေးကွာသတ်မှတ်ချက်အရ ဆိုးလ်မြို့၊ အင်ချွန်းနှင့် ဂယောင်းဂီခရိုင်တို့တွင် အောက်တိုဘာ ၁၇ ရက်မတိုင်မီအထိ အတင်းကျပ်ဆုံး ဆောင်ရွက်မည်ဖြစ်သည်။ ဆိုးလ်မြို့ ဧရိယာတစ်ဝိုက်တွင် ကိုဗစ်-၁၉ အတင်းကျပ်ဆုံး စည်းကမ်းများကို ဇူလိုင် ၁၂ ရက်မှစတင်ကာ ကျင့်သုံးခဲ့ခြင်းဖြစ်သည်။

ညနေ ၆ နာရီနောက်ပိုင်း လူစုလူဝေး ပြုလုပ်ခွင့်ကို နှစ်ဦးအထိသာ သတ်မှတ်ထားသည်။ နေ့ဘက်အချိန်တွင် လူစုလူဝေး သတ်မှတ်ချက်မှာ လူခြောက်ဦးအထိသာ ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုမှာ လျော့ကျလာသည့် လက္ခဏာမပြသည့်အတွက် အတင်းကျပ်ဆုံး အသွားအလာ ကန့်သတ်မှုချမှတ်ခဲ့ခြင်းဖြစ်သည်။

မြို့တော်ဧရိယာမဟုတ်သည့် နေရာများတွင် အောက်တိုဘာ ၁၇ ရက်အထိ အဆင့် ၃ လူမှုဝေးကွာ ကန့်သတ်ချက်များကို ကျင့်သုံးသွားမည်ဟု သိရသည်။

ဆင်ဟွာ

# ပန်ဂျပ်ပြည်နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူ ၂၂၃ ဦးတွေ့ရှိ

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁**

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူ ၂၂၃ ဦး တွေ့ရှိခဲ့ပြီး အဆိုပါဒေသတွင် ရောဂါဖြစ်ပွားမှုအတွက် စိုးရိမ်ပူပန်မှုများ ရှိလာသည်ဟု အရာရှိတစ်ဦးက စက်တင်ဘာ ၃၀ ရက်တွင် ပြောသည်။

သွေးလွန်တုပ်ကွေးရောဂါကူးစက်ခံရသူ ၂၂၃ ဦးအနက် ၁၆၇ ဦးမှာ လာဟိုးမြို့တွင် ကူးစက်ခံရသူများဖြစ်သည်။ ၃၅ ဦးမှာ အစ္စလာမ္မာဘတ်နှင့် အိမ်နီးချင်း ရာဝါပန်ဒီခရိုင်မှ ဖြစ်သည်။ ပန်ဂျပ်ပြည်နယ်တွင် တိုင်းပြည်လူဦးရေ၏ ထက်ဝက်နီးပါးနေထိုင်ပြီး ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါခံစားရသူ ၁၆၅၉ ရှိသည်ဟု သိရသည်။ သွေးလွန်တုပ်ကွေးရောဂါ ရှင်းလင်းနိုင်ရေးအတွက်ကျန်းမာရေးဌာနမှလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်ဟုလည်း အရာရှိတစ်ဦးက ပြောသည်။

ပါကစ္စတန်မြို့တော် အစ္စလာမ္မာဘတ်တွင်လည်း သွေးလွန်တုပ်ကွေးရောဂါကူးစက်မှုများတိုးနေပြီး ပြီးခဲ့သည့် သီတင်းပတ်နှစ်ပတ်အတွင်း လူနာသုံးဦးသေဆုံးခဲ့ပြီးဖြစ်သည်ဟုဒေသတွင်း မီဒီယာများက စက်တင်ဘာ ၃၀ ရက်တွင် ဖော်ပြကြသည်။

ဆင်ဟွာ

# ကမ္ဘောဒီးယားနိုင်ငံတွင် လူဦးရေ ၈၃ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့

**ဖနောင်ပင် အောက်တိုဘာ ၁**

နိုင်ငံ့လူဦးရေ၏ ၈၃ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးပြီဖြစ်သောကြောင့် ကမ္ဘောဒီးယားနိုင်ငံတွင် အောက်တိုဘာ ၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ အံ့သြစရာကောင်းအောင် ကျဆင်းခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန် ကြေညာလိုက်သည်။

ကမ္ဘောဒီးယား နိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက် ဖြစ်ပွားသူ ၂၃၂ ဦးရှိခဲ့သည့်အနက် ၄၅ ဦးမှာ ပြည်ပကူးစက်ဖြစ်ပွားသူများဖြစ်ပြီး ဧပြီလလယ်မှစကာ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အနိမ့်ဆုံးဖြစ်ခဲ့ကြောင်း ထုတ်ပြန် ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားသူပေါင်းမှာ ၁၁၂၈၈၃ ဦးအထိ ရောက်ရှိလာခဲ့သည်။ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၇ ဦးရှိလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၃၃၆ ဦးအထိ ရောက်ရှိလာခဲ့ပြီး ကိုဗစ်-၁၉ မှ ပြန်လည် ကောင်းမွန်လာသူ ၁၀၃၃၈၃ ဦး ရှိလာပြီဖြစ်သည်။

စက်တင်ဘာ ၃၀ ရက်အထိ လူဦးရေ ၁၆ သန်းရှိသည့်အနက် လူဦးရေ ၁၃ ဒသမ ၃၇ သန်း သို့မဟုတ် ၈၃ ဒသမ ၅၇ ရာခိုင်နှုန်းကို အနည်းဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ကြိမ် ထိုးနှံပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အကြီးအကဲနှင့် ပြောရေးဆိုခွင့်ရှိသူ အော်ဗန်ဒင်းက ပြောသည်။

၎င်းတို့အနက် လူဦးရေ၏ ၁၁ ဒသမ ၀၆ သန်း သို့မဟုတ် ၆၉ ဒသမ ၁၂ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပေးခဲ့ပြီး ၈၉၄၃၅၁ ဦး သို့မဟုတ် ၅ ဒသမ ၅၈ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး အပိုဆောင်း ထိုးနှံခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ၂၇-၉-၂၀၂၁ ရက်နေ့မှ ၁-၁၀-၂၀၂၁ ရက်နေ့အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ **ကျပ် ၁၉ . ၆၁၀ သန်း** ဖြစ်ပါသည်။ ၁-၁၀-၂၀၂၁ ရက်နေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း

| | ကျပ် |
|---|---|
| ၂၆-၉-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၄၆,၀၅၃,၀၀၀,၅၀၃.၉၁ |
| (+) ၂၇-၉-၂၀၂၁ မှ ၁-၁၀-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၁၉,၆၁၀,၀၀၀.၀၀ |
| ၁-၁၀-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၄၆,၀၇၂,၆၁၀,၅၀၃.၉၁ |

### ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၂၆-၉-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၇၀,၃၆၂,၃၄၉.၅၃ |
| (+) ၂၇-၉-၂၀၂၁ မှ ၁-၁၀-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | - |
| (-) ၃၀-၉-၂၀၂၁ ရက်နေ့ တရုတ်နိုင်ငံ Sinopharm ကုမ္ပဏီသို့ ပေးချေငွေ | ၂၆,၆၀၀,၀၀၀.၀၀ |
| ၁-၁၀-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၄၃,၇၆၂,၃၄၉.၅၃ |

### ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း
### (၂၇-၉-၂၀၂၁ ရက်နေ့မှ ၃၀-၉-၂၀၂၁ ရက်နေ့ထိ)

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၂၇-၉-၂၀၂၁ | ၁၁၀,၀၀၀ |
| ၁ | မအိမြတ်ထွေး (မ/ဥက္ကလာပမြို့နယ်) | ၁၁၀,၀၀၀ |
| | ၂၉-၉-၂၀၂၁ | ၅,၀၀၀,၀၀၀ |
| ၁ | ဒေါ်ခင်မျိုးသန့် (နေပြည်တော်) | ၅,၀၀၀,၀၀၀ |
| | | |
| | ၃၀-၉-၂၀၂၁ | ၁၄,၅၀၀,၀၀၀ |
| ၁ | ဗကသ(၅၄)ကျောင်းဆင်းအရာရှိများ၏ (၄၃)နှစ်ပြည့်အထိမ်းအမှတ်အလှူငွေ(နေပြည်တော်) | ၁၂,၀၀၀,၀၀၀ |
| ၂ | ဦးကျော်စိုးဝေ(ပန်းတောင်းမြို့) | ၁,၅၅၀,၀၀၀ |
| ၃ | ဦးကျော်ထွန်း+ဒေါ်မြင့်မြင့်ဌေး သမီး-မဖူးပွင့်ဇွန်၊ မဖြိုးပွင့်ဇွန် မိသားစု (တ/ဒဂုံမြို့နယ်) | ၂၀၀,၀၀၀ |
| ၄ | ဦးညဏလင်္ကာရ (မော်လမြိုင်မြို့) | ၁၅၀,၀၀၀ |
| ၅ | ဘဒ္ဒန္တသုနန္ဒ (ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၆ | မလေးရှားနိုင်ငံ သီရိမင်္ဂလာဓမ္မာရုံကျောင်းနှင့် ရန်ကုန်မြို့ ရာပြည့်မစိုးရိမ်ကျောင်း ဆရာတော် အရှင်ကောသလ္လ (သာသနဓဇ ဓမ္မာစရိယ) (မ/ဒဂုံမြို့နယ်) | ၅၀၀,၀၀၀ |
| | | |
| | (၂၇-၉-၂၀၂၁ ရက်နေ့မှ ၃၀-၉-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၁၉,၆၁၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ**

---

❖ *ကျော့ဖုံးမှ*

ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၃၀-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၃,၅၈၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၈၄၆)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၇.၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၃၄၁,၄၃၆)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၆၅,၉၂၂) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၅၁၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၁၉,၈၄၂)ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅၄) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၇၈၉) ဦး ရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
### (၁-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၄၅၉)ခု | (၁၅၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၆)ခု | (၃)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၀၉)ခု | (၃၉)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင်၁၀၀၀) | (၆၂၁)ခု | (၅၁)ဦး |
| လားရှိုးမြို့၊ အမှတ်(၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၁၀) ခု | (၁၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂၁၇)ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၃၁)ခု | (၉၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၀,၁၁၂)ခု | (၁,၄၉၂)ဦး |
| စုစုပေါင်း | (၂၃,၅၈၅)ခု | (၁,၈၄၆)ဦး |

- ရောဂါဖြစ်ပွားမှု တတိယလှိုင်း၌ ရောဂါပိုးတွေ့ရှိမှုနှုန်း အမြင့်ဆုံးအဖြစ် တွေ့ရှိခဲ့ရသည့် (၂၀၂၁) ခုနှစ်၊ ဇူလိုင်လ (၂၃)ရက်နေ့တွင် ပိုးတွေ့ရှိမှုနှုန်း (၄၀.၈၂) ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် ယခုအခါ နေ့စဉ်ပိုးတွေ့ရှိမှုနှုန်းအနေဖြင့် (၈) ရာခိုင်နှုန်းခန့်သာ တွေ့ရှိနေရခြင်းဖြစ်၍ ရောဂါကူးစက်ဖြစ်ပွားမှုများ သိသာစွာကျဆင်းလာလျက်ရှိသည်ကို မြင်တွေ့နိုင်ပါသည်။ ထိုသို့ ကျဆင်းလာရခြင်းမှာ မိဘပြည်သူတစ်ဦးချင်းအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးစည်းကမ်းများကို လိုက်နာခြင်း၊ ရောဂါကာကွယ်ရေး နည်းလမ်းများကို ကျန်းမာရေးသတိရှိစွာဖြင့် လိုက်ပါဆောင်ရွက်ခြင်း၊ ဌာနဆိုင်ရာအသီးသီးမှ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ခြင်း၊ လူမှုရေးအသင်းအဖွဲ့အစည်းများမှ တက်ကြွစွာပံ့ပိုးပူးပေါင်းဆောင်ရွက်ခြင်း စသည့်ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်တွင်းစည်းလုံးညီညွတ်မှုအင်အားများ ကောင်းမွန်မှုကြောင့်ဖြစ်ပါသည်။ ရောဂါဖြစ်ပွားမှုများ ဆက်လက်ကျဆင်း၍ ပညာရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ယခုထက်ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ဆက်လက်၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၉/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးတို့က သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*

ဆက်လက်ပြီး စက်တင်ဘာလ ၂၅ ရက်နေ့မှာ ဖြစ်ခဲ့သည့် စမ်းချောင်း၊ မြေနီကုန်းဖြစ်စဉ်ကို ပြောမည်ဖြစ်ကြောင်း၊ ယင်းဖြစ်စဉ်နှင့် ပတ်သက်ပြီး အချို့ပြည်ဖျက်မီဒီယာများအနေနှင့် ဆေးကုသပေးနေသည့်၊ ပရဟိတဆောင်ရွက်နေသည့် ဆရာဝန်နှင့် သူနာပြုဆရာမတစ်ဦးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ ပစ်ခတ်ထိန်းသိမ်းသည့်ပုံစံမျိုး ရေးသားခဲ့ကြောင်း၊ ဖြစ်စဉ်အမှန်မှာ စမ်းချောင်း၊ မြေနီကုန်း(မြောက်) ရပ်ကွက်၊ ပြည်လမ်း (တိုက်အမှတ်-၂၇၃၊ ဒုတိယထပ်(ဘယ်) အခန်းကို အကြမ်းဖက်လက်နက်ကိုင်များ ရောက်ရှိနေသည့် သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ကြောင်း၊ ဝင်ရောက်ရှာဖွေစဉ်တွင် အထဲမှလက်နက်ငယ်များနှင့် စတင်ပစ်ခတ်ခဲ့ကြောင်း၊ ဆက်လက်ပြီး တရားခံ ဇင်လင်း (ခေါ်) ကွယ်ကြီးက ပစ္စတို ၂ လက်၊ တရားခံ ခင်ခင်ကြွယ် (ခေါ်) ခင်လေးက ပစ္စတိုတစ်လက်ကိုင်ပြီး လှေကားအတိုင်း ပြေးဆင်းလာရင်း လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်ခဲ့ကြောင်း၊ ပြန်လည်ပစ်ခတ် ဖမ်းဆီးရာ တရားခံ ၂ ဦးလုံးကို အသေဖမ်းဆီးရမိခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက အခန်းအတွင်း ဆက်လက်ရှင်းလင်းသည့်အခါ တရားခံကျော်ကြီးနှင့် ဝက်ကြီးတို့ ၂ ဦးကို ဆက်ပြီး အသေဖမ်းဆီးရမိခဲ့ပါကြောင်း၊ ၎င်းတို့နှင့်အတူ Glock ပစ္စတို ၃ လက်၊ လက်ပစ်ဗုံး ၁ လုံးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင် အချို့ကျဆုံးခဲ့ရသလို အချို့လည်း ဒဏ်ရာရခဲ့ကြောင်း၊ ဖမ်းဆီးရမိသူများသည် စမ်းချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် မြေနီကုန်းမီးပွိုင့်မှာ ရှိသည့် CCTV နှင့် တံတားဖြူမှတ်တိုင်အနီးက ခုံးကျော်တံတားတို့ကို ဖောက်ခွဲမှုပြုလုပ်ခဲ့သူများသာဖြစ်ကြောင်း၊ ၎င်းတို့အထဲက ဇင်လင်း (ခေါ်) ကွယ်ကြီးသည် ဆရာဝန်တစ်ယောက်ဖြစ်ကြောင်း၊ အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး ကလေးတစ်ယောက်ရှိကြောင်း၊ တရားခံ ခင်ခင်ကြွယ် (ခေါ်) ခင်လေးသည် သူနာပြုဆရာမတစ်ဦးဖြစ်ကြောင်း၊ စစ်ဆေးချက်အရ ၎င်းတို့နှစ်ဦးမှာ အတူနေထိုင်ကြသူများဖြစ်ပြီး လူမှုရေးဖောက်ပြန်နေသူများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ တရားခံ ဇင်လင်း(ခေါ်) ကွယ်ကြီးမှာ ၎င်း၏ ဇနီးဟောင်းရှိပါကြောင်း၊ မနေ့ကနှင့် ယနေ့မှာပဲ ၎င်း၏ဇနီးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားသည်ဆိုသည့် သတင်းတွေ့



ချမ်းမြသာစည်မြို့နယ် GS ကားပေါလစ်ဆိုင်မှ လက်နက်/ခဲယမ်းများ ဖမ်းဆီးရမိမှု မှတ်တမ်း ဓာတ်ပုံ။

ရှိခဲ့ကြောင်း၊ ယင်းကိစ္စမှန်ကန်ကြောင်း၊ မိမိတို့အနေဖြင့် ယင်းအမျိုးသမီးနှင့် ပတ်သက်ပြီး စစ်ဆေးနေမှုများရှိကြောင်း၊ ၎င်းအမျိုးသမီးသည် ထိုသူနှင့် အဆက်အသွယ်မရှိသည်မှာ ကြာပြီဖြစ်ကြောင်း၊ ၎င်းအမျိုးသမီးကို လုံခြုံရေး လိုအပ်ချက်အရ စစ်ဆေးနေခြင်းဖြစ်ပြီး ဖမ်းဆီးထိန်းသိမ်းထားခြင်း မဟုတ်ကြောင်း၊ လုံခြုံရေးအရ စစ်ဆေးပြီးသည့် အချိန် တရားဥပဒေအရ ပြန်လည်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ၎င်းအမျိုးသမီးအနေနှင့် ကြီးကြီးမားမား ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသည်ကို တွေ့ရကြောင်း၊ ၎င်းတို့၏ဖြစ်စဉ်အသေးစိတ်ကို Board မှာ ပြသထားကြောင်း၊ ၎င်းတို့၏ ကိုယ်ရေးရာဇဝင်များ၊ ထွက်ဆိုချက်များ၊ ၎င်းတို့၏ လုပ်ဆောင်ချက်များကို အသေးစိတ်မေးမြန်းနိုင်ကြောင်း ပြောကြားသည်။

**ရက်ရက်စက်စက် သတ်ဖြတ်**

နောက်တစ်ချက်မှာ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ငရုတ်ကောင်းမြို့များ၌ PDF အမည်ခံ အကြမ်းဖက်များနှင့် လက်နက်၊ ခဲယမ်းများ ဖမ်းမိခဲ့သည့်အခြေအနေကို ပြောမည်ဖြစ်ကြောင်း၊ စက်တင်ဘာလ ၁၈ ရက်နေ့က ပန်းတနော်၊ အင်းမကျေးရွာ၌ PDF အကြမ်းဖက် ၃ ဦးကို စတင်ပြီး ဖမ်းမိခဲ့ကြောင်း၊ ဆက်စပ်တရားခံများကို စစ်ဆေးခြင်း၊ ဖော်ထုတ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ စက်တင်ဘာလ ၂၉ ရက်နေ့အထိ ပစ္စတို ၃ လက်၊ တူမီး ၇၁ လက်၊ လက်လုပ်သေနတ် ၅ လက် စုစုပေါင်း ၇၉ လက်၊ ကျည် ၅၀၀ တောင့်ခန့်၊ မိုင်း ၆၇ လုံး၊ စကားပြောစက်များနှင့် လျှပ်စစ်ဒီတိုနေတာ ၉၀ ခု၊ အကြမ်းဖက်သမား ၂၉ ဦး ဖမ်းမိခဲ့ကြောင်း၊ ထိုအဖွဲ့များသည် မတ်လက ပိတောက်ပင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးကို မီးရှို့ခဲ့ပြီး ဩဂုတ်လ ၂၉ ရက်နေ့တွင် ကန်ကြီးထောင့် အမှတ်(၁) ရပ်ကွက်က ဦးမောင်မြင့်ကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် တရားခံများဖြစ်ကြောင်း၊ ၎င်းတို့၏ ဖြစ်စဉ်နှင့် ဖမ်းဆီးရမိခဲ့သည့် လက်နက်များကို Board တွင် ပြထားကြောင်း ပြောကြားသည်။

**လက်နက်၊ ခဲယမ်းများ ထပ်မံဖမ်းဆီးရမိ**

ယခုလ ၂၅ ရက်နေ့တွင် မန္တလေး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁) ရပ်ကွက် GS ကားရေဆေးဆီလိုက်ဆိုင်က လက်နက်၊ ခဲယမ်းများ ဖမ်းဆီးရမိခဲ့ကြောင်း၊ ဆက်စပ် ရှာဖွေဖော်ထုတ်သည့်အခါ စဉ့်ကိုင်မြို့နယ် အင်းမကျေးရွာရှိ ဇော်ကြီး၏နေအိမ်က လက်နက်၊ ခဲယမ်းများ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ မောင်းပြန်ရိုင်ဖယ်များ အပါအဝင် စုစုပေါင်း သေနတ် ၉ လက်၊ လက်ပစ်ဗုံး ၂၄ လုံး၊ ကျည် ၁၂၀၀ တောင့်ခန့်၊ မိုင်း ၃ လုံး၊ ယမ်းနဲ့ယမ်းကြိုးခွေများနှင့် အတူ တရားခံ ၈ ဦး တို့ကို ဖမ်းမိခဲ့ကြောင်း၊ ထိုထဲတွင် ယခုမီဒီယာများဝါဒဖြန့်နေသည့် သန်းထွန်းဦး (ခေါ်)အသေးလေး ပါဝင်ကြောင်း ပြောကြားသည်။

နောက်တစ်ချက်မှာ စက်တင်ဘာလ ၁၈ ရက်နေ့က ကမာရွတ်မြို့နယ် ၃ ရပ်ကွက် လှည်းတန်း (၆) လမ်းထိပ်ရှိ King လက်ဖက်ရည်ဆိုင်အနီး၌ အပြစ်မဲ့ ပြည်သူ ဦးသာဆန်းကို သတ်ဖြတ်ရာမှာ ပါဝင်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ၇ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း၊ ယင်းအဖွဲ့သည် ဇူလိုင်လထဲတွင် ကမာရွတ် ၈ ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး EPC ရုံး ဆင်မလိုက်မီးပွိုင့်နှင့် လှည်းတန်းအထက(၅)ရှေ့၌ ဖောက်ခွဲမှုများ ပြုလုပ်ခဲ့သူများဖြစ်ကြောင်း၊ တရားခံ ၇ ဦး၊ သေနတ် ၄ လက်၊ ကျည် ၅၄ တောင့်၊ စကားပြောစက်၊ ဒီတိုနေတာနှင့် ဖောက်ခွဲဖျက်ဆီးရေး ဆက်စပ်ပစ္စည်းများနှင့်အတူ ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ယင်းဖြစ်စဉ် ၄ ခုလုံးကို Board ၌ ပြသထားပြီး အသေးစိတ်လေ့လာနိုင်ကြောင်း ပြောကြားသည်။

**လူအများသေကျေပျက်စီးအောင် ဆောင်ရွက်**

ထူးဆန်းမှုတစ်ခုမှာ Air KBZ လေယာဉ်ဖြစ်စဉ်ဖြစ်ကြောင်း၊ မိမိ၏မကျေနပ်ချက်ကို အရင်းတည်ပြီး လူအများသေကျေပျက်စီးအောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သန့်ရှင်းရေးဝန်ထမ်းတစ်ဦးက ခိုင်းစေသည်ကို BE ဘွဲ့ရ အင်ဂျင်နီယာတစ်ယောက်က လိုက်လုပ်ခြင်းမှာ မယုံနိုင်စရာဖြစ်ကြောင်း၊ ယင်းသတင်းတွေ့ရှိချက် အမှန်အတိုင်း ထုတ်ပြန်စဉ်က ဝေဖန်မှုများ၊ လုပ်ကြံသတင်းဟုဆိုပြီး ပြောသူအများအပြားရှိကြောင်း၊ ယင်းနောက် ထိုအင်ဂျင်နီယာ၏ ကိုယ်တိုင်ပြောဆိုချက် ဦးသိန်းလင်းထိုက် ဗီဒီယိုဖိုင်ကိုပြသသည်။ ဆက်လက်၍ ၎င်းတို့၏ ရည်ရွယ်ချက်မှာ လေယာဉ်ပျက်ကျစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို ဗီဒီယိုဖိုင်နှင့် ပတ်သက်ပြီး မီဒီယာများကို ပေးလိုက်မည်ဖြစ်ကြောင်း ပြောကြားသည်။


ဆက်လက်၍ နီပိန်း၊ နီပိန်းဟု ခေါ်ဝေါ်သုံးနှုန်းနေကြမှုများရှိကြောင်း၊ ယင်းအခေါ်အဝေါ် အသုံးအနှုန်းကို မိမိအနေဖြင့် မည်သည့်အခါမှ မသုံးစွဲခဲ့ကြောင်း၊ ယခုတော့ ပြောရတော့မည်ဖြစ်ကြောင်း၊ နီပိန်းတင်မက ပိတ်ပါပိတ်နေသည့် **"နီပိတ်"** များဖြစ်နေကြကြောင်း၊ ကောသလမင်းကြီးအိပ်မက် ၁၆ ချက်ထဲက အချက်တစ်ချက်ကို ပြထားပါကြောင်း၊ **"နှောင်းသောကာလမှာ အနှစ်မရှိ သူယုတ်တို့၏ စကားကိုသာ လူအများနှစ်သက်၍ လက်ခံအတည်ပြုကြလိမ့်မည် "၊ " ရိုင်းရိုင်းစိုင်းစိုင်း၊ ရှုပ်ရှုပ်ယှက်ယှက်၊ ဘုတ်ဘုတ်ဘက်ဘက် " ဆိုသည့်အသုံးအနှုန်းများနှင့် "ဘာသာတရားကို စော်ကား၊ သံဃာတော်များကို စော်ကား၊ လူကြီးမိဘများကို စော်ကားနေသူများ၏ ပြောဆိုမှုများ၊ မှိုင်းတိုက်မှုများအောက် ဘယ်သူတွေရှိနေကြသလဲ၊ ဘယ်သူတွေ တရားနာနေကြသလဲ " ဆိုသည်ကို စဉ်းစားဆင်ခြင်ကြရန် ပြောလိုကြောင်း**၊ ယင်း **" ဘုတ်ဘုတ်ဘက်ဘက်"** တရားများကို နာနေသမျှ တစ်ဦးချင်း၏ဘဝ၊ နိုင်ငံတော်၏ အနာဂတ်မှာ **"ရှုပ်ရှုပ်ယှက်ယှက်"** ဖြစ်နေကြဦးမှာပါဖြစ်ကြောင်း၊ အားလုံးကိုကျေးဇူးတင်ကြောင်း၊ ဆက်လက်ပြီး UEC မှ ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်ဦးက ဆက်လက်ရှင်းလင်းမည်ဖြစ်ကြောင်း ပြောကြားသည်။

**မဲမသမာမှုများ စစ်ဆေးတွေ့ရှိ**

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေအကျဉ်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လက်ရှိဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ရှင်းလင်းသွားမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ပုဒ်မ ၄၁၈ (က) အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လွှဲအပ်ကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ထုတ်ပြန်ကြေညာခဲ့ပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖေဖော်ဝါရီလ ၂ ရက်နေ့မှာ ဖွဲ့စည်းခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အဖွဲ့ဝင် **၁၄ ဦး**၊ ပေါင်း **၁၅ ဦး** ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲဆန္ဒရှင်စာရင်း ၃၈၂၇၁၄၄၇ **(သုံးဆယ့် ရှစ်သန်းနှစ်သိန်းခုနစ်သောင်း တစ်ထောင်လေးရာ လေးဆယ့်ခုနစ်)** ကို စိစစ်သည့်အခါ မဲမသမာမှု ပြုနိုင်သည့်မဲဆန္ဒရှင်ပေါင်း ၁၁၃၀၅၃၉၀ **(ဆယ့်တစ်သန်း သုံးသိန်းငါးထောင် သုံးရာကိုးဆယ်)** ဦး စစ်ဆေးတွေ့ရှိရပြီး မဲဆန္ဒရှင်ပေါင်း၏ *စာမျက်နှာ ၁၇ သို့*

❖ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ပါ လုပ်ငန်းစဉ် ၁ ကို ဥပဒေနှင့်အညီ ဆောင်ရွက်ရာ၌ ဆက်လက်ဆောင်ရွက်ရန် ကျန်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုပ်ငန်းစဉ် ၅ ဖြစ်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ဆက်လက်ဆောင်ရွက်သွားမည်**

# မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှုနှင့် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်များ




*စာမျက်နှာ ၁၆ မှ*

**၂၉.၅၄ ရာခိုင်နှုန်း** ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်များကို မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် စာရင်းကွာခြားချက်အနေဖြင့် ကျန်ရမည့် အရေအတွက်ထက်လျော့နည်းသည့် မဲလက်မှတ်အရေအတွက် ၁၄၂၄၃၉၁ **(တစ်သန်း လေးသိန်း နှစ်သောင်း လေးထောင် သုံးရာ ကိုးဆယ့်တစ်)**နှင့် အပိုတွေ့ရသည့် မဲလက်မှတ်အရေအတွက် ၄၃၈၈၅၀ **(လေးသိန်း သုံးသောင်း ရှစ်ထောင် ရှစ်ရာငါးဆယ်)** ဖြစ်ကြောင်းတွေ့ရပြီး ၎င်းတို့သည် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိဘဲ မဲမသမာမှုများကို ဖြစ်ပေါ်စေကြောင်း တွေ့ရှိရပါကြောင်း၊ ထိုသို့ မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းနှင့် ဆန္ဒမဲလက်မှတ်များ မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် စစ်ဆေးတွေ့ရှိချက်များကို မြို့နယ်တစ်ခုချင်းစီအလိုက်၊ မဲရုံအလိုက် အသေးစိတ် စာရင်းဇယားများနှင့်အတူ နိုင်ငံပိုင်သတင်းစာများ၊ ရုပ်မြင်သံကြားအစီအစဉ်များက ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

## နိုင်ငံတော်အာဏာ မတရားရယူရန် ကြိုတင်ကြံစည်

အလားတူ တိုင်းဒေသကြီး/ ပြည်နယ် အလိုက် စာရင်းချုပ်များ၊ တစ်နိုင်ငံလုံး၏ စာရင်းချုပ်များကိုလည်း စုစည်းပြီး ထပ်ဆင့်ထုတ်ပြန်ခဲ့ကြောင်း၊ စစ်ဆေးတွေ့ရှိရသည့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်မှုမရှိသည့် ဆောင်ရွက်ချက်များကိုလည်း မှတ်တမ်းဓာတ်ပုံ အပါအဝင် သက်သေအထောက်အထား အပြည့်အစုံနှင့် ထည့်သွင်းထုတ်ပြန်ဆောင်ရွက်ခဲ့ခြင်းကို အားလုံး အသိဖြစ်ကြောင်း၊ ကျင်းပပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲများတွင်လည်း အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် အထက်ဖော်ပြပါ စစ်ဆေးတွေ့ ရှိချက်များအပေါ် လွှမ်းခြုံသုံးသပ်ချက်အရ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲမဟုတ်ခြင်းကို တွေ့ရသည့်အပြင် NLD ပါတီအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် အုပ်ချုပ်ရေးအာဏာနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များကို အလွဲသုံးပြီး နိုင်ငံတော်အာဏာကို မတရားရယူရန် ကြိုတင်ကြံစည် ဆောင်ရွက်ခဲ့ခြင်း၊ ယခင်ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် တရားဝင်အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက် လုပ်ဆောင်ခဲ့ခြင်းများကို စိစစ်တွေ့ရှိရသည့်အတွက် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ရလဒ်များကို ပယ်ဖျက်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် **ကြေညာချက်အမှတ်(၂/၂၀၂၁)**ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း။

အဆိုပါလုပ်ငန်းများကို ဆောင်ရွက်နေချိန်တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနှင့် မေလတို့တွင် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံခဲ့ပြီး ရွေးကောက်ပွဲစနစ်များထဲက မြန်မာနိုင်ငံနှင့် သင့်လျော်သည့် စနစ်ဖြစ်သည့် အချိုးကျကိုယ်စားပြုစနစ် **(PR)** အသုံးပြုနိုင်ရေးဆွေးနွေးရာတွင် ပါတီအများစုက မူအားဖြင့် သဘောတူညီပြီးဖြစ်ကြောင်း၊ ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ယခင်က ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများတွင် ဖြစ်ပေါ်ကြုံတွေ့ရသည့် ချို့ယွင်းအားနည်းချက်များကို စိစစ်သုံးသပ်ပြီး သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံရေးပါတီ ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်နိုင်ရေး သုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးအဆင့်ဆင့် ဖွဲ့စည်းတည်ဆောက်ခြင်း၊ ဝန်ထမ်းရေးရာ စီမံခန့်ခွဲခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်းများကို တစ်ချိန်တည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လက်ရှိဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တည်ဆဲနိုင်ငံရေးပါတီများ၏ စာရင်းများကို စစ်ဆေးဆောင်ရွက်နေသည့် အခြေအနေကို ဦးစွာ တင်ပြလိုကြောင်း။

**“ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီများကို ကြီးကြပ်ရန် တာဝန်ရှိကြောင်း၊ ပါတီတစ်ခု၏စာရင်းများကို အစိုးရဌာန၊ အဖွဲ့အစည်းများ၏ အကူအညီရယူပြီး စစ်ဆေးနိုင်သည်ကို ပြဋ္ဌာန်းထားရှိကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စာရင်းစစ်ချုပ်ရုံးတို့မှ ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းစာရင်းစစ်ဆေးရေးအဖွဲ့များသည် ဩဂုတ်လစတုတ္ထပတ်ကစပြီး နိုင်ငံရေးပါတီများ၏ စာရင်းများကို စတင်စစ်ဆေးလျက်ရှိ”**

## ဥပဒေများကို လေးစားလိုက်နာရန် တာဝန်ရှိ

နိုင်ငံရေးပါတီဆိုသည်မှာ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ယုံကြည်လက်ခံ၍ နိုင်ငံရေးဝါဒသဘောတရားတစ်ရပ်အပေါ်တွင် အခြေခံပြီး မိမိတို့၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ တည်ထောင်ခွင့်ပြုထားသော အဖွဲ့အစည်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာရန် တာဝန်ရှိကြောင်း၊ နိုင်ငံရေးပါတီတစ်ခုသည် မှတ်ပုံတင်ခွင့်ပြုပြီးနောက် အနည်းဆုံး ပါတီဝင်အရေအတွက်ကို သတ်မှတ်ကာလအတွင်းမှာ စည်းရုံးရကြောင်း၊ ပါတီဝင်အင်အား အတိုး၊ အလျော့၊ ပါတီဗဟို အလုပ်အမှုဆောင်ကော်မတီဖွဲ့စည်းမှုနှင့် ပါတီရုံးများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ပိတ်သိမ်းခြင်းရှိရင်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို စာရင်းဇယား အချက်အလက်များ ပေးပို့ရကြောင်း၊ နိုင်ငံရေးပါတီတစ်ခု၏ ပါတီပိုင်ပစ္စည်းများ ထိန်းသိမ်းခြင်းနှင့် စာရင်းများ စနစ်တကျပြုစုထားခြင်းများကို သက်ဆိုင်ရာပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးက တာဝန်ယူဆောင်ရွက်ရပါကြောင်း၊ အလားတူ ပါတီတစ်ခုသည် မိမိ၏ နှစ်စဉ်ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးနှစ်အလိုက် ရေးဆွဲခြင်း၊ ပါတီပိုင်ပစ္စည်းများနှင့် ပတ်သက်ပြီး နှစ်ချုပ်စာရင်းပြုစုခြင်း၊ စာရင်းစစ်ကော်မတီထား၍ စစ်ဆေးခြင်း၊ ပါတီစည်းမျဉ်းနှင့်အညီ အတည်ပြုခြင်းတို့ကို နှစ်စဉ် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး သုံးလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း။

အလားတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီများကို ကြီးကြပ်ရန် တာဝန်ရှိကြောင်း၊ ပါတီတစ်ခု၏စာရင်းများကို အစိုးရဌာန၊ အဖွဲ့အစည်းများ၏ အကူအညီရယူပြီး စစ်ဆေးနိုင်သည်ကို ပြဋ္ဌာန်းထားရှိကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စာရင်းစစ်ချုပ်ရုံးတို့မှ ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းစာရင်းစစ်ဆေးရေးအဖွဲ့များသည် ဩဂုတ်လစတုတ္ထပတ်ကစပြီး နိုင်ငံရေးပါတီများ၏ စာရင်းများကို စတင်စစ်ဆေးလျက်ရှိပါကြောင်း၊ လက်ရှိအချိန်ထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီ **၉၃ ပါတီ**ရှိပါကြောင်း၊ ထိုပါတီများအနက် စာရင်းစစ်ဆေးပြီးသည့် ပါတီအနေဖြင့် ပြည်ထောင်စုနယ်မြေအခြေစိုက် **၄ ပါတီ**၊ မန္တလေးတိုင်းဒေသကြီး အခြေစိုက် **၂ ပါတီ**၊ စစ်ကိုင်းတိုင်းဒေသကြီး အခြေစိုက် **၂ ပါတီ**၊ ရှမ်းပြည်နယ် အခြေစိုက် **၅ ပါတီ**နှင့် ရန်ကုန်တိုင်းဒေသကြီး အခြေစိုက် **၄ ပါတီ** ဖြစ်သည့်အတွက် စုစုပေါင်း **၁၇ ပါတီ** စစ်ဆေးပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့်ပါတီများ စစ်ဆေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ရာတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန်နှင့် နိုင်ငံရေးပါတီများကို ကြီးကြပ်ရာတွင် ဥပဒေနှင့်အညီ ဖြစ်စေရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ၁၄ ဦးနှင့် ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြီးကြပ်ကွပ်ကဲရန် တာဝန်ခွဲဝေပေးအပ်ပြီး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ပါ **လုပ်ငန်းစဉ် ၁** ကို ဥပဒေနှင့်အညီ ဆောင်ရွက်ရာ၌ ဆက်လက်ဆောင်ရွက်ရန် ကျန်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် **လုပ်ငန်းစဉ် ၅** ဖြစ်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကျောင်းများပြန်လည်ဖွင့်လှစ်ရာ၌ ရောဂါကူးစက်ခံရမှုအန္တရာယ်မှ ဘေးကင်းလုံခြုံစွာဖြင့် ဖွင့်လှစ်နိုင်ရန်လိုအပ်

# Sinovac ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ နေပြည်တော်တွင် ကနဦးစီမံချက်အဖြစ် စတင်ထိုးနှံပေးမည်

**နေပြည်တော် အောက်တိုဘာ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အခြေခံပညာ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန်အတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)



အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အခြေခံပညာအလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေး တက်ရောက်လာသည့် သက်ဆိုင်ရာ ဌာနအသီးသီးမှ ဆွေးနွေးပြောကြားပေးကြရန် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ် ကာလတွင် ရောဂါကူးစက်ဖြစ်ပွားမှုများကို လျှော့ချနိုင်ရေးအတွက် ကျောင်းများကိုလည်း ပိတ်ထားခဲ့ရပါကြောင်း၊ ကျောင်းများပိတ်ထားရသည်နှင့်အတူ ကျောင်းသားအရွယ် ကလေးငယ်များ၏ ပညာသင်ကြားခွင့်များလည်း ဆုံးရှုံးနေရပါကြောင်း၊ မိမိတို့နိုင်ငံတွင် အသက် ၅၅ နှစ်နှင့်အထက် မိဘပြည်သူများ အပါအဝင် ဦးစားပေးအုပ်စုများအား ဦးစားပေးအစီအစဉ်အလိုက် ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလတွင် ကျောင်းများပြန်လည်ဖွင့်လှစ်ရာ၌ ရောဂါကူးစက်ခံရမှုအန္တရာယ်မှ ဘေးကင်းလုံခြုံစွာဖြင့် ဖွင့်လှစ်နိုင်ရန်လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် အသက် ၁၂ နှစ်မှ ၁၈ နှစ်အကြားရှိ အခြေခံပညာကျောင်းသားများကို Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ နေပြည်တော်တွင် ကနဦးစီမံချက်အဖြစ် စတင်ထိုးနှံပေးမည်ဖြစ်ပါကြောင်း။

နိုင်ငံတကာတွင်လည်း မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကလေးငယ်များကို ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည့် နိုင်ငံများ ရှိနေပြီဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် WHO ၏ အရေးပေါ်အသုံးပြုခွင့်စာရင်း (Emergency Use List) တွင် ပါဝင်သည့် Covishield, Sinovac, Sinopharm သုံးမျိုးကို လတ်တလောထိုးနှံလျက်ရှိသည့်အနက် ကလေးငယ်များတွင် ဘေးကင်းလုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည့် Sinovac ကာကွယ်ဆေးကို ထိုးနှံပေးသွားမည်ဖြစ်ပါကြောင်း၊ Sinovac ကာကွယ်ဆေးများကို အခြေခံပညာကျောင်းများတွင် ကျောင်းတက်ရောက်မည့် ကျောင်းသားဦးရေအရ အဆင့်လိုက် ရရှိနိုင်ရေးအတွက် ကြိုတင်စီစဉ်ထားရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထပ်မံ၍လှူဒါန်းသည့် Sinovac ကာကွယ်ဆေး နှစ်သန်းသည်လည်း မကြာမီထပ်မံရောက်ရှိလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက စက်တင်ဘာ ၃၀ ရက်တွင်ပြုလုပ်သည့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေး လမ်းညွှန်မှုများအရ နေပြည်တော်အတွင်း Pilot Project အနေဖြင့် အသက် ၁၂ နှစ်မှ ၁၈ နှစ်အကြား အခြေခံပညာကျောင်းသား၊ ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူမှုမှ ကာကွယ်ဆေး ၁၄ သန်း၊ မိတ်ဆွေနိုင်ငံများမှ လှူဒါန်းသည့် ကာကွယ်ဆေး ငါးသန်းအပါအဝင် စုစုပေါင်း ကာကွယ်ဆေး ၁၉ ဒသမ ၆ သန်း ရောက်ရှိပြီး ကာကွယ်ဆေးထိုးနှံမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ နေ့စဉ် ၂ ဒသမ ၅ သိန်းနှင့် သုံးသိန်း ကြိမ်ရေအထိ ထိုးနှံပေးလျက်ရှိပါကြောင်း တင်ပြသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (မကူးစက်) က ကျောင်းသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းအစီအစဉ်ကို ရှင်းလင်းတင်ပြခြင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) သတင်းနှင့် နည်းပညာဌာန ဌာနမှူးက ကျောင်းသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းအတွက် ကာကွယ်ဆေး ထိုးနှံခြင်းစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Vaccine Management Information System–VMIS) တွင် စာရင်းရေးသွင်းခြင်းကို ရှင်းလင်းတင်ပြခြင်းတို့ကိုဆောင်ရွက်ခဲ့ကြပြီး တက်ရောက်လာသူ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက် ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၅၅ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင်ရှိပြည်သူများ စသည့်ဦးတည်အုပ်စု (၁၆)စု သတ်မှတ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို နေ့စဉ်ထိုးနှံပေးလျက်ရှိသည်။ ယနေ့တွင်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နှင့် နောင်ချိုမြို့တို့၌ ၉၀၅ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် မိုင်းခတ်မြို့တို့၌ ၁၇၄၅ ဦး၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ ၅၀၉၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ ၃၁၉၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၆ မြို့နယ်တို့၌ ၈၀၃၄ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ ၅၀၉၆ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ကင်းတော်ကျေးရွာ၌ ၉၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်အတွင်း၌ ၁၄၁၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ လွယ်ကူချောမွေ့စွာ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်အိုးခွံ၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် အခြားဆက်စပ်ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အခြားဆက်စပ်ဌာနများနှင့် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်နှင့် မြဝတီကုန်သွယ်ရေးစခန်း သုံးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ သုံးခုမှ ယာဉ်စီးရေ ၂၁ စီးဖြင့် အောက်ဆီဂျင် (အိုးခွံ) ၂၇၅၁ ခု၊ Oxygen Plant နှစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၆၀ နှင့် နှာခေါင်းစည်း (Mask) ၁၁၃ တန် တင်သွင်းခဲ့ပြီး Oxygen Plant နှစ်ခုမှာ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရှိရသည်။



ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပါလီမန်လွှတ်တော်ကိုယ်စားလှယ်များသည် ဘွဲ့ဒီဂရီတစ်ခု မဖြစ်မနေရရှိသင့်ပါသလား

## ရှင်ကုကူး

၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ Addis Ababa မြို့၌ စိန့်မေရီတက္ကသိုလ်ကကြီးမှူးကျင်းပသည့် (၁၆) ကြိမ်မြောက် ပုဂ္ဂလိကအဆင့်မြင့်ပညာရေးနှင့်စပ်လျဉ်းသည့် နိုင်ငံတကာဆွေးနွေးပွဲတွင် အီသီယိုပီးယားဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များသည် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူများဖြစ်သင့်ကြောင်း Deamtew Teferaa က အဆိုပြုခဲ့ပါသည်။ ဤဆောင်းပါးတွင် ခေတ်သစ်နိုင်ငံရေးလောကအတွင်းသို့ ဝင်ရောက်မည့်နိုင်ငံအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်သည် မိမိဆွေးနွေးမည့်အကြောင်းအရာနှင့်စပ်လျဉ်း၍ ဗဟုသုတ ကြွယ်ဝပြည့်စုံရုံသာမက တစ်ချိန်တည်းမှာပင် ပညာတတ်တစ်ဦးဖြစ်သင့်ကြောင်း တိုက်တွန်းထားပါသည်။

ပါလီမန်လွှတ်တော် ကိုယ်စားလှယ်များသည် မိမိတို့နိုင်ငံနှင့် နိုင်ငံတကာအတွက် အကျိုးရှိစေမည့် ဥပဒေများ ပြဋ္ဌာန်းရန်တာဝန်ရှိပါသည်။ တာဝန်ကျေပွန်၍ ကိုယ်ကျင့်တရားကောင်းသော တာဝန်ခံ/တာဝန်ယူမှုရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ ဥပဒေ၊ မူဝါဒနှင့် စာရွက်စာတမ်းများအပေါ် နားလည်သဘောပေါက်နိုင်စွမ်း၊ သုံးသပ်၍ ခွဲခြမ်းစိတ်ဖြာနိုင်စွမ်း၊ ဆန်းစစ်ဝေဖန်နိုင်စွမ်း၊ အတည်ပြုနိုင်စွမ်း၊ လက်မှတ်ရေးထိုး၍ ပြဋ္ဌာန်းနိုင်စွမ်းရှိရမည်ဖြစ်ပါသည်။

လူမှုရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း ရှုပ်ထွေးပွေလီလှသည့် ၂၁ ရာစုသည် ယင်းအခြေအနေအရပ်ရပ်ကို နားလည်နိုင်စွမ်းရှိသော အရည်အချင်းနှင့် အရည်အသွေးပြည့်စုံသည့် ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ လိုအပ်ကြောင်း မီးမောင်းထိုးပြလျက်ရှိပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်တော်များများတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကောလိပ်ကျောင်း၏ အသိအမှတ်ပြု အထောက်အထားရှိရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။

အချို့နိုင်ငံများတွင် လွှတ်တော်ကိုယ်စားလှယ်များသည် အရည်အသွေးနှင့်အရည်အချင်း ပြည့်စုံရမည်ဖြစ်သည့်အပြင် အတွေ့အကြုံရှိပြီး ထူးချွန်သည့် ဥပဒေအကြံပေး၊ ကော်မတီဝင်၊ ဝန်ထမ်းဖြစ်ရန် လိုအပ်ပြီး ၎င်းတို့၏အခန်းကဏ္ဍနှင့် လုပ်ငန်းဝတ္တရားများသည် လွယ်ကူနေခြင်းမျိုး မဟုတ်ပေ။ တက္ကသိုလ်အတန်းပညာမရှိသော လွှတ်တော်ကိုယ်စားလှယ်များရှိသည့် အီသီယိုပီးယားကဲ့သို့သော နိုင်ငံတွင် နိုင်ငံတော်ဘတ်ဂျက်လိုငွေပြနေမှုသည် သိသာထင်ရှားသည့် ပြယုဂ်တစ်ခုပင်ဖြစ်သည်။

အီသီယိုပီးယား၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ကင်ညာနိုင်ငံအပါအဝင် အခြားနိုင်ငံများကလည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် အနည်းဆုံး တက္ကသိုလ်တစ်ခုမှဘွဲ့ရရှိသင့်သည်ဟု အဆိုပြုခဲ့ကြပါသည်။

> ❑ ဥပဒေပြုရေးအဖွဲ့အနေဖြင့် သိသာထင်ရှားသော ပညာအရည်အချင်းနှင့် လုပ်ငန်းကျွမ်းကျင်မှုများ ဆုတ်ယုတ်နေခြင်းသည် ထိုအဖွဲ့အစည်းအတွက် သာမက နိုင်ငံတော်အတွက်လည်း ဝန်ထုပ်ဝန်ပိုးတစ်ခုပင်ဖြစ်ပါသည်
>
> ❑ လွှတ်တော်အမတ်များသည် ၎င်းတို့နိုင်ငံအတွက် ဥပဒေများရေးဆွဲရာတွင်လည်းကောင်း၊ ၎င်းတို့၏ကြီးမားသော လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်စီမံဆောင်ရွက်ရာတွင်လည်းကောင်း အရည်အချင်းပြည့်ဝစွာ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ ဆိုသည်မှာ မဖြစ်မနေ မေးခွန်းထုတ်ရမည့်အချက်ပင်ဖြစ်ပါသည်

### ကင်ညာနိုင်ငံ

ကင်ညာနိုင်ငံ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ပြင်ဆင်ထားသည့် ရွေးကောက်ပွဲဥပဒေအမှတ် (၃)ပါ ပြဋ္ဌာန်းချက်များသည် အရေးပါကြောင်း အတည်ပြုခဲ့ကြသည်။ သို့သော် ထိုအခြေအနေသည် လွှတ်တော်အတွင်းသို့ ရောက်ရှိရန် အတားအဆီးတစ်ခုအနေဖြင့် တည်ရှိလျက်ရှိပါသည်။ ဥပဒေမူကြမ်းကို ထောက်ခံသူများအနေဖြင့်လည်း "တိုင်းပြည်တိုးတက်လာသည်နှင့်အမျှ မျက်မှောက်ခေတ် ကမ္ဘာ့ရေးရာများနှင့်စပ်လျဉ်း၍ အမြင်ကျယ်ကျယ်ဖြင့် ခက်ခဲနက်နဲသည့် ပြဿနာများကို ဖြေရှင်းနိုင်သော လွှတ်တော်ကိုယ်စားလှယ်ကောင်းများ ရှိသင့်ပါကြောင်း" ထောက်ခံပြောဆိုခဲ့ကြသည်။

### ဂါနာနိုင်ငံ

ဂါနာနိုင်ငံရှိ စီးပွားရေးတက္ကသိုလ်တစ်ခုမှ လွှတ်တော်ကိုယ်စားလှယ်များအပေါ် ပြည်သူ့အမြင်များနှင့်စပ်လျဉ်း၍ စစ်တမ်းတစ်ခုကောက်ယူခဲ့ရာ ဒေသဆယ်ခုမှ ဖြေဆိုသူပေါင်း ၂၃၄၆ ဦးအနက် အများစုက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အနိမ့်ဆုံးပညာအရည်အချင်း သတ်မှတ်ချက်အနေဖြင့် ပထမဘွဲ့ရရှိသူဖြစ်သင့်ပါကြောင်း ၆၇ ရာခိုင်နှုန်းက ဖြေဆိုခဲ့ကြသည်။

### နိုင်ဂျီးရီးယား

နိုင်ဂျီးရီးယားနိုင်ငံတွင် အထက်လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၆၀ ရှိသည့်အနက် (၈) ကြိမ်မြောက် အမျိုးသားလွှတ်တော်ဖွဲ့စည်းရာတွင် ဝိဇ္ဇာသိပ္ပံဘွဲ့ရရှိသူများ၊ အထက်တန်းအောင်လက်မှတ်ကိုင်ဆောင်သူ ၂၆ ဦးနှင့် Ph.D ဘွဲ့ရရှိသူ ၁၃ ဦးတို့ ပါဝင်ခဲ့ပါသည်။

### အမေရိကန်ပြည်ထောင်စု

အမေရိကန်ပြည်ထောင်စုတွင် အထက်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဘွဲ့ရပညာတတ်များဖြစ်ကြပြီး အောက်လွှတ်တော် ၁၉ နေရာတွင် Republican ပါတီမှ ကိုယ်စားလှယ် ၁၅ ဦးနှင့် Democratic ပါတီမှ ကိုယ်စားလှယ် ၄ ဦးတို့သည် ဘွဲ့ရရှိထားသူများဖြစ်ကြပါသည်။ အုပ်ချုပ်သူများထဲတွင်လည်း ကောလိပ်မှဘွဲ့မရရှိဘဲ အုပ်ချုပ်သူအဖြစ်ဆောင်ရွက်နေသူဟူ၍ Utah ဟု ခေါ်ဆိုသည့် သေးငယ်သောပြည်နယ်ကို အုပ်ချုပ်နေသည့် အုပ်ချုပ်သူတစ်ဦးသာ ရှိပါသည်။ အမေရိကန်ပြည်ထောင်စုရှိ မဲဆန္ဒရှင်များ၏ ၄၀ ရာခိုင်နှုန်းကျော်သည်လည်း ကောလိပ်မှ ဒီဂရီရရှိထားသူများဖြစ်ပါသည်။ ကနေဒါ၊ အင်္ဂလန်နှင့် ဂျပန် စသည့်နိုင်ငံသုံးနိုင်ငံတွင်မူ ပညာတတ်မဲဆန္ဒရှင်များ ပိုမိုများပြားပါသည်။

### ဗြိတိန်နိုင်ငံ

ဗြိတိန်နိုင်ငံတွင် လွှတ်တော်ကိုယ်စားလှယ် ၆၄၉ ဦးဖြင့် ဖွဲ့စည်းထားရှိသော အောက်လွှတ်တော်၌ ၈၄ ရာခိုင်နှုန်းသော လွှတ်တော်ကိုယ်စားလှယ်များသည် တက္ကသိုလ်ဘွဲ့ရများဖြစ်၍ ကျန် ၁၂၆ ဦးသည် ဘွဲ့လွန်ဒီဂရီရရှိထားသူများ ဖြစ်ကြပါသည်။

### တန်ပြန်ငြင်းဆိုချက်

တရားဝင်ဘွဲ့တစ်ခုရရှိထားခြင်းသည် တစ်စုံတစ်ဦးအတွက် အရည်အသွေးရှိသည်၊ ထူးခြားသည့် အရည်အချင်းများနှင့် ပြည့်စုံသည်ဟု မီးမောင်းထိုးပြရုံမျှသာ ဖြစ်ပါကြောင်း၊ သင်ယူခြင်းနှင့် တတ်မြောက်ခြင်းတို့အကြား ဆွေးနွေးငြင်းခုံမှုမျိုးမရှိပါက တက္ကသိုလ်မှရရှိသောဘွဲ့ဆိုသည်မှာ ဘွဲ့ရရှိသူများအတွက် မရှိမဖြစ်လိုအပ်သော အရည်အချင်းတစ်ခုဖြစ်ကြောင်း အာမခံချက်ပေးနိုင်သည့် အခြေအနေတော့မရှိပေ။

အီသီယိုပီးယားအသိုက်အဝန်းတွင် ထူးခြားချက်တစ်ခုမှာ တက္ကသိုလ်ကို မည်သည့်အခါမျှ တက်ရောက်ခဲ့ခြင်းမရှိဘဲ ၎င်းတို့၏ နိုင်ငံသားအခွင့်အရေး၊ အမျိုးသားရေးတာဝန်များကို ထမ်းဆောင်ရန်အတွက် ထိုကဲ့သို့သော ဥပဒေမျိုးက မမျှမတ တားဆီးပိတ်ပင်ထားခြင်းပင် ဖြစ်သည်ဟူသော ယူဆချက်ပင်ဖြစ်ပါသည်။

Addis Ababa ဆွေးနွေးပွဲနှင့် နောက်ဆက်တွဲ အခြားဆွေးနွေးပွဲများတွင် အနည်းငယ်သော တက်ရောက်သူများက ထိုကဲ့သို့သော ဥပဒေသည် မျှတမှုမရှိသော၊ ခွဲခြားသော၊ အထက်တန်းဆန်သော ဥပဒေဟု ခံစားရကြောင်း ဆွေးနွေးခဲ့ကြပါသည်။ အချို့ကလည်း အနောက်နိုင်ငံများတွင်ပင် ထိုကဲ့သို့သော ဥပဒေမျိုးမရှိကြောင်း ကိုးကားဆွေးနွေးခဲ့ကြပါသည်။

အမေရိကန်တို့၏ အောင်မြင်မှုသမိုင်းကြောင်းကို ပြန်လည်ကြည့်ပါကလည်း Bill Gates (Micr–osoft) ၊ Steve Jobs (Apple) နှင့် Larry Ellison (Oracle) တို့သည် ဘွဲ့ဒီဂရီရရှိထားသူများ မဟုတ်သည်မှာလည်း မှန်ကန်နေပါသည်။ ဖျော်ဖြေရေးလုပ်ငန်းများတွင် ဦးဆောင်လျက်ရှိသော Clint Eastwood ၊ Julia Roberts နှင့် George Clooney တို့သည်ပင် ထိုစာရင်းထဲတွင် ပါဝင်လျက်ရှိပါသည်။ သို့သော်လည်း ယခုကဲ့သို့တင်ပြမှုကို တန်ပြန်–တန်ပြန် ငြင်းချက်ထုတ်ရမည်ဆိုပါက ထိုအရာမျိုးသည် ခြွင်းချက်များဖြစ်သောကြောင့် အခြေခံအားဖြင့် ပြောရမည်ဆိုပါက လေထဲတွင်တိုက်အိမ်ဆောက်၍မရဟုသာ ဆိုချင်ပါသည်။

### ဆန္ဒစောနေခြင်းမျိုးလော

ယခုအဆိုပြုချက်သည် ဆန္ဒစော၍ ပြောဆိုနေခြင်း မျိုးသာဖြစ်ကြောင်းလည်းတစ်ဦးက ထောက်ပြပြောဆိုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အီသီယိုပီးယား၏ အဆင့်မြင့်ပညာရေးတွင် ကျောင်းအပ်သည့်အရေအတွက်မှာ ယခုအချိန်ထိ ၁၀ ရာခိုင်နှုန်းခန့်သာ ရှိသေးသည့်အတွက် ဖြစ်ပါသည်။ သို့သော်လည်း လူဦးရေသန်းတစ်ရာရှိသည့် နိုင်ငံ၌ တက္ကသိုလ်ပေါင်း ၄၅ ခုကျော်၊ ပုဂ္ဂလိက တက္ကသိုလ်နှင့် ကောလိပ်ပေါင်း ၁၃၀ ရှိရာ ခန့်မှန်းခြေအားဖြင့် ကျောင်းအပ်သူစုစုပေါင်း ၈၀၀၀၀၀ နီးပါးရှိ၍ နှစ်စဉ် ၁၀၀၀၀၀ ဘွဲ့ရရှိလျက်ရှိနေသည့်အတွက် သက်ဆိုင်ရာမဲဆန္ဒနယ်အတွက် သင့်လျော်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်း ရှာဖွေရာတွင် ထင်သလောက် ခက်ခဲမှုမရှိနိုင်ကြောင်း စာရေးသူအနေဖြင့် ထင်မြင်မိပါသည်။

ယခုအဆိုပြုချက်ကို နားလည်ရန်အတွက် အမျိုးမျိုးသော နမူနာဇာတ်လမ်းများကိုလည်း ဖော်ပြရန်လိုအပ်ပါသည်။ မဲအပြတ်အသတ်ဖြင့် နိုင်နိုင်ခြေရှိသော မဲဆန္ဒနယ်များအတွက် အချိန်အတိုင်းအတာတစ်ခုအထိ ရွှေ့ဆိုင်းထားရန် လိုအပ်ပါသည်။ သတ်မှတ်ချက်ကို ပြဋ္ဌာန်းရာတွင်လည်း ကိုယ်စားပြုအဖွဲ့ သို့မဟုတ် ပါတီတစ်ခုချင်း၌ ပါဝင်ကြသည့် ဘွဲ့မရရှိသူများ၏ အရေအတွက်အပေါ် မူတည်၍လည်း ပြဋ္ဌာန်းရန် လိုအပ်ပါသည်။

### နိဂုံး

ဥပဒေပြုရေးအဖွဲ့အနေဖြင့် သိသာထင်ရှားသော ပညာအရည်အချင်းနှင့် လုပ်ငန်းကျွမ်းကျင်မှုများ ဆုတ်ယုတ်နေခြင်းသည် ထိုအဖွဲ့အစည်းအတွက် သာမက နိုင်ငံတော်အတွက်လည်း ဝန်ထုပ်ဝန်ပိုး တစ်ခုပင်ဖြစ်ပါသည်။ ယခုအဆိုပြုချက်သည် အရည်အချင်းရှိသောသူများ တာဝန်ပိုမိုထမ်းဆောင်ရမည့် အခြေအနေဖြစ်သကဲ့သို့ ဥပဒေပြုရေးအဖွဲ့၏ အဓိကရည်ရွယ်ချက်၊ သဘောထားများကိုလည်း အကောင်အထည်ဖော်ရန် တာဝန်ရှိလာမည်ဖြစ်ပါသည်။

ယခုအဆိုပြုချက်သည် အငြင်းပွားဖွယ်ဖြစ်လာမည်ဆိုပါက အီသီယိုပီးယားလွှတ်တော်အမတ်များသည် ၎င်းတို့နိုင်ငံအတွက် ဥပဒေများရေးဆွဲရာတွင်လည်းကောင်း၊ ၎င်းတို့၏ကြီးမားသော လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်စီမံဆောင်ရွက်ရာတွင်လည်းကောင်း အရည်အချင်းပြည့်ဝစွာ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ ဆိုသည်မှာ မဖြစ်မနေ မေးခွန်းထုတ်ရမည့်အချက်ပင် ဖြစ်ပါသည်။

လွှတ်တော်၏ အားမာန်မပါသော လုပ်ဆောင်ချက်များနှင့်စပ်လျဉ်း၍ ဝေဖန်မှုများဖြစ်ပေါ်လျက်ရှိရာ လွှတ်တော်၏ ဖွဲ့စည်းပုံနှင့် ကိုယ်စားလှယ်များ၏ အရည်အချင်းကို ပြန်လည်ဆန်းစစ်နိုင်မည့် လမ်းကြောင်းကိုလည်း ရှာဖွေရန်လိုအပ်ပါသည်။ စာရေးသူအနေဖြင့် သတိပြုမိသည့်အချက်မှာ အခြားသောကဏ္ဍများအနေဖြင့် နိုင်ငံတည်ဆောက်ရာတွင် အဓိကအစိတ်အပိုင်းများဖြစ်သည့် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများသည် အရည်အချင်းပြည့်မီခြင်း၊ အများယုံကြည်လက်ခံမှုကို ထိန်းသိမ်းထားနိုင်ခြင်း၊ နိုင်ငံတော်တည်ဆောက်ရေးကို ကာကွယ်ထိန်းသိမ်းထားနိုင်ခြင်း စသည်တို့ မရှိခြင်းသည်လည်း လွှတ်တော်ကိုယ်စားလှယ်များအတွက် အတားအဆီးများပင် ဖြစ်နေသောကြောင့် ၎င်းတို့၏ လုပ်ဆောင်ချက်များသည်လည်း မှန်ကန်သော သရုပ်သကန်ကို ဖော်ဆောင်နိုင်ခြင်းမရှိတော့ပေ။

ထို့ကြောင့် တစ်စနှင့်တစ်စ ပိုမိုရှုပ်ထွေးပွေလီသော တာဝန်များ၊ ဝတ္တရားများကို ထိရောက်ထက်မြက်စွာလုပ်ဆောင်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များကို ပဒေသာပင်အဖြစ် ကောင်းမွန်စွာ ထားရှိဆောင်ရွက်သွားမှသာလျှင် အင်အားကောင်း၍ တောင့်တင်းခိုင်မာသော အဖွဲ့အစည်းတစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

**မှတ်ချက်။ University World News Africa Edition တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့၌ စာရေးသူ Damtew Teferra ရေးသားသည့် Should a degree be compulsory for parliamentarians? ဆောင်းပါးကို အလွတ်သဘော ဘာသာပြန်ဆိုခြင်းဖြစ်ပါသည်။**

# နိုင်ပွဲရရှိရေးဦးတည်လာမယ့် မန်စီးတီးကို အန်းဖီးလ်မှာ လီဗာပူးကျော်ဖြတ်နိုင်မလား

ယခုအပတ် ပရီမီယာလိဂ်ပွဲစဉ် (၇) မှာတော့ မန်ယူနဲ့ အဲဗာတန်၊ လီဗာပူးနဲ့ မန်စီးတီးအသင်းတို့ ဆုံတွေ့နေပါတယ်။ အမှတ်ပေးဇယားရပ်တည်မှုအရ အဆင့် (၁) နဲ့ အဆင့် (၂) က လီဗာပူးနဲ့ မန်စီးတီး၊ အဆင့် (၄) နဲ့ အဆင့် (၅) က မန်ယူနဲ့ အဲဗာတန်တို့ တွေ့ဆုံနေတာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်သွားမလဲ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**ပရီမီယာလိဂ် ပွဲစဉ် (၇)**

| ၂-၁၀-၂၀၂၁ | စနေနေ့ |
|---|---|
| မန်ယူ - အဲဗာတန် | ည ၆:၀၀ |
| ဘန်လေ - နေ့ဝှစ်ချ် | ည ၈:၃၀ |
| ချယ်ဆီး - ဆောက်သမ်တန် | ည ၈:၃၀ |
| လိဒ်စ် - ဝက်ဖို့ဒ် | ည ၈:၃၀ |
| ဝုဖ် - ကာဆယ် | ည ၈:၃၀ |
| ဘရိုက်တန် - အာဆင်နယ် | ည ၁၁:၀၀ |
| **၃-၁၀-၂၀၂၁** | **တနင်္ဂနွေနေ့** |
| ပဲလေ့စ် - လက်စတာ | ည ၇:၃၀ |
| စပါး - ဗီလာ | ည ၇:၃၀ |
| ဝက်စ်ဟမ်း - ဘရန့်ဖို့ဒ် | ည ၇:၃၀ |
| လီဗာပူး - မန်စီးတီး | ည ၁၀:၀၀ |



လီဗာပူးနဲ့ မန်စီးတီးအသင်းတို့ဟာ လက်ရှိ ပရီမီယာလိဂ်အမှတ်ပေးဇယားမှာ အဆင့် (၁) နဲ့ (၂) နေရာမှာ ရပ်တည်နေတဲ့အတွက် ယခုပွဲစဉ်က ပြိုင်ဆိုင်မှု ပြင်းထန်လာဖွယ် ရှိပါတယ်။ အထူးသဖြင့် မန်စီးတီးအသင်းအနေနဲ့ ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ နာမည်ကြီး ပီအက်စ်ဂျီအသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့တာကြောင့် ယခုပွဲစဉ်ကို မဖြစ်မနေနိုင်ပွဲရရှိအောင် အကောင်းဆုံးပြင်ဆင်လာမှာပါ။ ပြိုင်ဘက်လီဗာပူးအသင်းကလည်း အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ရေးအတွက် အသင်းကို အဓိက ကစားသမားအများစုနဲ့ အကောင်းဆုံးပြင်ဆင်လာဖွယ်ရှိတာကြောင့် စိတ်ဝင်စားဖို့ကောင်းပါတယ်။

**လီဗာပူး၏ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| လီဗာပူး | ၃ - ၂ | အေစီမီလန် |
| လီဗာပူး | ၃ - ၀ | ပဲလေ့စ် |
| နေ့ဝှစ်ချ် | ၀ - ၃ | လီဗာပူး |
| ဘရန့်ဖို့ဒ် | ၃ - ၃ | လီဗာပူး |
| ပေါ်တို | ၁ - ၅ | လီဗာပူး |

**မန်စီးတီး၏ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| မန်စီးတီး | ၆ - ၃ | လိုက်ပ်ဇစ် |
| မန်စီးတီး | ၀ - ၀ | ဆောက်သမ်တန် |
| မန်စီးတီး | ၆ - ၁ | ဝိုင်ကမ်ဘီ |
| ချယ်ဆီး | ၀ - ၁ | မန်စီးတီး |
| ပီအက်စ်ဂျီ | ၂ - ၀ | မန်စီးတီး |

### တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေ

လက်ရှိပရီမီယာလိဂ်ပွဲစဉ် (၆) အပြီးမှာ လီဗာပူးအသင်းက သွင်းဂိုး ၁၅ ဂိုးနဲ့ တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေပါတယ်။ ပြိုင်ဘက် မန်စီးတီးအသင်းကလည်း လက်ရှိအချိန်အထိ ပေးဂိုးတစ်ဂိုးသာ ခွင့်ပြုခဲ့ရတာကြောင့် ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေပါတယ်။ ဒါကြောင့် ယခုပွဲစဉ်က တိုက်စစ်အကောင်းဆုံးအသင်းနှင့် ခံစစ်အကောင်းဆုံးတို့ အားပြိုင်ကြမယ့် ပွဲစဉ်လို့ ဆိုနိုင်ပါတယ်။

### ဂိုးပြတ်ရှုံးနိမ့်ထား

ဒီနှစ်သင်းနောက်ဆုံးအကြိမ်တွေ့ဆုံခဲ့တာက လီဗာပူးအိမ်ကွင်းမှာဖြစ်ပြီး လီဗာပူးအသင်းက လေးဂိုး- တစ်ဂိုးနဲ့ ဂိုးပြတ်ရှုံးနိမ့်ထားတာ တွေ့ရတယ်။ ယခု ပွဲစဉ်ကလည်း လီဗာပူးအိမ်ကွင်းမှာ ကစားရမှာဖြစ်တာကြောင့် လီဗာပူးအသင်းအနေနဲ့ မန်စီးတီးအသင်းကို ရှုံးကြွေးဆပ်သွားမလား သို့မဟုတ် ရှုံးကြွေးထပ်တင် သွားမလား ဆိုတာ။

## မန်ယူ — VS — အဲဗာတန်

ရမှတ် ၁၃ မှတ်စီနဲ့ မန်ယူက အဆင့် (၄)၊ အဲဗာတန်က အဆင့် (၅) နေရာမှာ ရပ်တည်နေတဲ့အတွက် ဒီပွဲစဉ်က အကြိတ်အနယ်ရှိလာမှာပါ။ ခြေရည်တူနှစ်သင်းတွေ့ဆုံတဲ့ ပွဲစဉ်ဖြစ်သော်လည်း နိုင်ပွဲရရှိဖို့ ကြိုးစားလာမယ့် မန်ယူရဲ့ရှန်းအားကို ကြည့်ရမယ်။

**မန်ယူ၏ နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| မန်ယူ | ၀ - ၁ | ဝက်စ်ဟမ်း |
| မန်ယူ | ၀ - ၁ | ဗီလာ |
| မန်ယူ | ၂ - ၁ | ဗီလာရီးရဲ |

**အဲဗာတန်၏ နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| ဗီလာ | ၃ - ၀ | အဲဗာတန် |
| ကျူပီအာ | ၂ - ၂ | အဲဗာတန် |
| အဲဗာတန် | ၂ - ၀ | နေ့ဝှစ်ချ် |

## အေတီမက် VS ဘာစီလိုနာ

Estadio Wanda Metropolitano

### ပြိုင်ဆိုင်မှုပြင်းထန်လာဦးမည့် အေတီမက်နှင့် ဘာစီလိုနာ

အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့၏ လာလီဂါ ပွဲစဉ် (၈) ကို အောက်တိုဘာ ၃ ရက် နံနက် ၁နာရီခွဲတွင် ဝန်ဒါမက်ထရိုပိုလီတာနိုကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ လာလီဂါ ပွဲစဉ် (၇) အပြီးတွင် အေတီမက်အသင်းက ရမှတ် ၁၄ မှတ်ဖြင့် အဆင့် (၄) တွင် ရပ်တည်နေပြီး ပြိုင်ဘက် ဘာစီလိုနာအသင်းက တစ်ပွဲလျော့ ရမှတ် ၁၂ မှတ်ဖြင့် အဆင့် (၆) တွင် ရပ်တည်နေသည်။

အေတီမက်အသင်းသည် ဘာစီလိုနာအသင်းနှင့် တွေ့ဆုံခဲ့သည့် နောက်ဆုံးလေးကြိမ်တွင် နှစ်ကြိမ်နိုင်ပြီး နှစ်ကြိမ်သရေကျထားသည့်အတွက် ရှုံးပွဲကြုံတွေ့ထားခြင်း မရှိပေ။ သို့သော်လည်း ဘာစီလိုနာအသင်းအနေဖြင့် ပြီးခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဘင်ဖီကာအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် အဆိုပါ ပွဲစဉ်မှ ရှုံးနိမ့်မှုကို ယခုအေတီမက်အသင်းနှင့်ပွဲစဉ်တွင် ချေဖျက်ဖို့ ကြိုးစားလာဖွယ်ရှိသည်။

ယခုပွဲစဉ်တွင် အေတီမက်အသင်းမှ ဆွာရက်ဇ်နှင့် ဘာစီလိုနာအသင်းမှ ဒီပေးတို့ကို အဓိကထား စောင့်ကြည့်ရမည် ဖြစ်သည်။ ဆွာရက်ဇ်က လာလီဂါ ခုနစ်ပွဲတွင် သုံးဂိုးသွင်းထားသည်။ ထို့အပြင် ဒီပေးကလည်း လာလီဂါခြောက်ပွဲတွင် သုံးဂိုး သွင်းယူပေးထားသည်။




## ဇန်နဝါရီတွင် ကာဗာနီကို ရီးရဲမက်ဒရစ်အသင်း ခေါ်ယူဖွယ်ရှိ

လာလီဂါနာမည်ကြီး ရီးရဲမက်ဒရစ်အသင်းသည် မန်ယူအသင်းမှ ဥရုဂွေး တိုက်စစ်မှူး အီဒီဆင် ကာဗာနီကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ရီးရဲမက်ဒရစ်အသင်းသည် ကာဗာနီကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ၌ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ချိန်ရွယ်ခဲ့ဖူးကြောင်း သိရသည်။ သို့သော်လည်း အသက် ၃၄ နှစ်အရွယ်ရှိ ကာဗာနီက ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသို့သာ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။

၎င်းသည် လာမည့်နွေရာသီ စာချုပ်သက်တမ်းကုန်ဆုံးသည့်အခါတွင် မန်ယူအသင်းမှထွက်ခွာမည်ဟု ဝန်ခံပြောကြားထားသော်လည်း အိုးထရက်ဖို့ဒ်သို့ စီရော်နယ်ဒိုရောက်ရှိလာပြီးနောက် ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးနေသည့် ကစားသမား တစ်ဦးဖြစ်သည်။ ဝါရင့်တိုက်စစ်မှူး ကာဗာနီသည် ယခုနှစ်ရာသီ မန်ယူအသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့် မရရှိသေးဘဲ ပရီမီယာလိဂ်တွင် လူစားဝင် ကစားသမားအဖြစ် နှစ်ကြိမ်သာ ပါဝင်ကစားထားပြီး စုစုပေါင်း ၄၆ မိနစ်သာ ကစားထားရ သေးသည်။

ရီးရဲမက်ဒရစ်နည်းပြ အန်ဆယ်လော့တီသည် ယခုနှစ်ရာသီ ပွဲစဉ်အားလုံးကို ဘင်ဇီမာတစ်ဦးတည်းသာ အားပြု



ကစားရန် မဖြစ်နိုင်သည့်အတွက် အလှည့်ကျစနစ်ကို ကျင့်သုံးလိုနေပြီး ကာဗာနီကို ခေါ်ယူလိုနေခြင်း ဖြစ်သည်။

ကာဗာနီသည် မန်ယူအသင်းအတွက် ပြိုင်ပွဲစုံ ၄၂ ပွဲပါဝင်ကစားထားပြီး ၁၇ ဂိုး သွင်းယူပေးထားသည်။

ရီးရဲမက်ဒရစ်အသင်းသည် လာမည့် ၌ပွဲစဉ်အဖြစ် လာလီဂါပွဲစဉ် (၈) ကို အောက်တိုဘာ ၃ ရက်တွင် အက်စ်ပန်ညိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

## နောက်ဆုံးရသတင်းတိုများ

- နယ်သာလန် ကွင်းလယ်ကစားသမား ဗန်ဒီဘိခ် (၂၄နှစ်)သည် မန်ယူအသင်း၌ ပွဲထွက်ကစားခွင့် နည်းပါးသည့်အတွက် ဇန်နဝါရီတွင် အသင်းမှ ထွက်ခွာဖွယ်ရှိနေသည်။
- ကယ်လ်ဗင်ဖီးလစ် (၂၅နှစ်) သည် လိဒ်စ်အသင်း၌ စာချုပ်သစ်ချုပ်ဆိုရန် နီးစပ်လာပြီဖြစ်သည်။
- ယမန်နေ့က ကွန်ဖရင့်လိဂ်ပြိုင်ပွဲအဖြစ် အုပ်စု (G) မှ စပါးအသင်းနှင့် မူရာအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ စပါး အသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။
- ချယ်ဆီအသင်းသည် ဗီလာရီးရဲ ခံစစ်ကစားသမား ပါအူတောရက်စ် (၂၄ နှစ်) ကို စတန်းဖို့ဒ်ဘရစ်သို့ ခေါ်ယူရန် ချိန်ရွယ်နေသည်။
- မန်ယူနည်းပြ ဆိုးလ်ရှားသည် လင်ဂတ်အနေဖြင့် ပွဲထွက်ခွင့် နည်းပါးသည့်အတွက် အသင်းတွင် မပျော်မရွှင်ဖြစ်နေကြောင်း ဝန်ခံပြောကြားခဲ့သည်။
- လီဗာပူးနည်းပြ ကလော့ပ်သည် လေဗာကူဆင် အသင်းမှ ဒီယာဘီ (၂၂နှစ်) ကို ခေါ်ယူရန် ဆန္ဒရှိနေသည်။

■ မိုးဇက် - စုစည်းသည်



## ကာတာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် Formula One Grand Prix ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်

ကာတာနိုင်ငံသည် ပထမဦးဆုံးအကြိမ်အဖြစ် Formula One Grand Prix ပြိုင်ပွဲကို နိုဝင်ဘာလအတွင်း ကျင်းပမည်ဖြစ်သည်ဟု အောက်တိုဘာ ၁ ရက်တွင် ပွဲစီစဉ်ကျင်းပသူများက ပြောသည်။ အဆိုပါပြိုင်ပွဲကို ဒိုဟာမြို့ မြောက်ပိုင်း လူဆယ်အပြည်ပြည်ဆိုင်ရာပြိုင်ကားကွင်းအတွင်း နိုဝင်ဘာ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။ကာတာနိုင်ငံသည် ၂၀၂၃ ခုနှစ်မှစတင်ကာ ဖော်မြူလာဝမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် ၁၀ နှစ်စာချုပ်တွင် လက်မှတ်ရေးထိုးထားသည်။

ယခုနှစ်ရာသီအတွက် ကာတာနိုင်ငံနှင့် လက်တွဲလုပ်ဆောင်ရသည့်အတွက်ကျေနပ်ဝမ်းသာမိကြောင်း၊ ကာလရှည်ကြာစာချုပ်အတွက်လည်း ဝမ်းသာမိကြောင်း ဖော်မြူလာဝမ်းပြိုင်ပွဲမှ စီအီးအို ဒိုမနစ်ကယ်လီကပြောသည်။ ကားပြိုင်ပွဲတွင် စိတ်ဝင်စားမှုများပြားလာပြီး နေရာအများအပြားတွင် ပြိုင်ပွဲများကျင်းပနိုင်ရေး မျှော်လင့်ထားကြောင်းကိုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

## ၂၀၂၂ခုနှစ်အတွက် အက်ဖ်အိုင်ဘီအေ အမျိုးသမီး ကမ္ဘာ့ဖလား ဘတ်စ်ကက်ဘောပြိုင်ပွဲ လက်ရည်စစ်ပွဲပါဝင်ရမည့်အသင်းများကိုအတည်ပြု

၂၀၂၂ခုနှစ်အတွက် အက်ဖ်အိုင်ဘီအေ အမျိုးသမီးကမ္ဘာ့ဖလား ဘတ်စ်ကက်ဘောပြိုင်ပွဲအတွက် လက်ရည်စစ်ပွဲပါဝင်ရမည့်အသင်း ၁၆ သင်းကို အတည်ပြုခဲ့သည်ဟု သိရသည်။ ဩစတြေးလျ၊ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားအသင်းတို့သည် လာမည့်ဖေဖော်ဝါရီလအတွင်း ကျင်းပမည့်ပြိုင်ပွဲတွင် ၎င်းတို့၏ နေရာများကို ထိန်းသိမ်းထားနိုင်ခဲ့သည်။ နိုင်ဂျီးရီးယားနှင့် မာလီအသင်းတို့သည်လည်း လက်ရည်စစ်ပွဲတွင် ပါဝင်ခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စု၊ ပွာတိုရီကို၊ ဘရာဇီးနှင့် ကနေဒါတို့သည် အမေရိကကို ကိုယ်စားပြုမည်ဖြစ်သည်။ ဆားဘီးယား၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ဘော့စ်နီးယား၊ ဟာဇီဂိုးဗီးနားနှင့် ရုရှားတို့သည် ဥရောပကိုယ်စားပြုပါဝင်ယှဉ်ပြိုင်သည့် အသင်းများဖြစ်သည်။ ၂၀၂၂ ခုနှစ် အမျိုးသမီး ဘတ်စ်ကက်ဘော လက်ရည်စစ်ပွဲကို လာမည့်ဖေဖော်ဝါရီ ၁၀ နှင့် ၁၃ ရက်တို့တွင် ပြုလုပ်သွားမည်ဖြစ်သည်။




အောင် - ရေးသားသည်

## ဘရာဇီးဂန္ထဝင်ဘောလုံးသမားပီလီဟာ တစ်လနီးပါးဆေးကုသမှုခံယူပြီး ဆေးရုံက ဆင်းလာပြီ



ဘရာဇီး ဂန္ထဝင် ဘောလုံးသမား ပီလီ

ဘရာဇီးဂန္ထဝင် ဘောလုံးသမား ပီလီဟာ တစ်လနီးပါးဆေးကုသမှုခံယူပြီးနောက်မှာတော့ ဆေးရုံက ဆင်းလာပြီဖြစ်ပါတယ်။

အသက် ၈၀ နှစ်ရှိ ပီလီဟာ အူမကြီးက အသားပိုအကျိတ်ကို စက်တင်ဘာ ၄ ရက်က အောင်မြင်စွာ ခွဲစိတ်ဖယ်ထုတ်ပြီးနောက်မှာတော့ ဆေးရုံရဲ့ အထူးကြပ်မတ်ကုသဆောင်မှာ ရက်အတော်ကြာနေထိုင်ခဲ့ရပါတယ်။ အဲဘတ်အိုင်းစတိုင်းဆေးရုံရှိ ဆရာဝန်တွေက ပီလီရဲ့အခြေအနေဟာ တည်ငြိမ်နေပြီဖြစ်ကြောင်းနဲ့ ဆေးရုံက ဆင်းပြီးနောက်မှာ ဓာတုကုထုံးနဲ့ ဆက်လက်ကုသမှုခံယူရမှာ ဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

စက်တင်ဘာ ၃၀ ရက်ညက အင်စတာဂရမ်မှာ ပီလီက လမ်းကြောင်းက ခက်ခဲတယ်ဆိုရင်တော့ တစ်ဆင့်ပြီးတစ်ဆင့် အောင်ပွဲခံရမှာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ ပျော်ရွှင်မှုကို အာရုံစိုက်ပါလို့လည်း သူကပြောခဲ့ပါတယ်။

"ကျွန်တော်နောက်ထပ်ခုနှိုင်တော့မှာ မဟုတ်ပါဘူး။ ဒါပေမယ့် ပြီးခဲ့တဲ့ ရက်အနည်းငယ်မှာ အခါတိုင်းထက်ပိုပြီး လေကို လက်သီးနဲ့ထိုးခဲ့တယ်၊ အိမ်ပြန်ရတော့မှာ ဖြစ်တဲ့အတွက် ပျော်ရွှင်နေပါတယ်" လို့ ပီလီက ပြောခဲ့ပါတယ်။

"ကျွန်တော့်အနေနဲ့ ကြင်နာသနားပြီး ရင်းနှီးဖော်ရွေမှုနဲ့အတူ ပျော်ရွှင်စရာကောင်းအောင်လုပ်ပေးခဲ့တဲ့ အဲဘတ်အိုင်းစတိုင်းဆေးရုံအဖွဲ့သားတွေကို ကျေးဇူးတင်ပါတယ်။ ချစ်ခြင်းတရားတွေနဲ့ မက်ဆေ့ချ်ပို့ပေးခဲ့တဲ့ အဝေးကသူတွေကိုလည်း ကျေးဇူးတင်ပါတယ်" လို့ ပီလီက ပြောခဲ့ပါတယ်။

ပီလီဟာ စက်တင်ဘာ ၁၄ ရက်က အထူးကြပ်မတ်ကုသဆောင်က ပြန်ဆင်းလာပြီးတဲ့နောက်မှာ အခြေအနေနည်းနည်းမကောင်းတာကြောင့် နောက်တစ်ခါ ပြန်လည်ပို့ဆောင်ခဲ့ရပါတယ်။

ဂိုးအများဆုံးသွင်းတဲ့စာရင်းမှာတော့ ပီလီဟာ ခရစ်တီယာနိုရော်နယ်လ်ဒိုနဲ့ ဂျိုးဆက်ဖ်ဘိုင်ကန်တို့ရဲ့ နောက်က လိုက်လျက်ရှိပါတယ်။ သူ့ရဲ့ ဘောလုံးသမား သက်တမ်းတစ်လျှောက်မှာ သူဟာ ဂိုးပေါင်း ၇၅၇ ဂိုးသွင်းယူခဲ့ပါတယ်။ ပီလီဟာ ၁၉၅၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်၊ ၁၉၇၀ ခုနှစ်တွေမှာ ကမ္ဘာ့ဖလားကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။



လင်းခေတ်ဆန် - စုစည်းသည်

တံခွန်စိုက်ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်ပွဲမှာ ယူကရိန်းလက်ဝှေ့ကျော် အိုလက်ဆန်ဒါယူဆက်နဲ့ အန်တိုနီ ဂျိုရှူဝါတို့ အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်နေကြစဉ်။

## အမှားတွေကနေ သင်ခန်းစာယူမယ်လို့ ပြောကြားလိုက်တဲ့ ဗြိတိန်လက်ဝှေ့ကျော် အန်တိုနီ ဂျိုရှူဝါ

ဗြိတိန်လက်ဝှေ့ကျော် အန်တိုနီ ဂျိုရှူဝါက တံခွန်စိုက်ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်ပွဲတွင် ယူကရိန်းလက်ဝှေ့ကျော် အိုလက်ဆန်ဒါယူဆက်ကို ဘယ်နေရာမှာ အမှားလုပ်မိပြီး ရှုံးနိမ့်ခဲ့သလဲဆိုတာကို သဘောပေါက်နားလည်သွားပြီလို့ ဝန်ခံပြောကြားလိုက်သလို သူ့ရဲ့အမှားတွေကနေ သင်ခန်းစာယူခဲ့တယ်လို့လည်း ဆိုပါတယ်။

သူတို့နှစ်ဦးဟာ လန်ဒန်ရဲ့ တော့တင်ဟမ်ဟော့စပါးအားကစားရုံကြီးမှာ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြတာဖြစ်ပါတယ်။

ယူကရိန်းလက်ဝှေ့ကျော်ဟာ ဗြိတိန်ရဲ့ WBA၊ WBO၊ IBF နဲ့ IBO တို့ရဲ့ ချန်ပီယံခါးပတ်တွေကို ရရှိခဲ့ပါတယ်။ "ကျွန်တော်ယှဉ်ပြိုင်ထိုးသတ်ပွဲကို ပြန်ကြည့်ခဲ့ပါတယ်။ လိုအပ်ချက်တွေကို သုံးသပ်ပြီး အမှားတွေကို တွေ့ရှိခဲ့ပါတယ်။ အမှားတွေကနေ သင်ခန်းစာတွေ ရရှိခဲ့ပါတယ်" ဟု ဂျိုရှူဝါက ပြောပါတယ်။ "ကျွန်တော့်အတွက် မစိုးရိမ်ကြပါနဲ့။ ကျွန်တော့်ရဲ့စိတ်ဓာတ်က သန်မာပါတယ်" ဟု သူက ထပ်ပြောခဲ့ပါတယ်။

မကျေပွဲကို လာမယ့် ဖေဖော်ဝါရီနဲ့ မတ်လမှာ ဆင်နွှဲမယ်လို့ မျှော်လင့်ရပါတယ်။

## လက်ဝှေ့ကျော် မိုဟာမက်အလီရဲ့ အနုပညာလက်ရာတွေကို လေလံတင်တော့မယ်

အမေရိကန်နာမည်ကြီးလက်ဝှေ့ကျော် မိုဟာမက်အလီရဲ့ ပန်းချီတွေနဲ့ ပုံကြမ်းရေးဆွဲထားတဲ့ အနုပညာလက်ရာတွေကိုစုစည်းပြီး လာမယ့်သီတင်းပတ်အတွင်း နယူးယောက်မှာ လေလံတင်ရောင်းချသွားမှာဖြစ်ပါတယ်။ စုစည်းလက်ရာ ၂၄ ခုကို ခင်းကျင်းပြီး လေလံတင်ရောင်းချသွားမှာ ဖြစ်ပါတယ်။ အများစုကတော့ ကာတွန်းပုံစံများနဲ့ တချို့ကလည်း သူကိုယ်တိုင်လက်မှတ်ရေးထိုးထားပါတယ်။ ဒီစုစည်းမှုတွေဟာ အလီရဲ့ ဘာသာရေး၊ လူမှုရေးဆိုင်ရာ တရားမျှတမှုတွေကို ထင်ဟပ်စေမှာဖြစ်ပါတယ်။ အလီဟာ လက်ဝှေ့ကြိုးဝိုင်းမှာ ပျော်မွေ့သူဖြစ်သလို ပန်းချီဆွဲတာကိုလည်း ဝါသနာပါသူဖြစ်ပါတယ်။ ဒီသတင်းကို ကြားလိုက်တဲ့သူတွေအတော်များများဟာ အံ့သြကြပါတယ်။ သူ့ကို လူသိများတာကတော့ လက်ဝှေ့သမားအဖြစ်နဲ့ဖြစ်ပါတယ်။ သို့သော်လည်း သူ့ရဲ့လက်ရာတွေကို လေလံတင်ရောင်းချတော့မယ်ဆိုတဲ့အကြောင်း ကြားလိုက်ရတဲ့အခါမှာတော့ စိတ်လှုပ်ရှားမှုတွေဖြစ်လာပါတယ်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း








ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
၁။ ဧရာဝတီတိုင်းဒေသကြီးအတွင်း တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)၊ တံတားအထူးအဖွဲ့(၁၆)မှ ၂၀၂၁-၂၀၂၂ (Mini)ဘဏ္ဍာရေးနှစ်တွင် တာဝန်ယူတည်ဆောက်မည့်တံတားများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများနှင့် Ready Mixed Concrete ဝယ်ယူခြင်း ဇက်ရေယာဉ်၊ တွန်းသင်္ဘော၊ စက်ယာဉ်များ ငှားရမ်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူ/ငှားရမ်းမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စား သောကုမ္ပဏီနှင့် လုပ်ငန်းရှင်များ လာရောက်ယှဉ်ပြိုင်နိုင်ကြောင်း အသိပေးကြေညာ၍ ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| ၂။ | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၄-၁၀-၂၀၂၁ရက်မှ ၄-၁၁-၂၀၂၁ ရက်အထိ |
| ၃။ | **တင်ဒါပုံစံပိတ်မည့်ရက်/အချိန်** | - ၄-၁၁-၂၀၂၁ ရက် (၁၆:၀၀)နာရီ |
| ၄။ | **တင်ဒါရွေးချယ်မည့်ရက်/အချိန်** | - ၁၀-၁၁-၂၀၂၁ ရက် နံနက် ၁၀ နာရီ |
| ၅။ | **တင်ဒါပုံစံရောင်းမည့်နေရာ** | - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တံတားအထူးအဖွဲ့(၁၆)၊ ပုသိမ်မြို့ (ပုသိမ်ကြီးတံတားအနီး) |
| ၆။ | **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တံတားအထူးအဖွဲ့(၁၆)၊ ပုသိမ်မြို့ (ပုသိမ်ကြီးတံတားအနီး) |

၇။ တင်ဒါလျှောက်လွှာပုံစံ၊ လုပ်ငန်းသုံးပစ္စည်း၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၂၆၂၀၃၅၆၆၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၁၆)**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ သက်ဆိုင်ရာဌာနများတွင် အသုံးပြုရန် လိုအပ်သောအောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | သံချောင်းလုံး/H,L,U,I Beam | 1/1 Lot |
| (ခ) | MS Plate/ အမိုးသွပ်ပြား (4 Angle) | 1/1 Lot |
| (ဂ) | Motor & Pump | 1 Lot |
| (ဃ) | HDPE Pipe, Valve & Accessories/ Wire & Cable | ၃၈/၉၀၀ လုံး/မီတာ |
| (င) | NaOCL/PAC Solution | ၃၀၃၅/၁၁၂၅ $m^3$ |
| (စ) | ဘိလပ်မြေ | ၆၃၂၅၃၈ အိတ် |
| (ဆ) | ဒီဇယ်/ပရီမီယံ/ဓာတ်ဆီ | ၃၈၅၀၀၀/၅၈၀၀၀/၁၇၅၀၀ ဂါလန် |
| (ဇ) | ကတ္တရာ/ရေရောကတ္တရာ | ၅၀၀/၂၀ တန် |
| (ဈ) | ကျောက်စရစ်၊ သဲကြမ်း၊ လိပ်သဲကျောက် | ၂၁၀၀၀/၁၁၀၀၀/၇၃၂၅ ကျင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၄-၁၀-၂၀၂၁ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၅-၁၀-၂၀၂၁ ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း- ၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဓဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## လားရှိုးမြို့နယ် တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၃၅ နှင့် ဆက်နွှယ်သည့် ၂၀၂၁ ခုနှစ် တရားမဇာရီမှုအမှတ်-၁

| | | |
|---|---|---|
| ဒေါ်ရန်ဆွေကျှမ်း(ခ)သက်သက်ဝင်း ဒီကရီအနိုင်ရသူ | နှင့် | ဒေါ်နန်းခမ်းမွှံ တရားရှုံး |

မူဆယ်မြို့၊ ဈေးရပ်ကွက်၊ အမှတ်(ဈ/၂၁၇)နေ ဒေါ်နန်းခမ်းမွှံသိစေရမည်။

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၃၅ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဒေါ်ရန်ဆွေကျှမ်း(ခ)သက်သက်ဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့်အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်)အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၂ ရက် (၁၃၈၃ ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေရမည်။

၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဖြိုးငြိမ်းစံ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**လားရှိုးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့၊ အမှတ်(၂)ရပ်ကွက်၊ သီတာလမ်းနှင့် ရပ်စုံကျောင်းလမ်းထောင့်နေ ဦးဆန်းနိုင်ဝင်း ၈/ပခက(နိုင်)၁၆၃၀၉၈သည် ဖိုးသာထူး အမည်ဖြင့် ဇီး၊ မန်ကျည်းဖျော်ရည်နှင့် စားသောက်ကုန်မျိုးစုံထုတ်လုပ် ဖြန့်ချိရောင်းချနေပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော အမည်တူတံဆိပ်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ဖုန်းဆက်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသောအမှတ်တံဆိပ်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ ထောက်ခံချက်အား ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဆန်းနိုင်ဝင်း ၈/ပခက(နိုင်)၁၆၃၀၉၈**
**ဖုန်း-၀၉-၂၃၀၀၃၉၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## တင်ဒါအမှတ်-1T(C/RB)/PROCUREMENT/ REINFORCED STEEL BAR/2021-2022

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၏ (၂၀၂၁-၂၀၂၂)ဘဏ္ဍာနှစ် (၆)လဘတ်ဂျက်အတွင်း သံချောင်းလုံး(Reinforced Steel Bar)အရွယ်စုံ (HRB-500)မက်ထရစ်တန် (၆၈၃၈)တန်ကို ရန်ကုန်မြို့ရှိ တံတားလေးသိုလှောင်ဝင်းအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| ၂။ | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၄-၁၀-၂၀၂၁ရက် (ရုံးချိန်အတွင်း) |
| ၃။ | **သံချောင်းလုံး နမူနာ နောက်ဆုံးပေးပို့ရမည့်ရက်** | - ၁၅-၁၀-၂၀၂၁ ရက် ညနေ ၄နာရီ |
| ၄။ | **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - ၁၅-၁၀-၂၀၂၁ရက် ညနေ ၄နာရီ |
| ၅။ | **တင်ဒါဖွင့်လှစ်မည့်ရက်** | - ၃-၁၁-၂၀၂၁ရက် (တင်ဒါဖွင့်လှစ်မည့် အချိန်အားအကြောင်းကြားပါမည်။) |

၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၇။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ**
**တံတားဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ**
**ဖုန်း-၀၉-၈၆၃၄၅၃၄၊ ၀၆၇-၄၀၇၄၅၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်ရှိ ဦးတင်ယု ၉/အမရ(နိုင်)၀၇၆၀၃၂၊ အဘအမည် ဦးမြရင် အမည်ပေါက် မြေဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ မြေကွက်အမှတ်(ပ-၄၈၈၆)ကို မြေကွက်အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေဆက်ခံခွင့်ရှိသောသားဖြစ်သူ ဦးနေမျိုးထွန်း ၉/အမရ(နိုင်)၁၁၅၄၇၇၊ အဘအမည် ဦးတင်ယုမှ မြေပေးမိန့်မူရင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းမိတ္တူ၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး ၎င်း၏အမည်ဖြင့်မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၄ လမ်း၊ အမှတ်(၈၂)ဟုခေါ်တွင်သော ၂ ခန်းတွဲ ၈ ထပ်တိုက်၏ မြေညီထပ်(ဘီ)၊ (တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း ၁၅ ပေ x ပေ ၆၀ ရှိ တိုက်ခန်းနှင့်ပတ်သက်၍
## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့် တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုလက်ရှိ လက်ရောက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဒေါ်ငွေငွေရီ ၁၂/ရကန(နိုင်)၀၄၉၅၉၇ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)၊** | **ဒေါ်ရွှေစင်ဝင်း(LL.B)(စဉ်-၁၆၇၀၅)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်အမှတ်(ပ-၃၂၄၁၇)၊ ဒေါ်နွဲ့နွဲ့ရီ ၁၄/ဒဒရ(နိုင်)၁၀၀၇၂၃ (ဘ) ဦးကျင်ရွှေ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးမြင့်ဦး ၁၂/ဥကမ(နိုင်)၁၀၅၀၆၂ (ဘ) ဦးလှဖေမှ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၅၇/၂၇-၆-၂၀၁၄)တင်ပြ၍ ဒေါ်အေးအေးရီ ၉/မရမ(နိုင်)၀၅၁၁၉၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၂/၁၊ စီတာပူတောင်) ဦးပိုင်အမှတ်(၁၅၃/၂)၊ မြေဧရိယာ ၀ ဒသမ ၂၄၁ဧကရှိ မြေကွက်အား ဦးထိန်နန်ယော်ဆမ် ၁/မကန(နိုင်)၀၉၀၂၃၁အမည်ဖြင့် (၁၉၉၅-၁၉၉၆)ခုနှစ်မှစ၍ ၂၀၁၉-၂၀၂၀ခုနှစ်အထိ မြေခွန်ပြေစာ ၂၄စောင်ထွက်ရှိခဲ့သော်လည်း မြေခွန်ပြေစာ ၁၄စောင်မှာ ပျောက်ဆုံးခဲ့၍ ၁၀စောင်သာတင်ပြနိုင်ခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဦးထိန်နန်ယော်ဆမ် ၁/မကန(နိုင်)၀၉၀၂၃၁အမည်ဖြင့် မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန် (အသစ်)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/7089 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3F/7085 Subaru Sambar TT, P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်းကျော် ၉/ကပတ(နိုင်)၁၆၃၆၁၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် EE/5996, TOYOTA CROWN JZS171, SALOON (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအုန်းကျော်မြင့် ၉/ခအဇ(နိုင်)၀၀၂၀၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ချောက်မြို့၊ အမှတ်(၉)ရပ်ကွက်၊ ဈေးရပ်၊ အကွက်အမှတ်(၁၇)၊ မြောက်သစ်မြောက်၊ ဦးပိုင်အမှတ်(၇၁)၊ မြေကွက်အမှတ် (၂၂၆)၊ ပိုင်ဆိုင်ခွင့်(L)မြေမျိုးနှင့် အတန်းအစား (မြို့မြေ)၊ ဧရိယာ ၀ ဒသမ ၀၅၁ ဧကရှိ မြေကွက်သည် အခွန်အမှုအမှတ် ၈၁/၇၉-၈၀ အရ ၅-၂-၁၉၈၂ ရက်မှ ၄-၂-၂၀၁၂ရက်အထိ နှစ်(၃၀)မြေငှားဂရန်ကို ဥက္ကဋ္ဌ၊ ကြူလီယာမူဆလင်ဝတ်ကျောင်းဂေါပကအမည်ဖြင့် ရရှိခဲ့ပြီးနောက် ဂရန်သက်တမ်းကုန်ဆုံး၍ကြူလီယာမူဆလင်ဝတ်ကျောင်းအဖွဲ့က သာသနာ့မြေအဖြစ်အသုံးပြုရန် အခွန်လွတ်သာသနာမြေဂရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လည်းကောင်း၊ မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အခွန်လွတ်သာသနာမြေ ဂရန်လျှောက်ထားလာသည့်ကိစ္စအားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မကွေးခရိုင်၊ မကွေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ မြေကွက်အမှတ်(ပ-၂၀၅၃၈)၊ ဦးကျော်ဖုန်းနိုင် ၁၂/အလန(နိုင်)၀၃၄၀၄၅ (ဘ) ဦးဖုန်းဝေ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးရွှေကြိုင် ၇/ညလပ(နိုင်)၁၃၂၂၄၀ (ဘ) ဦးသန်းရွှေမှ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၄၄/၃-၈-၂၀၁၈)တင်ပြ၍ ဒေါ်ထက်ထက် ၉/ခမစ(နိုင်)၀၆၉၂၄၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## (မြန်မာနိုင်ငံကုမ္ပဏီများနည်းဥပဒေပိုဒ် ၃၂အရ)

## မန္တလေးခရိုင်တရားရုံး၌

## (ဂရိတ်ဝေါလ်ဝေမာလ်ဟိုးဒင်းစ်ကုမ္ပဏီလီမိတက်၏အရေး၌)

## ၂၀၂၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၉

| | | |
|---|---|---|
| ဦးတင်မောင်၊ ဒါရိုက်တာ | နှင့် | ဂရိတ်ဝေါလ်ဝေမာလ်ဟိုးဒင်းစ် |
| ဂရိတ်ဝေါလ်ဝေမာလ် | | ကုမ္ပဏီလီမိတက် |
| ဟိုးဒင်းစ်ကုမ္ပဏီလီမိတက် | | (Great Wall-Wilmar Holdings |
| (Great Wall-Wilmar Holdings | | Company Limited) |
| Company Limited) | | ၆၇လမ်းနှင့် ၁၀၇လမ်းထောင့် |
| အမှတ်(၁)၊ ကိုယ်ပိုင်အိမ်ရာ၊ | | ဦးပိုင်အမှတ်-၁+၂။ အကွက် |
| ၃၁လမ်း၊ ၇၇လမ်းနှင့် | | (SA-2) |
| ၇၈လမ်းကြား၊ | | မြို့သစ်(၂)ရပ်ကွက်၊ |
| ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့ | | ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |

ဂရိတ်ဝေါလ်ဝေမာလ်ဟိုးဒင်းစ်ကုမ္ပဏီလီမိတက်သည် မန္တလေးမြို့တွင် ရုံးခန်းဖွင့်လှစ်ပြီး သကြားစက်ရုံမှ သကြားထုတ်လုပ်ခြင်းကို အဓိကအားဖြင့် လုပ်ကိုင်ဆောင်ရွက်နေသည့် ဂရိတ်ဝေါလ်ဝေမာလ် ဟိုးဒင်းစ်ကုမ္ပဏီလီမိတက် (Great Wall-Wilmar Holdings Company Limited) သည် ကုမ္ပဏီလုပ်ငန်းကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ကိုင်ရန် မဖြစ်နိုင်တော့သဖြင့် ကုမ္ပဏီကို တရားရုံး၏ အမိန့်စာရင်း ရှင်းလင်းဖျက်သိမ်းရန် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ပုဒ်မ ၂၉၈(စ)အရ လျှောက်ထားသော အမှုတွင်-

အထက်အမည်ပါကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် လျှောက်ထားသူက ၂၀၂၂ခုနှစ် အောက်တိုဘာ ၂၉ရက်(၁၃၈၄ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ရက်)တွင် မန္တလေးခရိုင်တရားရုံးတော်၌ နံနက် ၁၀နာရီတွင် စစ်ဆေးကြားနာမည်ဖြစ်ရာ အထက်ပါဥပဒေအရ အဆိုပါကုမ္ပဏီကို ဖျက်သိမ်းရန်အမိန့်ထုတ်ပေးခြင်းအပေါ် ကန့်ကွက်လိုသော်လည်းကောင်း၊ ကုမ္ပဏီ၏ မြီရှင်၊ ကြွေးမြီကူညီပေးဆပ်သူ သို့မဟုတ် အစုပါဝင်သူတစ်ဦးတစ်ယောက်တို့သည် ၎င်းတို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းတို့၏အခွင့်အမိန့်အရ ရှေ့နေတစ်ဦးဦးနှင့်ဖြစ်စေ ကြားနာစစ်ဆေးမည့်အဆိုပါ ချိန်းဆိုထားသည့် နေ့ရက်တွင် ထိုကိစ္စအတွက် လာရောက်ရန် ကြော်ငြာလိုက်သည်။ အောက်တွင်လက်မှတ်ရေးထိုးသူထံ အဆိုပါကုမ္ပဏီ၏ မြီရှင်၊ ကြွေးမြီကူညီပေးဆပ်သူ သို့မဟုတ် အစုပါဝင်သူ မည်သူမဆို ၎င်းလျှောက်ထားသည့်လျှောက်လွှာ မိတ္တူတစ်စောင်ကို အလိုရှိပါက ၎င်းအတွက် သတ်မှတ်ထားသော နှုန်းပေးသွင်းလျှင် ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာပါသည်။

**ဒေါ်နန္ဒာမြင့်သိန်း**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၈၀၃၆/၂၁-၁၂-၂၀၁၁)**
**အမှတ်(၂/၂၄)၊ ၈၄လမ်း၊ ၂၄x၂၅လမ်းကြား၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**

---

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် (၆)လဘတ်ဂျက် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေနှင့် မွမ်းမံရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် (၆)လဘတ်ဂျက် ပြည်ထောင်စုရန်ပုံငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည့်လုပ်ငန်းများစာရင်း-

| | | | |
|---|---|---|---|
| (က) | မြေသားရေကန် | - | ၂၄ ကန် |
| (ခ) | လက်တူးတွင်း | - | ၆ တွင်း |
| (ဂ) | စိမ့်စမ်း | - | ၁၀ ခု |
| (ဃ) | အိမ်သွယ်ရေတိုင် | - | ၃ ခု |
| (င) | အခြားရေပေးရေးလုပ်ငန်း | - | ၅ ခု |
| (စ) | မိုးရေလှောင်ကန် | - | ၄ ကန် |
| (ဆ) | ကျေးလက်ကုန်ထုတ်လမ်း၊ တံတား | - | ၄ လမ်း၊ ၉ စင်း |
| (ဇ) | ရုံးတိုးချဲ့ခြင်း | - | ၁ ခု |
| (ဈ) | ကျေးလက်အိမ်ရာ | - | ၁၂၇ လုံး |
| (ည) | ရုံးခြံစည်းရိုးကာရံခြင်းနှင့်ရုံးအဝင် Box Culvert (၂)စင်းတည်ဆောက်ခြင်း | - | ၆ ခု၊ ၂ စင်း |
| (ဋ) | ရုံးမြေဖို့ခြင်းလုပ်ငန်း | - | ၂ ခု |

၃။ Lot တစ်ခုချင်းစီ၏ တင်ဒါလျှောက်လွှာပုံစံများကို ၈-၁၀-၂၀၂၁ ရက်မှ ၅-၁၁-၂၀၂၁ ရက်အထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ၉-၁၁-၂၀၂၁ ရက် ညနေ ၄နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ကြိုတင် အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၄။ တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာနှင့် ပြန်လည်တင်သွင်းရမည့်နေရာမှာ ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ ဆတ်ရိုးကျရပ်ကွက်၊ ရွှေမင်းဂံဆိပ်ကမ်းသွားလမ်း၊ စစ်တွေမြို့ဖြစ်ပါသည်။

၅။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ၈-၁၀-၂၀၂၁ ရက်မှစ၍ ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ ဖုန်း-၀၉-၄၂၁၇၁၀၃၂၂၊ ၀၉-၅၆၈၀၃၆၀ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
## ပြည်နယ်မီးသတ်ဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်နယ်မီးသတ်ဦးစီးဌာန၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လထိ (၆)လ ဘဏ္ဍာရေးကာလ၊ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူရန် ပြည်တွင်း/ပြည်ပ ကုမ္ပဏီများအား တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | မီးငြိမ်းသတ်ယာဉ် | ၃ စီး | Lot - 1(A) |
| (ခ) | မီးငြိမ်းသတ်ယာဉ် | ၂ စီး | Lot - 1(B) |
| (ဂ) | လှေကားတင်ယာဉ်(25M) | ၁ စီး | Lot - 2 |
| (ဃ) | ရှာဖွေကယ်ဆယ်ရေးယာဉ် | ၂ စီး | Lot - 3 |

၂။ တင်ဒါလျှောက်လွှာများကို ကချင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ မြစ်ကြီးနားမြို့တွင် အောက်ပါအတိုင်း တင်သွင်းရန်နှင့် သတ်မှတ်ရက်ထက်ကျော်လွန်သော အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ-

(က) တင်ဒါစတင်တင်သွင်းရမည့်ရက် ၄-၁၀-၂၀၂၁ ရက်မှ ၂-၁၁-၂၀၂၁ရက်ထိ
(ခ) တင်ဒါ ပိတ်မည့်ရက် ၄-၁၁-၂၀၂၁ ရက် (၁၅:၀၀) နာရီထိ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ ပြည်နယ်မီးသတ်ဦးစီးဌာန၊ တင်ဒါခေါ်ယူရေးကော်မတီ

**ကချင်ပြည်နယ်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ်(ဒ-၄၁၇၅)၊ မြေရေိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးမြသန်း(ဘ)ဦးကျော်စိန် ၉/လဝန(နိုင်)၀၅၁၉၅၂ အမည်ပေါက်(ပါမစ်)မြေကွက်ကို ဦးဗိုလ်စိုး(ဘ)ဦးကျော်ရှိန် ၉/လဝန(နိုင်) ၀၀၀၇၈၈ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ်(A-450)၊ မြေရေိယာ ၀ ဒသမ ၂၂၉ဧကရှိ ဦးဝင်းဖေ (ဘ) ဦးဘိုကြီး ၂/လကန(နိုင်)၀၄၂၈၈၀ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်မြင့်မြင့်ရီ (ဘ) ဦးရှိန် ၇/ဒဥန(နိုင်)၀၃၂၇၃၃မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၇၀၆/၂၀၂၀)(၂၁-၅-၂၀၂၀)မူရင်းတင်ပြ၍ ဒေါ်ဝသာန်ငြိမ်းချမ်း (ဘ) ဦးခင်မောင်ဦး ၇/ဒဥန(နိုင်)၀၂၄၄၁၅နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## မန္တလေးတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံးမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ အောင်မြေမန္တလာအိမ်ရာတွင် နေ့ကလေးထိန်းကျောင်း (၁)ကျောင်းနှင့် မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာတွင် ကွပ်ကဲရေးရုံး(၁)ရုံးကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - | ၄-၁၀-၂၀၂၁ မှ ၂၅-၁၀-၂၀၂၁ အထိ ရုံးချိန်အတွင်း |
| တင်ဒါလျှောက်လွှာတင်သွင်းရမည့် ရက်/အချိန် | - | ၂၇-၁၀-၂၀၂၁ (ရုံးချိန်အတွင်း) |
| တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်၊ နေရာ | - | ထပ်မံကြေညာပါမည် |

၂။ တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းသတ်မှတ်ချက်များနှင့်ပတ်သက်၍ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး (၆၆)လမ်း၊ (၁၆ x ၁၇)လမ်းကြား၊ အောင်မြေသာစံမြို့နယ်တွင် ဝယ်ယူတင်သွင်းရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉-၇၉၉၈၄၉၀၁၈၊ ၀၉-၂၅၉၀၄၇၂၉၈ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
## ပြည်နယ်မီးသတ်ဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်နယ် မီးသတ်ဦးစီးဌာန၏ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လ ဘဏ္ဍာရေးကာလ၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆွမ်ပရာဘွမ်မြို့နယ်မီးသတ်စခန်း မြေထိန်းနံရံဆောင်ရွက်ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများအား ၁-၁၀-၂၀၂၁ ရက်မှ စတင်၍ ရုံးချိန်အတွင်း၊ အတွင်းရေးမှူး၊ တင်ဒါခေါ်ယူရေးကော်မတီရုံး၊ ပြည်နယ်မီးသတ်ဦးစီးဌာန၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်တွင် ဝယ်ယူလျှောက်ထားနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | အိတ်ဖွင့်တင်ဒါစတင် တင်သွင်းရမည့်ရက် | - | ၄-၁၀-၂၀၂၁ရက်မှ ၂-၁၁-၂၀၂၁ ရက်အထိ |
| ၃။ | အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် | - | ၂-၁၁-၂၀၂၁ ရက် (၁၅:၀၀)နာရီအထိ |
| ၄။ | အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နေရာ | - | ကချင်ပြည်နယ်မီးသတ်ဦးစီးဌာန၊ တင်ဒါခေါ်ယူရေးကော်မတီရုံး |

၅။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဖုန်း-၀၇၄-၂၅၂၉၅၁၂၊ ပြည်နယ်မီးသတ်ဦးစီးမှူးရုံး ဖုန်း ၀၇၄-၂၅၂၂၄၆၇၊ ၀၇၄-၂၅၂၀၁၆၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကချင်ပြည်နယ် တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၁၀၆၉)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဒေါ်စူးအမည်ပေါက်ပါမစ်မြေကွက်အား ဦးအောင်တင်ဆန်း ၉/ပမန (နိုင်) ၁၈၈၃၁၇မှ ပျဉ်းမနားမြို့မြေတိုးချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှား စာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၀)ရပ်ကွက်၊ မြေတိုင်း (၄၆)၊ မြောင်းမြ(၂)လမ်း၊ အမှတ်(၃၂၇)ဟုခေါ်တွင်သော အလျားပေ ၄၀x အနံ ပေ ၆၀ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောင်အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ယခုရောင်းချစီမံပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်စန်းစန်းအေး (TTE-၁၉၁၇၂၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ အထက်ပါ နေအိမ်ခြံမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းမူ ၈/မထန(နိုင်)၀၉၉၈၀၀ ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိမ့်သန္တာအောင်**
**အထက်တန်းရှေ့နေ**
**(စဉ်-၄၈၂၂၉/၂၀၁၇)**
**စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၇၉၉၇၂၃၂၈၁**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3L/2105 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/5961 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

# ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား ဒါယိကာမကြီး

## အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းဝါ (မိုးကုတ်)

## Director Comet Star Co.,Ltd.

## အသက်(၅၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကိုးမိုင်နေ ဦးဝင်းဖေ-ဒေါ်ရွှေချောတို့၏သမီး၊ ဒေါ်နီလာ၊ ဦးမျိုးမြင့်-ဒေါ်မြသီတာတို့၏ညီမ၊ ဦးမင်းသိန်း-ဒေါ်သူဇာတို့၏အစ်မ၊ မသိမ့်တွယ်တာချမ်းမြေ့၊ မောင်ဇွဲဝေယံချမ်းမြေ့၊ မမေဖြူစင်ချမ်းမြေ့၊ မလေပြေဖူးပြည့်စုံ၊ မောင်နန္ဒထူးပြည့်စုံတို့၏အဒေါ်သည် ၂၈-၉-၂၀၂၁ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂:၄၀ နာရီတွင် ဂရန်းဟံသာဆေးရုံကြီး၌ (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ဂူသွင်းမြှုပ်နှံပြီးဖြစ်ပါ ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ဘဏ္ဍာရန်ပုံငွေဖြင့် ၂၀၂၁-၂၀၂၂ ခု ဘဏ္ဍာရေးနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် မြို့နယ် ဥပဒေရုံးများတွင် အောက်ပါဆောက်လုပ်ရေးလုပ်ငန်းများ ဆောက်လုပ်ရန်ရှိပါသည်-

(က) ထားဝယ်မြို့တွင် တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အရာရှိအိမ်ရာ ဆောက်လုပ်ခြင်း( ၂၈ X ၄၀ပေ၊ RC ၃ထပ်) (အဝီစိတွင်း၊ ရေလှောင်ကန်၊ မိလ္လာကန်၊ လျှပ်စစ်မီးတပ်ဆင်ခြင်း)

(ခ) ထားဝယ်မြို့တွင် တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အလူမီနီယံမှန်တပ်ဆင်ခြင်း(အပေါ်ထပ်၊ အရှေ့မျက်နှာစာ ၅၁ X ၁၁.၅ ပေ၊ အစည်းအဝေးခန်းမနံဘေး ၃၁.၅ X ၅.၅ ပေ၊ အောက်ထပ် ၇.၆ X ၇.၈ ပေ၊ ၉ X ၇.၈ပေ၊ ၉ X ၄.၇ပေ X ၂)

(ဂ) ပုလောမြို့တွင် မြို့နယ်ဥပဒေအရာရှိအိမ်ရာဆောက်လုပ်ခြင်း (၃၆ X ၃၆ ပေ)၊RC ၂ ထပ် ဆောက်လုပ်ခြင်း(အဝီစိတွင်း၊ ရေလှောင်ကန်၊ မိလ္လာကန်၊ သံပန်းတံခါး၊ လျှပ်စစ်မီး တပ်ဆင်ခြင်း)

(ဃ) ကော့သောင်းမြို့တွင် မြို့နယ်ဥပဒေအရာရှိ အိမ်ရာသံပန်း ခြံစည်းရိုးကာရံခြင်း (၂၂၀ X ၅ပေ)

၂။ အထက်ပါ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်ရက်** | - ၁-၁၀-၂၀၂၁ရက် |
| (ခ) | **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** | - ၂၂-၁၀-၂၀၂၁ရက် |
| (ဂ) | **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | - ၂၆-၁၀-၂၀၂၁ရက်၊ နံနက် ၁၀နာရီ |
| (ဃ) | **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** | - တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ခွာညိုလမ်း၊ ဆန်းချီရပ်ကွက်၊ ထားဝယ်မြို့ |

၃။ သတ်မှတ်ထားသော နေ့ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ် အချက်များကို သိရှိလိုပါက တနင်္သာရီတိုင်း ဒေသကြီး ဥပဒေချုပ်ရုံး၊ ဖုန်း-၀၅၉-၂၃၅၃၁၊ ၀၉-၄၄၀၇၃၀၁၈၉၊ ၀၉-၄၂၃၆၆၃၁၈၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး**

**ထားဝယ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/ဘီ)၊ လူနေရပ်ကွက်အမှတ် (-)၊ မြေကွက်အမှတ်(၂၅)၏ ဒေါ်ယုယုနိုင်(၁၂/မဂတ(နိုင်)၀၀၅၆၉၁) ပိုင်ဆိုင်ခွင့်ရရှိထားသည့် ဂန္ဓမာလမ်းမှဝင်လျှင် အစွန်ဆုံး အကျယ်အဝန်း(အလျား၁၀၀ပေ× အနံ၁၀၀ပေ)(၀.၄၅၉)ဧကရှိ မြေကွက်အနက်မှ မခွဲမစိတ်ရသေးသော အကျယ်အဝန်း(အလျား၂၀ပေ× အနောက်ဘက်အနံ၁၀၀ပေ)ကျယ်ဝန်းသော တစ်ကွက်ကျော် မြေဥပစာနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ယုယုနိုင် (၁၂/မဂတ(နိုင်)၀၀၅၆၉၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်နိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| ဦးခင်မောင်ဦး | လွှဲအပ်ညွှန်ကြားချက်အရ | ဦးဇော်မျိုးနိုင် |
| LL.B, D.B.L, D.I.L, | | LL.B, D.B.L, |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂) | | အထက်တန်းရှေ့နေ (စဉ်-၄၅၆၅၃) |

Hein Htet San Law Firm ဖုန်း- ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၅၅၀၆၁၄၆ ၊ အမှတ်(၁၅) ၊ ပထမထပ်၊ သံသုမာလမ်း ၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ကျောက်စိမ်း (၂)လမ်း၊ မြေကွက်အမှတ် ၁၄၂၊ ဧရိယာပေ (၄၀x၆၀)၊ ဂရန်မြေအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်းခြမ်း)၊ ဧရိယာပေ (၂၀x၆၀)၊ မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသန်းဝင်းထွန်း ၁၂/မရက(နိုင်)၁၂၈၉၁၁ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဖြိုးဝေလင်း ၁၂/ဥကတ(နိုင်)၁၆၃၇၇၀က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၆၆၁၈/၀၇)**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ် နှင့်အမည် နန္ဒဝန် (ကြာဖံ၊ သားရေ၊ အခြား) ဦးပိုင်အမှတ်(၃လမ်း-၁၀၊ ၁၂၊ ၂လမ်း-၉၊ ၁၁)၊ ဧရိယာ ၀ဒသမ ၅၈၈ ဧကရှိ မြေအား ၇၀V ၂၀၁၁-၂၀၁၂ အရ (၂၁-၁-၂၀၀၂)မှ (၂၀-၁-၂၀၃၂)အထိ ဦးတင်ဝင်းအမည်ဖြင့် နှစ်(၃၀) မြေငှားဂရန် ရရှိထားသော ဝင်းမြေနှင့် ဦးပိုင်အမှတ် (၃လမ်း-၁၄၊ ၁၆၊ ၂လမ်း-၁၃၊ ၁၅)၊ ဧရိယာ ၀ဒသမ ၅၈၈)ဧကရှိ မြေအား အမှုတွဲ အမှတ် ၇၁ V ၂၀၁၁-၂၀၁၂ အရ (၂၁-၁-၂၀၀၂) မှ (၂၀-၁-၂၀၃၂)အထိ ဦးတင်ဝင်းအမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ရရှိထားသောဝင်းမြေအား ဦးကိုကိုမြတ် အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်း မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၉)၊ မြေကွက်အမှတ်(၁၃၇၂)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဒေါ်အော်လ်ဂါစောမြိုင် (CF-၁၀၈၄၃၁) အမည်ပေါက် ပါမစ်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးအောင်တေဇ (၁၀/မလမ(နိုင်)၁၈၄၅၄၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်ပြည့်ပြည့်ဖြိုး | ဦးထိန်လင်းသန်း |
| LL.B, D.B.L, D.I.P.L, | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄) | တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂ ) |

Hein Htet San Law Firm ဖုန်း - ၀၉၄၂၈၀၂၀၃၆၉ ၊ ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကျေးရွာအမည်-ကျီစုအနောက်၊ ကွင်းအမှတ် ၄၅၃၊ ကွင်းအမည်-ရိုးကြီးကွင်း၊ ဦးပိုင်အမှတ် (၄/၃)၊ (ယခု-မြေတိုင်းရပ်ကွက်အမှတ်-၁၄၀)၊ သီတာ ၃ လမ်း၊ မြေကွက်အမှတ် (၄၅၃)၊ မြေဧရိယာ ၅ဒသမ ၉၃ ဧကရှိ ဦးကျော်သောင်း အမည်ပေါက် မြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသော မြေအလျားx အနံ (၂၀ x ၆၀)ပေစီရှိ မြေကွက်နှစ်ကွက်အား ဦးကျော်သောင်း(ကိုယ်စား) ညီဖြစ်သူ ဦးကျော်ဌေး ၁၂/လကန(နိုင်)၁၂၃၄၇၉ ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူများဖြစ်သော ဦးမင်းသူ ၁၄/ပသန(နိုင်)၂၅၇၆၀၉ နှင့် ဦးမင်းမင်းလတ် ၁၂/ဥကတ(နိုင်)၁၅၉၆၁၁ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှစ်ကွက်နှင့် အဆောက်အအုံတို့နှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမြင့်စိန် B.A(Law); LL.B** | **ဒေါ်ဝင်းပပဖြူ LL.B** |
| **(စဉ်- ၂၅၀၉)** | **(စဉ်-၁၅၁၆၂)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ် (၃၂)၊နှင်းဆီလမ်း၊ စီမံကိန်း(၁)၊ (၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း- ၀၉-၄၂၁၀၄၅၃၂၀**

## သွာနုတ္တရ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ဘားအံမြို့၊ အမှတ် (၇)ရပ်ကွက်၊ ဒေါက်တာ စောလှထွန်းလမ်း၊ အိမ်အမှတ် (၇/၃၆၃)တွင်နေထိုင်သူ ကျွန်တော် ဦးထွန်းထွဋ်လင်း ၃/ဘအန(နိုင်)၀၀၁၂၉၈နှင့် ကျွန်မ ဒေါ်နန်းချိုချိုသန်း ၃/ဘအန(နိုင်)၁၄၃၃၉၈တို့၏သားဖြစ်သူ မောင်အောင်ဘိုဘိုထွဋ် ၃/ဘအန(နိုင်)၄၄၂၀၂၀ သည် ကျွန်တော်၊ ကျွန်မတို့၏ကိုယ်စိတ်နှစ်ပါးကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသည်။ ထို့ကြောင့် ကျွန်တော်၊ ကျွန်မတို့မှ သည်းခံနိုင်စွမ်းမရှိတော့သည့်အတွက် ၎င်းအား သွာနုတ္တရသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာလိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝတို့သည်လည်း ကျွန်တော်၊ ကျွန်မတို့မှ တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးကြေညာပါသည်။

| | |
|---|---|
| **၁။ ဦးထွန်းထွဋ်လင်း** | **၂။ ဒေါ်နန်းချိုချိုသန်း** |
| **၃/ဘအန(နိုင်)၀၀၁၂၉၈** | **၃/ဘအန(နိုင်)၁၄၃၃၉၈** |

## ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ | | | | | လျှောက်ထားသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | | မြို့ | ရပ်/ကျေး | အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ(ဧက) | |
| ၁ | ဒေါ်ဌေးဌေးတင် | ပုသိမ် | အမှတ် (၁၃) | ၅၂ | M-၈၅ | ၀.၃၉၁ | မြေပေးမိန့် |
| ၂ | ဒေါ်အေးသန္တာအောင် | ပုသိမ် | အမှတ် (၁၃) | ၅၂ | L-၂၇၆/R2 | ၀.၂၇၉ | မြေပေးမိန့် |
| ၃ | ဒေါ်ချောစုလှိုင် | ပုသိမ် | အမှတ် (၁၃) | ၅၂ | L-၂၇၆/R3 | ၀.၂၇၉ | မြေပေးမိန့် |
| ၄ | ဒေါ်ဝင်းမေ | ပုသိမ် | အမှတ် (၁၃) | ၅၂ | D-၃၀၅ | ၀.၀၅၅ | မြေပေးမိန့် |
| ၅ | ဒေါ်မေသဥ္ဇာအေး | ပုသိမ် | အမှတ် (၁၃) | ၅၇-က | Q-၁၄/၁၇ | ၀.၁၁၀ | မြေပေးမိန့် |
| ၆ | ဒေါ်ခင်မြင့်မြင့် | ပုသိမ် | အမှတ် (၁၃) | ၅၇-က | Q-၅/၆/၁၅/၁၆ | ၀.၂၂၀ | မြေပေးမိန့် |
| ၇ | ဒေါ်မေဦးခိုင် | ပုသိမ် | အမှတ် (၁၃) | ၅၇-က | Q-၂၃ | ၀.၀၅၅ | မြေပေးမိန့် |
| ၈ | ဒေါ်ခင်နိုင်ဝင်း | ပုသိမ် | အမှတ် (၁၃) | ၅၇-က | Q-၁၂/၁၃ | ၀.၁၁၀ | မြေပေးမိန့် |

ဖော်ပြပါလျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၅)၊မြမေတ္တာလမ်း၊ မြေကွက်အမှတ်(၃၁၉/က)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ မြေချပါမစ်မြေကွက်နှင့် အဆောက်အအုံအား အမည်ပေါက် ဦးစိုးနိုင် ၁၂/သဃက(နိုင်) ၂၀၆၉၄၉ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်+အဆောက်အအုံနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမြင့်စိန် B.A(Law); LL.B** | **ဒေါ်ဝင်းပပဖြူ LL.B** |
| **(စဉ်- ၂၅၀၉)** | **(စဉ်-၁၅၁၆၂)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ် (၃၂)၊နှင်းဆီလမ်း၊ စီမံကိန်း(၁)၊ (၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း- ၀၉-၄၂၁၀၄၅၃၂၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၈-U9၊ မြေကွက်အမှတ်-၃၇၊ အကျယ်အဝန်း ၀ဒသမ၁၂၇ဧကရှိ နှစ် ၆၀ မြေငှားဂရန်မြေနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၈-U9၊ မြေကွက်အမှတ်-၃၈၊ အကျယ်အဝန်း ၀ဒသမ၁၂၇ဧကရှိ နှစ် ၆၀ မြေငှားဂရန်မြေတို့နှင့် ယင်းမြေအသီးသီးပေါ်ရှိ အကျိုးခံစားခွင့်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေတို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှု တစ်စုံတစ်ရာပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမျိုးမြင့်အောင်** | **ဦးအေးမင်းသူ** | **ဒေါ်လင်းလင်းကြည်** |
| **စဉ်-၂၅၁၆၅** | **စဉ်-၂၆၁၉၉** | **စဉ်-၄၆၃၂၈** |

**အထက်တန်းရှေ့နေများ**
**အမှတ်-၅၈/၆၀(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉-၄၂၅၂၈၈၆၅၁**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါကန့်သတ်ချက်များအားလုံးကို ၃၀-၉-၂၀၂၁ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၃၁-၈-၂၀၂၁ ရက်စွဲပါ ကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီး ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေး ဗီဇာအပါအဝင် မည်သည့်ပြည်ဝင်ဗီဇာအမျိုးအစားကို မဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါကြေညာချက်။

*စာမျက်နှာ ၉ ကော်လံ ၁* ❑




# မူဆယ် (၁၀၅) မိုင်တွင် ခုတင် ၁၀၀၀ ဆံ့ ကိုဗစ်-၁၉ ကုသရေးစင်တာ ဖွင့်လှစ်

**မူဆယ် အောက်တိုဘာ ၁**

မူဆယ်ခရိုင် မူဆယ်မြို့နယ် မူဆယ်( ၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့ပြည်သူ့အစိုးရမှ ပံ့ပိုးကူညီမှုဖြင့် ဆောက်လုပ်ခဲ့သော ခုတင် ၁၀၀၀ ဆံ့ ကိုဗစ်ရောဂါ ကုသရေးစင်တာ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် မွန်းလွဲ ၂နာရီခန့်က ကျင်းပသည်။

အခမ်းအနားတွင် ကိုဗစ် -၁၉ ရောဂါပြန့်ပွားမှု ထိန်းချုပ်ရေး (မူဆယ်) ခရိုင်အဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးနှင့် တရုတ်နိုင်ငံ တယ်ဟုန် ပြည်နယ်ခွဲဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ လျိုယီဖုန့်တို့က အမှာစကားပြောကြားသည်။

ထို့နောက် ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲ ရွှေလီ ပြည်သူ့အစိုးရကိုယ်စား နယူးစတားလိုက် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် စီမံကိန်း ဒါရိုက်တာအဖွဲ့ဝင် ဦးဝင်းနိုင်က ခုတင် ၁၀၀၀ ဆံ့ ကိုဗစ် ကုသရေး စင်တာနှင့် ပတ်သက်သည့်စာရွက်စာတမ်းများအား ကုန်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူး

*စာမျက်နှာ ၉ ကော်လံ ၁* ✻

## အောက်တိုဘာ ၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈၄၆ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၅၄ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၇၇၈၉ ဦးရှိ

**(၁-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ

*စာမျက်နှာ ၁၅ ကော်လံ ၁* ❖

## ယနေ့ သ တင်း အ ညွှန်း

**၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အခြေခံ၍ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၁ ရက်တွင်ရှိသော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းထုတ်ပြန်** ပြည်တွင်းသတင်း စာ - ၈

**မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင် ငွေကျပ် ၁၈ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)နှင့် ကတ်တမင်းများ ဖမ်းဆီးရမိ** ပြည်တွင်းသတင်း စာ - ၁၂